မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ချမ်းသာ၏

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။
သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။
ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို
မပြုခြင်းသည် ချမ်းသာ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၃)

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၇၉)

ဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေ့တွင် နိုင်ငံအဝန်းဘုရားစေတီများ၌ ကုသိုလ်ပြုသူများစည်ကား

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် နေပြည်တော်၌ ဥပ္ပါတသန္တိစေတီတော်ကြီးသို့ ညပိုင်းလာရောက်ဖူးမြော်ကြသူများနှင့် ဆင်ဖြူတော်ထားရှိရာ အဆောက်အအုံများတွင် ကြည့်ရှုလေ့လာသူများ စည်ကားနေသည့်မြင်ကွင်း (သတင်းစဉ်)

သတင်း - ရီရီမြင့်

ရန်ကုန် ဇူလိုင် ၈

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် ဂေါတမဘုရားလောင်း ပဋိသန္ဓေတည်သောနေ့၊ တောထွက်တော်မူသောနေ့၊ ဓမ္မစကြာ တရားစတင် ဟောတော်မူသောနေ့၊ ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာကို ပြတော်မူသောနေ့၊ တရားရတနာ စတင်ပေါ်သောနေ့၊ သံဃာရတနာ စတင်ပေါ်သောနေ့၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံသောနေ့၊ ဖော်ဘိက္ခုပဟူသောစကားကို စတင်ကြားရသောနေ့ စသည်တို့ဖြင့် ထူးခြားသည့် ဝါဆိုလပြည့်နေ့ဖြစ်သည်။

ဓမ္မစကြာတရားတော်ကို မြတ်စွာဘုရားသည် အိန္ဒိယနိုင်ငံ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ နေဝင်လထွက်အချိန်၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဟောကြားတော်မူခဲ့သည်။

ဓမ္မစက္ကပဝတ္တန၏ အဓိပ္ပာယ်မှာ တရားတည်းဟူသော အသိစက်ကိုဖြစ်စေ၊ လည်စေတော်မူခြင်းဟု အဓိပ္ပာယ်ရသည်။ ဓမ္မစကြာတရားတော်သည် သစ္စာလေးပါးတရားကို

စာမျက်နှာ ၄ ကော်လံ ၁ ❁

လှော်ကားကန်ရေဝေရေလဲရေယာဉ်ကျင်းပသည့် ပဉ္စမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်အားပေး

စာ » ၃

အကြမ်းဖက်မှုများတိုက်ဖျက်သွားရန် ဂျီ-၂၀ ခေါင်းဆောင်များသဘောတူ

စာ » ၁၀

အကျိုးရှိ၍ တွက်ခြေကိုက်မည့် နိုင်ငံပိုင်ဂြိုဟ်တုစနစ်ကို အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်နေ

စာ » ၁၁

ပထမအမျိုးသားအာမခံ

FNI
FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE
www.fnipublic.com

သောကကင်းဝေး စိတ်အေးစေနိုင် FNI

မော်တော်ယာဉ် အာမခံ
မီး အာမခံ
မြေငလျင် အာမခံ
လေမုန်တိုင်း အာမခံ
ရေကြီးရေလျှံ အာမခံ
ဖောက်ထွင်းခိုးယူမှု အာမခံ
ခရီးသွား အာမခံ
ကျန်းမာရေး အာမခံ
ကုန်စည်သယ်ယူပို့ဆောင်မှု အာမခံ
နှင့်
အခြားအာမခံများ

လျော်ကြေးနှင့် Survey ဝန်ဆောင်မှုများကို (၂၄)နာရီဝန်ဆောင်မှုပေးနေပါသည်။

ရန်ကုန်(ရုံးချုပ်) 01-8610661~5
ရန်ကုန်(မရမ်းကုန်းရုံးခွဲ) 01-9666163
မန္တလေး 02-2844525, 09-423687900
မော်လမြိုင် 057-26538, 09-442258990~1
မုံရွာ 071-26281, 09-442258992~3
ပြည် 053-24220, 09-442258994~5

မြန်မာ့အလင်း

မူဝါဒအသေးစိတ်အချက်အလက်တို့နှင့် နိုးကြားတက်ကြွမှု

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ဆက်စပ်နေသော ကိစ္စရပ်များ ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှသာ တိုင်းပြည်စီးပွားရေးအမှန်တကယ် ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များစွာရှိသည့်အနက် တောင်သူလယ်သမားများ လိုအပ်နေသော ချေးငွေထုတ်ပေးနိုင်ရေးသည် အရေးကြီးသောအခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။

အဆိုပါအရေးကြီးသော အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ပူးပေါင်း၍ မြန်မာငွေကျပ် ၁၉၄၄၈၂ သန်း ထုတ်ချေးမည်ဟူသောသတင်းသည် ကြိုဆိုရမည့် မင်္ဂလာသတင်းဖြစ်ပါသည်။ အဆိုပါချေးငွေတို့အား နှစ်ဆင့်ချေးငွေစနစ်ဖြင့် တောင်သူလယ်သမားတို့ကို ထုတ်ချေးမည်ဟုသိရှိရပါသည်။ ဤကဲ့သို့ ထုတ်ချေးရာ၌ တောင်သူလယ်သမားတို့အတွက် မဖြစ်မနေ လိုအပ်လျက်ရှိသော လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရေးနှင့် လယ်ယာအခြေခံစီးပွားရေးလုပ်ငန်းတို့ ပေါ်ပေါက်ရေးတို့အတွက် ထုတ်ချေးမည်ဟု သိရှိရပါသည်။ ထုတ်ချေးရာ၌လည်း တောင်သူလယ်သမားတစ်ဦးချင်းအတွက် ထုတ်ချေးမည်ဖြစ်သကဲ့သို့ အဖွဲ့လိုက်အတွက်လည်း ထုတ်ချေးမည်ဟုသိရှိရပါသည်။ တောင်သူလယ်သမားတို့အတွက် ဝမ်းမြောက်ဖွယ်ရာဖြစ်သည့် ဤသို့သော ချေးငွေထုတ်ပေးမှုများနှင့်ပတ်သက်၍ မည်ကဲ့သို့သောမူဝါဒတို့ဖြင့် ထုတ်ပေးမည်ကို အသေးစိတ်သိရှိရပါက တောင်သူလယ်သမားတို့အတွက် ပိုမိုစိတ်အားတက်ကြွဖွယ်ရာဖြစ်မည်ဟု ယူဆမိပါသည်။

တောင်သူလယ်သမားတို့အတွက် မဖြစ်မနေ လိုအပ်လျက်ရှိသော လယ်ယာသုံးစက်ကိရိယာတို့ဝယ်ယူရေးအတွက် ချေးငွေထုတ်ပေးမည်ဟူသော အချက်သည်တိုင်းပြည်လယ်ယာကဏ္ဍ၏ ပကတိလိုအပ်ချက်ကို ထင်ဟပ်လျက်ရှိသည်ဟု သုံးသပ်ရှုမြင်မိပါသည်။ ဥပမာအနေဖြင့် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ နှမ်းစိုက်တောင်သူများ ရင်ဆိုင်ရလျက်ရှိသော အခက်အခဲတို့ကို တင်ပြလိုပါသည်။ ပြီးခဲ့သောနှစ်၌ နှမ်းစိုက်တောင်သူတို့သည် တောင်ယာလုပ်သားတစ်ဦးအတွက် နေ့စားခငွေကျပ် ၃၅၀၀ သုံးစွဲခဲ့ရသော်လည်း ယခုနှစ်၌ နေ့စားခငွေကျပ် ၅၀၀၀ အထိ တိုးမြှင့်သုံးစွဲခဲ့ရသည်ဟု သိရှိရပါသည်။ ဤကဲ့သို့ တိုးမြှင့်သုံးစွဲခဲ့ရခြင်း၏ အခြေခံအကြောင်းရင်းသည် တောင်ယာလုပ်သားတို့ ရှားပါးလျက်ရှိသောကြောင့် ဖြစ်ပါသည်။ နှမ်းစိုက်တောင်သူတို့က လယ်ယာသုံးစက်ကိရိယာတို့ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာနိုင်ပါက တောင်ယာလုပ်သားရှားပါးလာမှုပြဿနာကို အတိုင်းအတာတစ်ခုအထိ ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်ပါသည်။

လူထုအစိုးရသစ်က လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခြေလှမ်းသစ်များစွာ လှမ်းလာသည်ကို သတိပြုမိပါသည်။ ဤကဲ့သို့သော ခြေလှမ်းသစ်တို့အတွက် ဝမ်းမြောက်ကြိုဆိုကြောင်း ဖော်ပြလိုသကဲ့သို့ ခြေလှမ်းသစ်တို့၏ မူဝါဒအသေးစိတ်အချက်တို့ကို တောင်သူလယ်သမားများအပါအဝင် ပြည်သူလူထုအား သက်ဆိုင်ရာအာဏာပိုင်တို့က ယခုထက် ပိုမိုကျယ်ကျယ်ပြန့်ပြန့် အသိပေးချပြမှုများ ပြုလုပ်ပေးပါရန် အကြံပြုတိုက်တွန်းအပ်ပါသည်။ သို့မှသာ တောင်သူလယ်သမားများအပါအဝင် ပြည်သူလူထုအတွင်း စိတ်အားနိုးကြားတက်ကြွမှုများဖြစ်ပေါ်လာပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း လေးစားစွာ ထပ်ဆင့်အကြံပြုတိုက်တွန်းအပ်ပါသည်။ ။

လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် ဇူလိုင် ၈

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

(မိုး/ဇလ)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ထိုင်းအလုပ်သမားဝန်ကြီးဌာနဝန်ကြီးနှင့်တွေ့ဆုံ

မြန်မာရွှေ့ပြောင်းအလုပ်သမားများ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာမှု အခြေအနေဆွေးနွေး

နေပြည်တော် ဇူလိုင် ၈

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး Gen. Sirichai Distakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယမန်နေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ (အောက်ပုံ)

တွေ့ဆုံစဉ် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ဖမ်းဆီးခံရ၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာမှု အခြေအနေများ၊ ထိုင်းနိုင်ငံ၏ နိုင်ငံခြားသား အလုပ်သမားစီမံခန့်ခွဲမှုဥပဒေပါ အချက်အလက်များနှင့် ပတ်သက်၍ ဆောင်ရွက်နေမှု အခြေအနေများ၊ ထိုင်းနိုင်ငံဘက်မှ ယခုလက်ရှိဆိုင်းငံ့ကာလ ခြောက်လအတွင်း ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများ၊ အလုပ်သမားများနှင့်ပတ်သက်သည့် အထောက်အထား မရှိသူများ၊ အထောက်အထားရှိပြီး သက်တမ်းလွန်နေသူများ၊ (Certificate of Identity)-CI စာအုပ်ရှိပြီး Work Permit မရှိသူများနှင့် အလုပ်ရှင်၊ လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းနေရာ လွဲနေသူများအတွက် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၇ ရက်အထိ ထိုင်းနိုင်ငံတွင် စာရင်းကောက်ယူရေးစင်တာများ ဖွင့်လှစ်၍ စာရင်းကောက်ယူပြီး စိစစ်၍ အထောက်အထားထုတ်ပေးမည့် အစီအစဉ်များ၊ မြန်မာနိုင်ငံသို့ အထောက်အထားရှိပြီး ပြန်လည်ဝင်ရောက်သည့် အလုပ်သမားများအနက်မှ အလုပ်သမားနှင့် အလုပ်ရှင်ဆန္ဒအရ အလုပ်ပြန်လည်လုပ်ကိုင်လိုသူများအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးမည့် အခြေအနေများ၊ MoU စနစ်ဖြင့် Government to Government ပူးပေါင်းပြီး ရေလုပ်သားပို့ဆောင်မည့် အစီအစဉ်များ၊ Visa နှင့် Work Permit ဆက်လက်ထုတ်ပေးမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် မြန်မာနိုင်ငံဘက်မှ စာရင်းကောက်ယူရရှိသည့် လုပ်သားအင်အား အခြေအနေပေါ်မူတည်၍ (Certificate of Identity)-CI စခန်းများ ဆက်လက်တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာအလုပ်သမားများနှင့်ပတ်သက်၍ ထိုင်းလူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့် ရက်ပေါင်း ၉၀ အတွင်း အလုပ်သမားကိုယ်တိုင်သက် တမ်းတိုးရမှုကြောင့် အခက်အခဲများဖြစ်ပေါ်သည့် အခြေအနေများ၊ ဆိုင်းငံ့ကာလ ခြောက်လအတွင်း နှစ်နိုင်ငံတာဝန်ရှိသူများမှ ယခုထက်ပိုမိုနီးကပ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်မှ မီးဘေးသင့်အိမ်ထောင်စုဝင်များအား မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပစ္စည်းများထောက်ပံ့လှူဒါန်း

မန္တလေး ဇူလိုင် ၈

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်မှ ဇူလိုင် ၆ ရက်က မီးဘေးသင့်ခဲ့သော အိမ်ထောင်စု ၄၀ လူဦးရေ ၂၀၄ ဦးတို့အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲကို ယနေ့ ညနေ ၄ နာရီက အဆိုပါ ထွန်းတုံးဘုန်းကြီးကျောင်းရှိ ယာယီကယ်ဆယ်ရေးစခန်း၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲကို မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ကျော်၊ တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့တိုင်းတပ်ဖွဲ့မှူး ဦးဘုန်းကျော်၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဖြိုးဝေသက်၊ ခရိုင်ကြက်ခြေနီအဖွဲ့ တပ်ဖွဲ့မှူး ဦးဝင်းလွင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ချမ်းမြသာစည်မြို့နယ် ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့မှူး ဦးမြင့်သိန်းနှင့် တပ်ဖွဲ့ဝင်များနှင့် မီးဘေးသင့်အိမ်ခြေ ၃၅ အိမ်မှ အိမ်ထောင်စု ၄၀ ရှိ အမျိုးသား ၉၆ ဦး၊ အမျိုးသမီး ၁၀၈ ဦး စုစုပေါင်း ၂၀၄ ဦးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ကျော်၊ တိုင်းတပ်ဖွဲ့မှူး ဦးဘုန်းကျော်နှင့် တာဝန်ရှိသူများက မီးဘေးသင့်အိမ်ထောင်စုတစ်စုစီကို ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ Family Kitset နှင့် Hygiene Kit တို့ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၈-၇-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၉၂၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၄၀၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၉၃၀၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၆၅၀/၆၇၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၂	၆၅၀/၆၇၅ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၅	၇၀၅/၇၂၀ ကျပ်	(လက်လီဈေး)
ပရီမီယံဒီဇယ်	၆၇၀/၆၉၅ ကျပ်	(လက်လီဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၆၂ . ၀
ဥရောပ	တစ်ယူရို	၁၅၅၉ . ၀
စင်ကာပူ	တစ်ဒေါ်လာ	၉၈၅ . ၇၄
ထိုင်းဘတ်	တစ်ဘတ်	၄၀ . ၀၄
အိန္ဒိယ	တစ်ရူပီး	၂၁ . ၀၀
တရုတ်	တစ်ယွမ်	၂၀၀ . ၂၇
မလေးရှား	တစ်ရင်းဂစ်	၃၁၆ . ၈၅

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်းမှူး	-	မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ	-	မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၃၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ညီညွတ်ရေးအတွက် ဆတက်ထမ်းပိုး တိုးပြီးလုပ်ကြ

ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့သူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့မလိုဘူး။ သို့သော်လည်းပဲ ဗမာပြည်ရဲ့လွတ်လပ်ရေး၊ တိုင်းသူပြည်သားညီညွတ်ရေးအတွက် ယခုထက် ပိုပြီး ဆတက်ထမ်းပိုး တိုးပြီးလုပ်ကြဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးတွင် ပြောကြားခဲ့သောမိန့်ခွန်းမှ ကောက်နုတ်ချက်)

လှော်ကားကန်ရေဝေရေလဲရေိယာ၌ ကျင်းပသည့် ပဉ္စမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်အားပေး

ရန်ကုန် ဇူလိုင် ၈

ဒုတိယသမ္မတဦးမြင့်ဆွေသည် ယနေ့ နံနက်၉နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လှော်ကားကန် ရေဝေရေလဲဧရိယာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် AEON Environmental Foundation တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၇ခုနှစ် ပဉ္စမအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးသည်။

တက်ရောက်

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်း အနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးကြီး အောင်စိုးမိုး၊ ဦးဟံထွန်း၊ ရန်ကုန် မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံမှူးကြီး Mr. Ichiro Maruyama၊ AEON Environmental Foundation မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် AEON Co., Ltd ဥက္ကဋ္ဌ Mr. Motoya Okada က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက မိုးရာသီသစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှသံမှူးကြီး Mr. Ichiro Maruyama က ကျေးဇူးတင်စကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက သတ်မှတ်ထားသော နေရာအသီးသီး၌ ရတနာတန်းဝင် ကျွန်းပင်များကို စိုက်ပျိုးပေးပြီး ဂျပန်နိုင်ငံ မှ ၅၅၀၊ မြန်မာနိုင်ငံမှ ၆၅၀ စုစုပေါင်း ၁၂၀၀ တို့၏ ပျိုးပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ မန်ကျည်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ စသည့် ပျိုးပင်ပေါင်း ၁၃၀၀၀ ကျော်ကို လှော်ကားကန် ရေဝေရေလဲဧရိယာ အတွင်းရှိ ဧက ၂၀ တွင် စိုက်ပျိုးခဲ့သည်။

အပင်မျိုးစုံ ၄၇၀၀၀ စိုက်ပျိုးပြီးဖြစ်

ဂျပန်နိုင်ငံ AEON Co.,Ltd အနေဖြင့် မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှစတင်ပြီး နှစ်စဉ် ပျိုးပင်များစိုက်ပျိုးခဲ့ရာ ယခုနှစ်သည် ငါးကြိမ်မြောက်ဖြစ်ပြီး အပင်မျိုးစုံ စုစုပေါင်း ၄၇၀၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒုတိယသမ္မတဦးမြင့်ဆွေ လှော်ကားကန် ရေဝေရေလဲဧရိယာ၌ကျင်းပသော ပဉ္စမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ် (သတင်းစဉ်)

ဂျပန်နိုင်ငံ AEON Co.,Ltd အနေဖြင့် မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှ စတင်ပြီး နှစ်စဉ် ပျိုးပင်များစိုက်ပျိုးခဲ့ရာ ယခုနှစ်သည် ငါးကြိမ်မြောက်ဖြစ်ပြီး အပင်မျိုးစုံ စုစုပေါင်း ၄၇၀၀၀ စိုက်ပျိုးပြီးဖြစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ၂၀၁၇ ခုနှစ် (၁၂)ကြိမ်မြောက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်အတွင်းရှိ သံဝေဇနိယလေးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကျွန်းပင်ကို သတ်မှတ်နေရာတွင် စိုက်ပျိုးပေးသည်။

ထို့နောက် ခေတ္တအမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ သာသနာ တော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က သတ်မှတ်နေရာအသီးသီးတွင် ကျွန်းပင်များအား စိုက်ပျိုးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန ၂၀၁၇ ခုနှစ် (၁၂)ကြိမ်မြောက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်းပင် ၂၀၀၊ ပျဉ်းကတိုးပင် ၂၀၀၊ ပျဉ်းမပင် ၁၀၀၊ မဟော်ဂနီ ၁၇၅ ပင်၊ ပိတောက်ပင် ၁၅၀၊ မဲဇလီပင် ၁၅၀ စုစုပေါင်း ၉၇၅ ပင် စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၈

လယ်ယာမြေအပေါ် အခြားနည်းအသုံးပြုခွင့်ရယူထားပြီး သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိလျှင် ဥပဒေနှင့်အညီ ပယ်ဖျက်သွားရန် လိုအပ်ကြောင်း ဇူလိုင် ၇ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

“ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် နိုင်ငံတော်၏ အဓိက စားသုံးသီးနှံဖြစ်သည့် ဆန်စပါးဖူလုံမှုကို ထိခိုက်မှုမရှိစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လယ်မြေတွင် အခြားသီးနှံပြောင်းလဲစိုက်ပျိုးရန် ခွင့်ပြုနိုင်သည်”ဟူသော ပြဋ္ဌာန်းချက်သည် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးအတွက် အရေးကြီးသည့် အချက်ဖြစ်သလို တောင်သူလယ်သမားများအတွက် ဝင်ငွေတိုးပွားပြီး ဘဝလုံခြုံမှုကိုဖြစ်စေသည့်အတွက် အထူးဂရုပြုရန် လိုအပ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးတွင် ပြောကြားသည်။

ဆဋ္ဌမအကြိမ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ တက်ရောက်ကြပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အစည်းအဝေး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်က ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းလိုအပ်ချက်အရ အသုံးပြုခဲ့ရသော လယ်ယာမြေများအတွက် နစ်နာကြေး လျော်ကြေးပေးချေရန် ကိစ္စရပ်များကို လည်းကောင်း၊ လက်ရှိအစိုးရကာလအတွင်း တိုင်း ဒေသကြီးနှင့် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ လယ်ယာမြေအပေါ် အခြားနည်းအသုံးပြုခွင့်ဆိုင်ရာ စိစစ်ထောက်ခံတင်ပြလာသည့် ကိစ္စရပ်များကို လည်းကောင်း၊ လယ်ယာမြေအပေါ် အခြားနည်းအသုံးပြုခွင့်ရယူထားပြီး သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသော လုပ်ငန်းများ အား အရေးယူဆောင်ရွက်ရန် ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

❀ ရှေ့စာမျက်နှာမှ

ညွှန်းဆိုဟောကြားသောဒေသနာဖြစ်၍ ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်တရားဟု ဆိုထိုက်သည်။ ဓမ္မစကြာတရားတော်၏ လမ်းစဉ်မှာ အစွန်းနှစ်ခုကို ရှောင်ကြဉ်ရေး၊ မဇ္ဈိမပဋိပဒါ အလယ် အလတ် လမ်းစဉ်မှန်ကို ကျင့်သုံးရေးတို့ကို ညွှန်ကြားထားပြီး သစ္စာလေးပါးတရားကို သိမြင်စေရန် ဟောကြားထားသောကြောင့် ဗုဒ္ဓဝါဒ၏ တိကျခိုင်မာသောသဘောတရားကို တွေ့မြင်နိုင်သည်။

ဤကဲ့သို့ အနှစ်သာရပါရှိသောတရားဖြစ်၍ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့က ဓမ္မစကြာတရားတော်ကို အထူးပင်အာရုံစိုက်၍ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ အမြို့မြို့ အရွာရွာ၌လည်း ဓမ္မစကြာအသင်းများ ဖွဲ့စည်းပြီး ပြန့်ပွားအောင်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ဝါဆိုလပြည့်နေ့၌ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့သည် ကျောင်းကန်ဘုရားသို့ သွားရောက်၍ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်း၊ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြခြင်းတို့နှင့် ဒါန၊ သီလ၊ ဘာဝနာတရားများကို ကျင့်ကြံပွားများအားထုတ်ကြခြင်းဖြင့် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ကို ကျင်းပကြသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၅ နာရီမှစတင်၍ စေတီတော်ရင်ပြင် သတ်မှတ်နေရာတို့၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့က ဦးဆောင်၍ စေတီတော်ရင်ပြင် တောင်ဘက်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ မြတ်စွာဘုရားအားရည်မှန်း၍ စေတီတော်မြတ်အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို ကျင်းပသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ရင်ပြင်တော် တစ်ပတ်လှည့်လည်ပူဇော်ပြီး စေတီတော်ရင်ပြင်တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဝါဆိုရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဓမ္မစကြာဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်ဋ္ဌေးက ဆုချီးမြှင့်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဆုရရှိကြသော ဓမ္မစကြာဝတ်အသင်းများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

စေတီတော် ရောင်တော်ဖွင့် တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပရိသတ်များက ဝါတွင်းသီလခံယူဆောက်တည်ကြပြီး ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ရန်ကုန်ရွှေတိဂုံစေတီတော်၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိစဉ် ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

ရွှေတိဂုံစေတီတော်၌ ဝါတွင်းသုံးလ ဥပုသ်နေ့နံနက်တိုင်း ရင်ပြင်တော်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ စေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများက ဝါတွင်းသီလပေး တရားတော်များ ချီးမြှင့်ကြမည်ဖြစ်ရာ ဥပုသ်သီတင်း သီလဆောက်တည်လိုသူများ၊ ဘုရားဖူးလာပြည်သူများ လာရောက်ကြည်ညို၍ သီလခံယူဆောက်တည်နိုင်ကြောင်း သိရသည်။

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၇၉ ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် စေတီတော်ရှိ အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပရာ ဝတ်အသင်း ၂၀ သင်းမှ အသင်းသူအသင်းသားများက ဓမ္မစကြာတရားတော် ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် ဂေါပကအဖွဲ့၊ ဝတ်အသင်းသူအသင်းသားများ၊ ဘုရားဖူးလာပြည်သူများက စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ဗုဒ္ဓရုပ်ပွားတော် ခုနစ်ဆူ၌ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၇၉ ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို နံနက်ပိုင်းမှစတင် ကျင်းပရာ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း တွေ့ရသည်။

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ကကြီးမှူး၍ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့နှင့် အကြိမ် ၆၀ မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီကကျင်းပရာ ဆရာတော်ထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြခြင်း၊ မွန်းလွဲ ၁ နာရီတွင် ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်ခြင်း၊ ညနေ ၃ နာရီတွင် ဂေါပကအဖွဲ့နှင့် ပြည်သူများက ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ကြသည်။

ဆူးလေစေတီတော်၌ ဂေါပကအဖွဲ့ကကြီးမှူး၍ စေတီတော်ကို လက်ယာရစ်သုံးပတ် ပတ်ကာ မုခ်လေးမုခ်ရှိ ပွင့်ပြီးသော ဘုရားလေးဆူနှင့် အတုလမာန်အောင် မြတ်စွာဘုရားတို့အား ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး အဂ္ဂိထောင့်ရှိ ကျက်သရေဆောင်ခန်းမ၌ နံနက် ၇ နာရီမှ ၁၀ နာရီအထိ သီလပေးတရားချီးမြှင့်၍ မွန်းလွဲ ၁ နာရီတွင် အနောက်ဘက်မုခ်ကြာသပတေးထောင့်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ ဩဝါဒါစရိယဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ချီးမြှင့်ကြသည်။

စေတီတော်ဂေါပကအဖွဲ့နှင့် ဝတ်အသင်းအဖွဲ့များက လပြည့်နေ့မတိုင်မီ တစ်ရက်မှစ၍ လပြည့်ကျော်တစ်ရက်အထိ သုံးရက်တိုင်တိုင် စေတီတော်ကို သစ်သီးဆွမ်းတော်ကြီးများ ကပ်လှူပူဇော်ပြီး ညနေပိုင်းတွင် မြောက်ဘက်မုခ်အာရုံခံတန်ဆောင်း၌ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

အလားတူ ရန်ကုန်မြို့ရှိ တန်ခိုးကြီး ဘုရားများ၌လည်း ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့၌ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာပွားများကြသူများ၊ ဥပုသ်သီတင်းဆောက်တည်ကြသူများ စသည့်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိကြောင်း တွေ့ရသည်။

ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် အသံမစဲမဟာပဋ္ဌာန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၈

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ နဝမအကြိမ် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနားနှင့် (၉၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉နာရီ ၄၅ မိနစ်တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော် အရှေ့ဘက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် အဘိဓဇ မဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကဝိသာရနှင့် သံဃာတော်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ ဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ကြွရောက်လာကြသည့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များမှ မေတ္တာသုတ် ပရိတ်တော်တရားတော်များ ရွတ်ပွားတော်မူသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သူရဦးမြင့်မောင်နှင့် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ နေပြည်တော်ကောင်စီနယ်မြေဝတ်အသင်းများ၊ တပ်နယ်ဝတ်အသင်းများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ တက်ရောက်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များထံသို့ တက်ရောက်လာသော အကြီးအကဲများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် နေပြည်တော် ပျဉ်းမနားမြို့မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘဒ္ဒန္တကဝိသာရမှ အနုမောဒနာတရားဟောကြား၍ ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး ကြွရောက်လာကြသော သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာ ဝါတွင်းကာလသို့ စတင်ဝင်ရောက်သည့် ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်)နေ့ ဖြစ်သည်။ ဝါဆိုလပြည့်နေ့၏ ထူးခြားချက်မှာ ဂေါတမမြတ်စွာဘုရားအလောင်းတော် ပဋိသန္ဓေယူသောနေ့ဖြစ်ခြင်း၊ ဂေါတမဘုရားလောင်းတောထွက်တော်မူသောနေ့ဖြစ်ခြင်း၊ ဂေါတမဘုရားလောင်း ဓမ္မစကြာတရားဦး စတင်ဟောတော်မူသောနေ့ဖြစ်ခြင်း၊ ရေမီးအစုံစုံတန်ခိုးပြာဋိဟာပြတော်မူသော နေ့ဖြစ်ခြင်း၊ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့ဖြစ်ခြင်း၊ တရားရတနာစတင်ပေါ်ပေါက်သောနေ့ဖြစ်ခြင်း စသော ထူးခြားချက်များကြောင့် ဗုဒ္ဓဘာသာဝင်များအဖို့ နေ့ထူးနေ့မြတ်အဖြစ် ခံယူထားသောနေ့ဖြစ်သည်။

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ကြီး၌ နဝမအကြိမ် ဝါဆိုရွှေကြာ သင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားနှင့် (၉၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပွဲ မင်္ဂလာအခမ်းအနား ကျင်းပစဉ်

နေ့ထူးနေ့မြတ်အဖြစ် ခံယူထားသည်နှင့်အညီ ဤနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဓာတုဇယဓာတ်ပေါင်းစုစေတီတော်၊ နေပြည်တော် ဗုဒ္ဓဂယာသံဝေဇနီယလေးဌာန၊ မဟာသကျရံသီရုပ်ရှင်တော်မြတ် ရုပ်တော်မူဘုရား၊ ပျဉ်းမနားမြို့ရှိ ကိုးနဝင်း ဆုတောင်းပြည့်စေတီ၊ ရန်အောင်မြင်ရွှေလက်လှစေတီ၊ စူဠာမဏိစေတီ၊ လယ်ဝေးမြို့ရှိ ဖောင်တော်ချက်မစေတီ၊ ရွှေရင်မျှော်စေတီ စသည့် တန်ခိုးကြီးဘုရားစေတီများနှင့် မြို့ပေါ်ရပ်ကွက်ရှိ ဘုရားစေတီပုထိုးများတွင် ဥပုသ်သီလ ဆောက်တည်ကြသူ၊ တရားဘာဝနာ ပွားများကြသူများ၊ ကုသိုလ်ပြုကြသူများနှင့် ဘုရားဖူးပြည်သူများနှင့် အထူးစည်ကားလျက်ရှိသည်။

ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဝတ်ရွတ်ပူဇော်ပွဲနှင့် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ဆက်လက်ကျင်းပကြသည်။

(သတင်းစဉ်)

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် မန္တလေးတန်ခိုးကြီးဘုရားများ၌ ကုသိုလ်ပြုသူများစည်ကား

မန္တလေး ဇူလိုင် ၈

မန္တလေးမြို့၏ အထင်ကရမဟာမြတ်မုနိရုပ်ရှင်တော်မြတ်နှင့် မန္တလေးမြို့အနီးဝန်းကျင်ရှိ တန်ခိုးကြီးဘုရားပုထိုးစေတီတော်များ၌ ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူပြည်သူအပေါင်းတို့သည် ယနေ့နံနက် အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲ၊ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်းကပ်လှူပူဇော်ပွဲများ၊ ရှင်ပြုအလှူပွဲတော် မင်္ဂလာစသည့် ကုသိုလ်ကောင်းမှုတို့ကို အေးချမ်းပျော်ရွှင်စွာ ဆင်ယင်ကျင်းပလျက်ရှိသည်ကို အထူးစည်ကားစွာ တွေ့ရသည်။ **(အောက်ဝဲပုံ)**

ဝါဆိုလပြည့်နေ့ ယနေ့နံနက် ၄ နာရီတွင် မန္တလေးမြို့မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌအား အမှူးပြု၍ မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ရေချမ်းကပ်လှူပူဇော်ကြပြီး ဗုဒ္ဓဘာသာဝင်သူတော်စင်၊ ရဟန်းရှင်လူပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်း၊ ရွှေကြာသင်္ကန်းကပ်လှူခြင်း၊ ဆွမ်းရေချမ်းပန်းကပ်လှူခြင်း၊ ဖယောင်းဆီမီးပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ငါးများလွှတ်ခြင်း၊ တရားဘာဝနာအားထုတ်ကြသူများ၊အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် တိုးမပေါက်အောင် အထူးစည်ကားလှသည်။

ထို့အပြင် အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောကရန်နိုမ်အောင်တော်မူ မြတ်စွာဘုရား၊ မန္တလေးတောင် ကျောက်တော်ကြီးဘုရား ကုသိုလ်တော် စန္ဒာမုနိဘုရား၊ အတုမရှိရွှေကျောင်းတော်ကြီး စွယ်တော်မြတ်စေတီတော်တို့တွင် ဥပုသ်သီတင်းသီလ စောင့်ထိန်းကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလှသည်။

တင်မောင် (မန်းကိုယ်ပွား)

လွှတ်တော်ရုံးအသီးသီး၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၈

လွှတ်တော်ရုံးအသီးသီး၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ညှော်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ခဲ့ပြီး မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် လွှတ်တော်ရုံးများမှ ဝန်ထမ်းမိသားစုများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ဆရာတော်ထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)

အိန္ဒိယနိုင်ငံ ဂယာမြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်း၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဝါဆိုသင်္ကန်းဆက်ကပ်

နေပြည်တော် ဇူလိုင် ၈

အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ) ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌ Admiral Sunil Lanba ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ ဒေသစံတော်ချိန် ည ၇နာရီခွဲတွင် Officer Training Academy (OTA) ၌ အိန္ဒိယတပ်မတော်ကြည်းတပ် ဦးစီးချုပ် Gen. Bipin Rawat က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် Officer Training Academy (OTA) ကပွဲခန်းမ၌ အိန္ဒိယရိုးရာ အဆို၊ အက၊ အတီး ဖျော်ဖြေတင်ဆက်မှုများနှင့် Officer Training Academy (OTA) စစ်တီးဝိုင်းအဖွဲ့၏ တီးခတ်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မဟာဗောဓိစေတီတော်အား လည်းကောင်း၊ ဗုဒ္ဓဂယာဥယျာဉ်တော်အား လည်းကောင်း သွားရောက်ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဂယာမြို့အတွင်းရှိ မြန်မာဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိ၍ ကျောင်းထိုင်ဆရာတော်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ဝါဆိုသင်္ကန်း၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တပ်မတော်အရာရှိကြီးများက ဂယာမြို့၌ သီတင်းသုံးနေကြသော သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တိုင်းရင်းသားကျေးရွာများအရောက် လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့်အတူ ယမန်နေ့ ညနေပိုင်းတွင် စစ်တွေမြို့ဆေးသမားကြီး ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး စခန်းတာဝန်ခံများ၊ စခန်းတွင်နေထိုင်သူများနှင့်တွေ့ဆုံပြီး အမျိုးသမီးများနှင့် ကလေးများအတွက် အဝတ်အထည်များ၊ စားစရာများနှင့် ကစားစရာအရုပ်များပေးအပ်သည်။

ထို့နောက် ဆပ်ရိုးကျကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး ဆပ်ရိုးကျကွက်သစ်တည်ဆောက်ထားမှု၊ လိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားရရှိရေး၊ နေအိမ်သုံးမီတာပုံးများ တပ်ဆင်ပေးရေးတို့ကို ထောက်ပံ့မှုပေးရေးညှိနှိုင်းဆောင်ရွက်ပေးပြီး အမျိုးသမီးများနှင့် ကလေးများအတွက် အဝတ်အထည်များ၊ စားစရာများနှင့် ကစားစရာအရုပ်များ ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ဘိုးဘွားရိပ်သာသို့ရောက်ရှိပြီး အဘိုး ရှစ်ဦး၊ အဘွား ၂၈ ဦးတို့အားငွေနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းပေးအပ်သည်။

ထို့နောက် မြောက်ဦးမြို့နယ် တိန်ညိုကျေးရွာနှင့် ပေါက်တောပြင်ကျေးရွာသို့လည်းကောင်း၊ ညနေပိုင်းတွင် မင်းပြားမြို့နယ် နရမ်းကျေးရွာနှင့် ခေါင်းလောင်းရွာသစ်ကျေးရွာများသို့ လည်းကောင်း ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံကာ ဒေသခံတိုင်းရင်းသားများ၏ လိုအပ်ချက်များ ဆွေးနွေးတင်ပြမှုအပေါ် ချက်ချင်းဆောင်ရွက်ပေးနိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် တိန်ညိုကျေးရွာ အမကကျောင်းအတွက် အိမ်သာနှစ်လုံးဆောက်လုပ်ရန် ငွေကျပ် ၂၄ သိန်း၊ ဘုန်းကြီးကျောင်းအတွင်း လမ်းကွန်ကရစ်ခင်းရန်ငွေကျပ် ငါးသိန်း၊ ပေါက်တောပြင်ကျေးရွာ အထက(ခွဲ) ကျောင်းအတွက် အိမ်သာနှစ်လုံး ဆောက်လုပ်ရန် ငွေကျပ် ၂၄ သိန်း၊ စာသင်ခုံများပြုလုပ်ရန် ငွေကျပ်ကိုးသိန်း၊ ခေါင်းလောင်းရွာသစ်ကျေးရွာ သောက်သုံးရေကန်ခြံစည်းရိုးကာရန် ငွေကျပ် ၂၅ သိန်း၊ ကျောင်းအိမ်သာတစ်လုံး ဆောက်လုပ်ရန် ငွေကျပ် ၁၂ သိန်းတို့ကို ထောက်ပံ့ခဲ့သည်။

ထို့အပြင် ငွေကျပ် ၁၈၈ သိန်းကျော်တန်ဖိုးရှိ အမျိုးသမီးဝတ်၊ ကလေးဝတ်၊ မိုးကာအင်္ကျီ ကျောင်းဝတ်စုံ၊ အနွေးထည်များကိုလည်း ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✪ *ကျောဖုံးမှ*

ဆဋ္ဌမမြောက်နေ့အဖြစ် ကျင်းပရာ လူသစ်တန်း ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲ၌ ပထမအချီ ၂ မိနစ်တွင် အောင်သူ(မွန်)က ထွန်းစစ်နိုင်(ရန်ကုန်)ကို အလဲထိုးဖြင့်အနိုင်ယူပြီး ဇော်သန်း(ကရင်)က မိုးကျော်ကျော်(တနင်္သာရီ)ကို တတိယအချီ ၁ မိနစ် ၄၁ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ လူသစ်တန်း ၆၇ ကီလိုပြိုင်ပွဲ၌ မျိုးသိန်း(ရန်ကုန်)က ဒုတိယအချီ ၅၁ စက္ကန့်တွင် စောကျော်မင်းသက်(ပဲခူး)ကို အလဲထိုးဖြင့်အနိုင်ယူခဲ့ပြီး ထက်လွင်အောင်(ရှမ်း)နှင့် မျိုးမင်းထွန်း (ကချင်) ပွဲတွင် ထက်လွင်အောင် လာရောက်ယှဉ်ပြိုင်ခြင်းမရှိသဖြင့် မျိုးမင်းထွန်း အနိုင်ရကာနောက်တစ်ဆင့်သို့တက်လှမ်းသွားပြီဖြစ်သည်။

(ဂ) အဆင့် ၆၀ ကီလိုတန်းပြိုင်ပွဲတွင် စောညို(ရှမ်း)က ထွန်းထွန်းဝင်း (မကွေး)ကို ပထမအချီ ၁၂ စက္ကန့်မှာပင် အလဲထိုးဖြင့်နိုင်ပြီး ကျော်ရဲအောင်(မွန်)နှင့် ရဲသွေးအောင်(ခ) ရှမ်းမောင်မောင် (ကရင်)တို့ပွဲတွင် ကျော်ရဲအောင် ကျန်းမာရေးအခြေအနေတစ်ရပ်ကြောင့် လာရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိ၍ ရဲသွေးအောင်(ကရင်) အနိုင်ရရှိသွားသည်။ ဆက်လက်ပြီး (ခ) အဆင့် ၅၁ ကီလိုတန်းပြိုင်ပွဲတွင် စိုးမိုးအောင်(ခ) သိုးထိန်း (ပဲခူး)က စောစေးဝါး(ကရင်)ကိုအမှတ်ဖြင့် အနိုင်ရပြီး ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲ၌ ဇမ္ဗူထွန်း (ကချင်)က တတိယအချီ ၂ မိနစ် ဝ၅ စက္ကန့်တွင် စောလင်းဂျာ (ပဲခူး)ကိုအလဲထိုးဖြင့်အနိုင်ယူပြီး ရာအူးဖလုံ(ခ) ဒွေးတင်(ကရင်)နှင့် ကိုကိုချစ်(မွန်)တို့ပွဲတွင် ပထမအချီ ၅၁ စက္ကန့်မှာပင် ဒွေးတင်အလဲထိုးဖြင့် အနိုင်ရခဲ့ကာ နောက်တစ်ဆင့်သို့ တက်လှမ်းသွားသည်။ ၈၁ ကီလိုတန်းပြိုင်ပွဲတွင် မဲကြီး (မန္တလေး)က ခွန်စိုးမင်းအောင်(ပဲခူး)ကို ပထမအချီမှာပင် အလဲထိုးဖြင့်နိုင်ပြီး (က) အဆင့် ၅၇ ကီလိုငါးချိုပြိုင်ပွဲတွင် ဒေါင်းဖြူ(ခ)ခင်ဝင်း(ကရင်)နှင့် ကျော်စွာထွန်း(မွန်)တို့ ယှဉ်ပြိုင်ရာ ပွဲစသည်နှင့် တက်သစ်လူငယ်များပီပီ ပင့်လက်သီး၊ ထောက်လက်သီး၊ ခြေကန်ချက်မျိုးစုံဖြင့် ယှဉ်ပြိုင်ထိုးသတ်ကြသည်။ အသည်းမာဇွဲပါသော လူငယ်များပီပီ အတင်းဝင်၊ အတင်းထွက် ခပ်ကြမ်းကြမ်း ရင်ဆိုင်ထိုးသတ်ရင်းမှ တတိယအချီ ၁ မိနစ် ၄၁ စက္ကန့်တွင် ဒေါင်းဖြူလေး ထောက်လက်သီးတစ်လုံးမိသွားသော ကျော်စွာထွန်း ဘယ်လိုမှ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်ခြင်းမရှိတော့ဘဲ အရှုံးပေးလိုက်ရသည်။ နောက်ဆုံးယှဉ်ပြိုင်ထိုးသတ်ခဲ့သော (က)အဆင့် ၆၀ ကီလိုငါးချိုပွဲတွင် ဝေယံစိုး(ကချင်)နှင့် ချစ်ဦး(မွန်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီ ၃၄ စက္ကန့်မှာပင် ချစ်ဦး(မွန်) အလဲထိုးဖြင့် အနိုင်ယူပြီး ဖိုင်နယ်ဗိုလ်လုပွဲသို့တက်လှမ်းသွားပြီဖြစ်သည်။

✻ *ကျောဖုံးမှ*

တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူနိုင်ခြင်းမရှိသေးဘဲ အမြင့်ဆုံးငွေတံဆိပ်သာ ရရှိဖူးကြောင်း သိရသည်။

မြန်မာအမျိုးသားဘောလုံးအသင်းသည် ဆီးဂိမ်းရွှေဆုကို ၁၉၇၃ ခုနှစ်တွင် နောက်ဆုံးရရှိခဲ့ပြီး ၂၀၁၅ ပြိုင်ပွဲတွင် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သော်လည်း ငွေဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

နိုင်ငံတစ်ဝန်း လွင့်ပျံ့လာတော့မည့် ငြိမ်းချမ်းရေးတေးသံများ

ချစ်လွမ်းပို (မြန်မာ့အသံ)

မိမိတို့နိုင်ငံတွင် တိုင်းရင်းသားပြည်သူအားလုံး အလိုလား အတောင့်တဆုံးသောအရာကား "ငြိမ်းချမ်းရေး" ဟူသည့် ဆုလာဘ်ကြီးဖြစ်ပါသည်။ လက်နက်ကိုင်ပဋိပက္ခများဖြင့် နှစ်ပေါင်း (၇၀)ကျော် ငြိမ်းချမ်းမှုကင်းမဲ့လျက်ရှိသည့် မိမိတို့နိုင်ငံတွင် စစ်ပွဲများချုပ်ငြိမ်းကာ တည်ငြိမ်အေးချမ်းမှုရရှိရေးသည် တစ်မျိုးသားလုံး၏ မျှော်လင့်ချက်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို အလေးထားကြိုးပမ်းဆောင်ရွက်နေသည်မှာ အားလုံးအသိပင်ဖြစ်သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုလုပ်ငန်းစဉ်များကို တစ်ခဲနက်ထောက်ခံအားပေးလျက်ရှိပါသည်။

ပြည်သူများသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုလုပ်ငန်းများကို နည်းမျိုးစုံဖြင့် ထောက်ခံအားပေးလျက်ရှိရာတွင် အချို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို ထောက်ခံသည့် ဆန္ဒထုတ်ဖော်ပွဲများကျင်းပကာ ဂုဏ်ပြုကြသလို ငြိမ်းချမ်းရေးရန်ပုံငွေ ထည့်ဝင်လှူဒါန်းကြခြင်းဖြင့်လည်း ဝိုင်းဝန်းပံ့ပိုးကူညီခဲ့ကြသည်။ ထိုသို့ငြိမ်းချမ်းရေးရန်ပုံငွေများ ထည့်ဝင်လှူဒါန်းကြရာတွင် ပြည်သူများသည် မိမိတို့ချွေးနဲ့စာမှ ငွေကျပ် တစ်ထောင်၊ ငါးထောင်၊ တစ်သောင်း စသည်ဖြင့် မိမိတို့ တစ်နိုင်တစ်ပိုင်ထည့်ဝင်လှူဒါန်းကြသူများရှိသလို ကျပ်ဘီလီယံနှင့်ချီ၍ ထည့်ဝင်လှူဒါန်းကြသူများလည်း ရှိကြရာ ၂၀-၃-၂၀၁၇ ရက်နေ့အထိ ထည့်ဝင်လှူဒါန်းငွေမှာ ငွေကျပ် ၁၃ ဒသမ ၉၄၈ ဘီလီယံရရှိခဲ့ကြောင်း တရားဝင်သတင်းထုတ် ပြန်ချက်အရ သိရပါသည်။ ငြိမ်းချမ်းရေးအပေါ် တိုင်းရင်းသား ပြည်သူတို့၏ စိတ်အားထက်သန်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုက အားရစရာပင်။

ပြည်ထောင်စုငြိမ်းချမ်းရေးကြိုးပမ်းမှု လုပ်ငန်းစဉ်ကို တိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင် ထောက်ခံခွင့်ရမည့် အစီအစဉ်တစ်ရပ်အဖြစ် "ငြိမ်းချမ်းရေးဂီတပွဲတော်" သီချင်းဆို ပြိုင်ပွဲကြီးကိုလည်း မကြာမီကျင်းပတော့မည်ဖြစ်သည်။

ဂီတသည် လူမျိုးဘာသာမရွေး နားလည်ခံစားနိုင်သည့် အနုပညာတစ်ရပ်ဖြစ်သည်။ သံစဉ်များ၏ ဖွဲ့စည်းမှု၊ သီချင်းစာသား၏အဓိပ္ပာယ် အနှစ်သာရပြည့်ဝမှု၊ အဆိုရှင်၏ အသံပါဝါနှင့် အဆိုပညာကျွမ်းကျင်ပိုင်နိုင်မှုတို့ပေါင်းစပ်ထားသည့် တေးဂီတအနုပညာသည် ကြားရသူကို လွမ်းဆွတ်ပူဆွေးစေနိုင်၊ ပျော်ရွှင်ကြည်နူးစေနိုင်၊ စိတ်အားတက်ကြွစေနိုင်သည့် စွမ်းအားများရှိပေသည်။ အောင်မြင်သောတေးသီချင်းများသည် သောတအာရုံမှတစ်ဆင့် လူတိုင်း၏ ရင်ထဲနှလုံးသားထဲသို့ ထိုးဖောက်ဝင်ရောက်ကာ တေးသီချင်းမှ ပေးသည့် ခံစားမှုရသနှင့်အတူ သတင်းအချက်အလက် (Message) များကိုလည်း လူတိုင်း၏ဦးနှောက်ထဲသို့ အရောက်ပို့ဆောင်နိုင်စွမ်းရှိပါသည်။ ထို့ကြောင့်ပင် ဂီတ၏ စွမ်းအားသည် အရွယ်သုံးပါးမရွေးလူတိုင်းကို လွှမ်းမိုးသက်ရောက်နေခြင်းဖြစ်သည်။

ယင်းသို့ စွမ်းအားကြီးမားသည့်ဂီတအနုပညာဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော်ကျင်းပရန်စီစဉ်ခြင်းသည် ပြည်ထောင်စုငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းကြီးတွင် ပြည်သူများတစ်တပ်တစ်အား ပူးပေါင်းပါဝင်လာစေရန် နှိုးဆော်ရာရောက်သကဲ့သို့ ငြိမ်းချမ်းခြင်း၏ ကောင်းကျိုးရလဒ်များ၊ ငြိမ်းချမ်းမှုကင်းမဲ့ခြင်း၏ ဆိုးကျိုးများ၊နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးကို ရေရှည်ခိုင်မြဲစွာ လက်ဆင့်ကမ်းထိန်းသိမ်းသွားရမည့် အသိစိတ်ဓာတ်များကို လူငယ်များထံသို့ တေးသီချင်းများမှတစ်ဆင့် ပို့ဆောင်ပေးနိုင်မည်မှာ အသေအချာဖြစ်သည်။

တစ်ချိန်တည်းမှာပင် ပြိုင်ပွဲဝင် ဂီတဝါသနာရှင်များအတွက် မိမိတို့၏ အနုပညာအရည်အသွေးကို အကဲဖြတ်ပညာရှင်များနှင့် ပရိသတ်များထံ တရားဝင်ချပြခွင့်ရရှိကာ ဂီတအနုပညာစင်မြင့်ထက်သို့ တက်လှမ်းနိုင်မည့် ထူးခြားသည့် အခွင့်အလမ်းတစ်ရပ်ကိုလည်း ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးဂီတပွဲတော်သည် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလိုအပ်ချက်နှင့် ပြည်သူများနှင့် ဂီတဝါသနာရှင် မျိုးဆက်သစ်လူငယ်များ ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျပူးပေါင်းပါဝင်ရမည့် အနှစ်သာရပြည့်ဝသည့် အနုပညာလှုပ်ရှားမှုတစ်ရပ်ပင်ဖြစ်ပေသည်။ ပြည်သူများအနေဖြင့် ဂီတဝါသနာရှင် မျိုးဆက်သစ်များ ပေါ်ထွန်းလာစေမည့် ငြိမ်းချမ်းရေးဂီတပွဲတော်၏ တေးသီချင်း အဆိုပြိုင်ပွဲများကို ရုပ်မြင်သံကြားဖန်သားပြင်၌ အပတ်စဉ်ကြည့်ရှုအားပေးကာ အရည်အသွေးပြည့်ဝသည့် ဝါသနာရှင်များ ပေါ်ထွက်လာရေးအတွက် Vote ပေး၍ ရွေးချယ်ပေးနိုင်ကြတော့မည် ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူး၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ တာဝန်ယူကျင်းပကာ Forever Group နှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်မှ Skynet တို့ပူးပေါင်းဆောင်ရွက်မည့် အဆိုပါ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေး သီချင်းဆိုပြိုင်ပွဲကို ဇူလိုင်လပထမပတ်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့မှစတင်ကာ ပွဲဦးထွက်ကျင်းပတော့မည်ဖြစ်သည်။ ထို့နောက် မြစ်ကြီးနားမြို့ မော်လမြိုင်မြို့ လားရှိုးမြို့ ပုသိမ်မြို့ ကလေးမြို့ ရန်ကုန်မြို့၊ စစ်တွေမြို့ နေပြည်တော်နှင့် မန္တလေးမြို့ စသည်ဖြင့် မြို့ကြီး ၁၀ မြို့တို့၌ အပတ်စဉ် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ သီချင်းအဆိုပြိုင်ပွဲကျင်းပမှုနှင့်အတူ သက်ဆိုင်ရာဒေသများတွင် ငြိမ်းချမ်းရေးနှင့် ဆက်စပ်သည့် ပရဟိတလုပ်ငန်းများကိုလည်း ပူးတွဲဆောင်ရွက်သွားမည်ဟုလည်း သိရှိရပါသည်။

အဆိုပါ ငြိမ်းချမ်းရေးဂီတပွဲတော်၏ မြို့အလိုက်ပြိုင်ပွဲများကျင်းပရာတွင် (Level-1) အဖြစ် ပထမအဆင့် အသံစစ်ဆေးခြင်းကို တီးလုံးသံမပါဘဲ ပြိုင်ပွဲဝင်၏အသံသက်သက်ဖြင့် နှစ်သက်ရာသီချင်း တစ်ပုဒ်ကို သီဆိုပြရမည်ဖြစ်ပြီး အသံစစ်ဆေးမှုအောင်မြင်သူများအနေဖြင့် ဒုတိယအဆင့်အဖြစ် ကီးဘုတ် သို့မဟုတ် ဂစ်တာစသည့် တူရိယာတစ် မျိုးမျိုးဖြင့် ထပ်မံသီဆိုယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။ ဒုတိယအဆင့်တွင် ထပ်မံရွေးချယ်ခံရသူများအနေဖြင့် တီးဝိုင်း (Full Band) ဖြင့် မိမိနှစ်သက်ရာ မြန်မာ၊ တိုင်းရင်းသား၊ နိုင်ငံတကာ သီချင်းတစ်ပုဒ်ကို သီဆိုယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။ ဇူလိုင်လ ပထမပတ်မှစတင်ကာ ပြိုင်ပွဲဝင်များရွေးချယ်မှု ရုပ်/သံမှတ်တမ်းကို စနေနေ့ညပိုင်းတွင်လည်းကောင်း၊ ပြိုင်ပွဲဝင်များ (Full Band)ဖြင့် သီဆိုယှဉ်ပြိုင်မှုကို တိုက်ရိုက်ထုတ်လွှင့်ပြသခြင်းအား တနင်္ဂနွေနေ့ညပိုင်းတွင်လည်းကောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အပတ်စဉ်ထုတ်လွှင့်တင်ဆက်သွားမည် ဖြစ်ပါသည်။

မြို့အလိုက်ရွေးချယ်ခြင်းခံရသူများသည် ဒုတိယအဆင့် (Level-2)တွင် သတ်မှတ် ပြဋ္ဌာန်းထားရှိသည့် ငြိမ်းချမ်းရေးသီချင်းများကို သီဆိုယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။ ၎င်းတို့ထဲမှ လက်ရွေးစင် ၁၀ ဦးကို ရွေးချယ်ကာ တတိယအဆင့် (Level-3)ကို ငြိမ်းချမ်းရေးသီချင်းသစ်များဖြင့် သီဆိုယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၎င်းအဆင့်တွင် ပရိသတ်၏ Voting စနစ်နှင့်အကဲဖြတ် ပညာရှင်များ၏ အမှတ်ပေးစနစ်တို့ပေါင်းစပ်ကာ နောက်ဆုံးဆန်ခါတင်သုံးဦးကို ရွေးချယ်မည်ဖြစ်ပါသည်။ Grand Final အဆင့်တွင် ရွေးချယ်ခံ ဆန်ခါတင်သုံးဦးတို့သည် ငြိမ်းချမ်းရေးသီချင်းအသစ်များဖြင့် သီဆိုယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပရိသတ်၏ Voting စနစ်၊ အကဲဖြတ်ပညာရှင်များ၏ အမှတ်ပေးစနစ်တို့ဖြင့် ပေါင်းစပ်ကာ ပထမ၊ ဒုတိယ၊ တတိယဆုများ ရွေးချယ်ချီးမြှင့်မည်ဖြစ်ပါသည်။ ဆုကြေးငွေများအဖြစ် ပထမဆု ငွေကျပ် သိန်း ၃၀၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၀၊ တတိယဆု ငွေကျပ်သိန်း ၁၀၀ နှင့် နှစ်သိမ့်ဆု ခုနစ်ဆုအတွက် ငွေကျပ်သိန်း ၃၀ စီ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးဂီတပွဲတော်ကို ပြည်တွင်း ငြိမ်းချမ်းရေးရရှိရေး၊ အမျိုးသားပြန်လည်သင့်မြတ်စေရေး၊ ဖက်ဒရယ်ပြည်ထောင်စုဖြစ် ပေါ်လာရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ဇွန် ၂၄ ရက်က ရန်ကုန်မြို့တွင် ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပြောကြားခဲ့ပါသည်။ ပြိုင်ပွဲကျင်းပရေးအတွက် ကုန်ကျစရိတ်များကိုနိုင်ငံတော်၏ ဘတ်ဂျက်မှ အသုံးပြုမည် မဟုတ်ဘဲ Premier Coffee ၏ Diamond Sponsor အပါအဝင် အခြား Sponsor များ၊ မိတ်ဖက်မီဒီယာအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြုလုပ်မည်ဖြစ်ကြောင်းလည်း သိရသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) သီချင်းဆိုပြိုင်ပွဲနှင့် ပတ်သက်ပြီးအကြောင်း အရာအပြည့်အစုံနှင့် Update သတင်းအချက် အလက်များကို Peace Music Festival Page (www.facebook.com/peacemusicfestival) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တေးဂီတ အဆိုဝါသနာရှင်များအနေဖြင့် မိမိတို့၏ မီးခဲပြာဖုံးဝါသနာရပ်ကို ပြည်သူထံ ချပြခွင့်ရမည်ဖြစ်ပြီး အောင်မြင်ပါက ဂီတလမ်းကြောင်းပေါ်တွင် ထွန်းတောက်မည့် ကြယ်တစ်ပွင့်အဖြစ် မှတ်ကျောက် တင်ခံရနိုင်မည် ဖြစ်ပါသည်။

ငြိမ်းချမ်းရေးသည် သမိုင်း၏လိုအပ်ချက်အရ မလွဲမသွေ ဖြည့်ဆည်းပုံဖော်စိုက်ထူပေးရမည့် ကမ္ပည်းမှတ်တမ်းဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ငြိမ်းချမ်းသာယာသော နိုင်ငံတော်ကြီးဖြစ်ထွန်းမှသာ စီးပွားရေး၊ လူမှုရေး၊ ဒီမိုကရေစီနိုင်ငံရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ တိုင်းရင်းသား ပြည်သူများကလည်း ကျရာကဏ္ဍမှ ဝန်းရံကူညီကြရမည်ဖြစ်ပါသည်။

ပြိုင်ပွဲမှပေါ်ထွက်လာမည့် ငြိမ်းချမ်းရေးတေးသံများသည် တိုင်းဒေသကြီးနှင့် ပြည်နယ် အနှံ့သာမက စစ်ပွဲဒေသများ၊ တိုင်းရင်းသားလက်နက်ကိုင်များရှိရာ တောတွင်းဒေသများ၊ အစွန်အဖျားဒေသများအထိ ရောက်ရှိပျံ့နှံ့သွားမည်ဟု ယုံကြည်ပါသည်။ ယင်းသို့ပျံ့နှံ့ခြင်းဖြင့် NCA လမ်းကြောင်းအရ ဖော်ဆောင်လျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုရာရောက်မည် ဖြစ်ပါသည်။

နိုင်ငံတော်က ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မျှော်လင့်ချက်ကြီးမားစွာ အလေးထားဆောင်ရွက်နေမှုအပေါ် ပြည်သူများအားလုံးသိရှိပြီး တစ်ထောင့်တစ်နေရာမှ စိတ်ဝင်တစား ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်ကျင်းပသည့် ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) တေးသီချင်းအဆိုပြိုင်ပွဲကြီးကို ပါဝင်ဆင်နွှဲခြင်း၊ ကြည့်ရှုအားပေးခြင်းတို့ဖြင့် ငြိမ်းချမ်းရေးလိုလားမှုကို ဖော်ကျူးကြပါစို့ဟု တိုက်တွန်းရင်း နိုင်ငံတစ်ဝန်း လွင့်ပျံ့လာတော့မည့် ငြိမ်းချမ်းရေးတေးသံများကို ကြိုဆိုလျက် ငြိမ်းချမ်းရေးဂီတပွဲတော်ကြီးကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။

ငြိမ်းချမ်းရေးသည် သမိုင်း၏လိုအပ်ချက်အရ မလွဲမသွေ ဖြည့်ဆည်းပုံဖော်စိုက်ထူပေးရမည့် ကမ္ပည်းမှတ်တမ်းဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ငြိမ်းချမ်းသာယာသော နိုင်ငံတော်ကြီးဖြစ်ထွန်းမှသာ စီးပွားရေး၊ လူမှုရေး၊ ဒီမိုကရေစီနိုင်ငံရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ တိုင်းရင်းသား ပြည်သူများကလည်း ကျရာကဏ္ဍမှ ဝန်းရံကူညီကြရမည်ဖြစ်

တက္ကသိုလ်ဝင်တန်း အောင်မြင်သူနှင့် ဂုဏ်ထူးရ ကျောင်းသား/ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၈

နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူနှင့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကျင်းပရာ နေပြည်တော်ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များ၏ သား၊ သမီးများမှ ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင်သုံးဦးတို့အား၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၊ ဒုတိယတပ်ဖွဲ့မှူး ယာယီရဲမှူးကြီး ရွှေသောင်း၊ နေပြည်တော်ရဲတပ်ဖွဲ့၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခက်ခက်မျိုးအေးတို့က ဆုများချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၈

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ **(မိုး/ဇလ)**

၂၀၁၇ ခုနှစ် ၊ (၂၅)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းကြေညာချက်

နေပြည်တော် ဇူလိုင် ၈

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက (၂၅)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၇၄ ဌာနတို့၌ ၅-၆-၂၀၁၇ ရက်မှ ၉-၆-၂၀၁၇ ရက်အထိ (၅)ရက်တိုင်တိုင် ကျင်းပခဲ့သည်။

၂။ ယင်းစာမေးပွဲဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းထားသည့် ပုဂ္ဂိုလ်ဦးရေ ၁၃၅၆၁ ပါးရှိပြီး ဖြေဆိုသည့်ပုဂ္ဂိုလ်ဦးရေမှာ ၈၉၉၄ ပါးဖြစ်၍ အောင်မြင်သူဦးရေစုစုပေါင်းမှာ ၃၃၉၁ ပါးဖြစ်ရာ ၃၈ ဒသမ ၁၃ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၃။ အုပ်စု(၁) ခုဒ္ဒကနိကာယ (ဝိနယပိဋက)ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၈၁၁ ပါး၊ လေးကျမ်းအောင် ၃၁၅ ပါး၊ သုံးကျမ်းအောင် ၄၁၈ ပါး၊ နှစ်ကျမ်းအောင် ၅၀၆ ပါး၊တစ်ကျမ်းအောင် ၆၈၇ ပါးတို့ဖြစ်ကြသည်။

ဝိနည်းငါးကျမ်းအောင် ၈၁၁ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ်၊ စက-၆၁၇၊ ရှင်ဓမ္မသာရ၊ အသက်(၁၅ နှစ်)၊ အဘ- ဦးသန်းဝင်း၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ (ပထမ)

(ခ) ခုံအမှတ်၊ ပူရ-၄၉၊ ရှင်အာစာရ၊ အသက်(၁၈ နှစ်)၊ အဘ- ဦးမြင့်လှိုင်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့ မန္တလေးတိုင်းဒေသကြီး၊ (ဒုတိယ)

(ဂ) ခုံအမှတ်၊ စက -၆၈၇၊ ရှင်အကုံရာ လင်္ကာရ၊အသက်(၁၉ နှစ်)၊ အဘ- ဦးမြင့်အောင်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ (တတိယ)

(ဃ) ဝိနည်းငါးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ ပကခ -၇၃၊ မပညာစာရီ၊ အသက်(၂၁နှစ်)၊ အဘ- ဦးခင်မောင်ထွန်း၊ မြဝတီစာသင်တိုက်၊ပြည်ကြီးတံခွန်မြို့၊ မန္တလေးတိုင်းဒေသကြီး၊ (သီလရှင်ပထမ)

၄။ အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၅၆ ပါး၊ နှစ်ကျမ်းအောင် ၄၆ ပါး၊ တစ်ကျမ်းအောင် ၄၄ ပါးတို့ဖြစ်ကြသည်။

ဒီဃနိကာယ်သုံးကျမ်းအောင် ၅၆ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ်၊ မုံ-၁၈၊ အရှင်တိက္ခသာရာလင်္ကာရ၊ အသက် (၃၂ နှစ်)၊ အဘ-ဦးထွန်းရ၊ တိပိဋကဓမ္မပါလာကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ (ပထမ)

(ခ) ခုံအမှတ်၊ ဗဟ-၂၀၊ အရှင် ဉာဏဓဇ၊ အသက်(၂၉ နှစ်)၊ အဘ- ဦးအောင်ဇေ၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ဒုတိယ)

(ဂ) ခုံအမှတ်၊ မှော်-၂၊ အရှင်သီလာစာရ၊ အသက်(၂၂ နှစ်) အဘ- ဦးဆန်းတင်၊ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (တတိယ)

၅။ အုပ်စု(၃) မဇ္ဈိမနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၃၅ ပါးတွင် နှစ်ကျမ်းအောင် ကိုးပါး၊ တစ်ကျမ်းအောင် ၁၁ ပါးတို့ဖြစ်ကြသည်။

မဇ္ဈိမနိကာယ်သုံးကျမ်းအောင် ၃၅ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ခုံအမှတ်၊ ပူရ-၆၊ အရှင်သူရိယာလင်္ကာရ၊ အသက်(၂၄)နှစ်၊ အဘ- ဦးသန်းဌေး၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ (ပထမ)

(ခ) ခုံအမှတ်၊ စက-၈၊ ရှင်ဂုဏာတေဇာလင်္ကာရ၊ အသက်(၂၀)၊ အဘ- ဦးအောင်ရှိန်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊ (ဒုတိယ)

(ဂ) ခုံအမှတ်၊ ဒဂတ-၁၊ ဦးပညာနန္ဒ၊ အသက်(၃၁) နှစ်၊ အဘ-ဦးကြည်ဝင်း၊ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ (တတိယ)

(ဆက်လက်ဖော်ပြပါမည်)

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစု ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်

နေပြည်တော် ဇူလိုင် ၈

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစု၏ ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်မင်္ဂလာမွန် ကျောင်းတိုက်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့်ဇနီး ဒေါ်မိကျင်သန်း အမှူးပြုသော ဝန်ကြီးဌာနမိသားစုများက ဩကာသကန်တော့ချီးဖြင့် ရှိခိုးကန်တော့ကာ အောင်မင်္ဂလာမွန် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုဗ္ဗ အမှူးပြုသော ဆရာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကာ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး(**ဝဲပုံ**)၊ ညွှန်ကြားရေးမှူးချုပ် ဦးဗရက်ဆင်းနှင့်ဇနီး၊ ဝန်ထမ်းမိသားစုများက ဆရာတော်ဘဒ္ဒန္တပုဗ္ဗနှင့် ပင့်သံဃာတော် ၁၃ ပါးအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခဲ့သည်။

ထို့နောက် ပျဉ်းမနားမြို့ အောင်မင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တဇောတိပါလက ဝါဆိုသင်္ကန်းဆက်ကပ်ခြင်း အနုမောဒနာတရားနှင့် ရေစက်ချတရားချီးမြှင့်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားပြီးစီးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

ဝါဆိုလပြည့်နေ့တွင် ဝေဠုဝန ကျောက်စိမ်းစေတီတော်၌ ဘုရားဖူးလာရောက်သူများဖြင့်စည်ကား

မန္တလေး ဇူလိုင် ၈

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာ-မြင်းမှူးကျေးရွာတွင် တည်ထားကိုးကွယ်သည့် ဝေဠုဝန ကျောက်စိမ်းစေတီတော်တွင် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)က ဘုရားဖူးလာရောက်ဖူးမြော်သူများဖြင့် စည်ကားခဲ့သည်။

ကမ္ဘာ့ပထမဆုံးတည်ထားကိုးကွယ်သည့် ကျောက်စိမ်းစေတီတော်ကို ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူးများလာရောက်ခဲ့ပြီး စုစုပေါင်း တစ်သိန်းဝန်းကျင် လာရောက်ဖူးမြော်ခဲ့ကြသည်။ ဝါဆိုလပြည့် နေ့ထူးနေ့မြတ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဆရာတော်ကြီး အမှူးပြုသော ဩဝါဒါစရိယဆရာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့နှင့် တက်လမ်းကုမ္ပဏီတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ကျောက်စိမ်းများဖြင့် တည်ထားကိုးကွယ်ထားသည့် ဝေဠုဝန ကျောက်စိမ်းစေတီတော်တွင် ညပိုင်းအထိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ဇော်ဇော်

ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)တပ်ရင်း၊ တပ်ဖွဲ့များရှိ အရာရှိနှင့် စစ်သည်မိသားစုများမှ ဝါဆိုသင်္ကန်းကပ်လှူ

လောက်ကိုင် ဇူလိုင် ၈

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) တပ်ရင်း၊ တပ်ဖွဲ့များရှိ အရာရှိနှင့် စစ်သည်မိသားစုများမှ ကျင်းပသော ဝါဆိုလပြည့်နေ့ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနားကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီတွင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်ရှိ မန်ချျူးတပ်ဦးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ပူဇော်ဖွင့်လှစ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး ကျော်ကိုထိုက်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့များရှိ အရာရှိနှင့် စစ်သည်မိသားစုများတို့က မန်ချျူးတပ်ဦးကျောင်းဆရာတော်ထံမှ ငါးပါး သီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဒေသကွပ်ကဲရေးမှူးနှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ တပ်ရင်း၊ တပ်ဖွဲ့များရှိ အရာရှိနှင့် စစ်သည်မိသားစုများတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ထံမှ သာဓု အနုမောဒနာတရားနှင့် ရေစက်ချတရားများနာယူကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ ဒေသကွပ်ကဲရေးမှူးနှင့် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့များရှိ အရာရှိနှင့် စစ်သည်မိသားစုများ စုစုပေါင်း ၁၅၀ ခန့်တက်ရောက်ကြောင်း သိရသည်။

ဘဦး(ပြန်/ဆက်)

❄ *ကျောဖုံးမှ*

စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း မော်လိုက်မြို့ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် ပေဝက်ခန့်စီနှင့် နောက်နှစ်ရက်အတွင်း မုံရွာမြို့တွင် တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

❖ *ကျောဖုံးမှ*

များ၊ လူမှုရေးအသင်းအဖွဲ့များမှ အစားအသောက်များ လှူဒါန်းကျွေးမွေးကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တိုင်းဒေသကြီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ နေရပ်ဒေသများသို့ပြန်နိုင်ရေး မော်တော်ယာဉ်စီးနင်းခများ ကူညီပံ့ပိုးပို့ဆောင်ပေးသည်။

ယနေ့အထိ ကော့သောင်းနယ်စပ်ဂိတ်မှ မြန်မာအလုပ်သမားဝင်ရောက်မှုဦးရေ စုစုပေါင်း ၁၀၀၀ နီးပါးခန့်ရှိပြီဖြစ်ပြီး ကော့သောင်း၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်၊ ပဲခူး၊ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ မြန်မာနိုင်ငံသားများဖြစ်ကြောင်း သိရသည်။

သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားနှင့် ၂၀၁၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၈

သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားနှင့် ၂၀၁၇ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ရန်ကုန်ရွက်လှေအသင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တပ်မတော် (ရေ) လှေလှော်ရွက်တိုက် ကော်မတီမှ တာဝန်ရှိသူများ၊ ရန်ကုန် ရွက်လှေအသင်းဝင် မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင်နှင့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်တို့က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ရွက်လှေပြိုင်ပွဲအသင်းလိုက်ဆုများ၊ တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဆုဖလားများ၊ ၂၀၁၇ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲဆုများကို ပြည်ထောင်စုဝန်ကြီး(ဝဲပုံ)နှင့် တာဝန်ရှိသူတို့က ဆုများကို ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်နှင့် ရန်ကုန် ရွက်လှေအသင်းတို့မှ အားကစားသမားများနှင့် မိသားစုဝင်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ကြသည်။

အဆိုပါ ပြိုင်ပွဲများကို ရန်ကုန်မြို့ အင်းလျားကန် ရန်ကုန်ရွက်လှေအသင်းတွင် ဇွန် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင်လည်းကောင်း၊ ဇူလိုင် ၁ ရက်နှင့် ၂ ရက်တို့တွင်လည်းကောင်း ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် အတန်းလိုက်ပြိုင်ပွဲ အမျိုးအစားခုနစ်မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယနေ့ညပိုင်းတွင် ဆုပေးပွဲကိုကျင်းပခဲ့ခြင်းဖြစ်သည်။

နှစ်စဉ်ကျင်းပလေ့ရှိသည့် အိုလံပစ်နေ့အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲများကို ပိုမိုသက်ဝင်လှုပ်ရှားစေရန်၊ ရွက်လှေအားကစားသမားများ အဖွဲ့လိုက်ယှဉ်ပြိုင်မှု အတွေ့အကြုံရရှိစေရန်၊ ရွက်လှေအားကစားသမားအချင်းချင်းနှင့် ရွက်လှေမိသားစုဝင်များ ပိုမိုထိတွေ့ရင်းနှီးစွာ ယှဉ်ပြိုင်ခြင်းမှတစ်ဆင့် အရည်အသွေးမြင့်မားသော အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ရွက်လှေပြိုင်ပွဲများကို ၂၀၁၀ ခုနှစ်မှ စတင်၍ ပူးတွဲကျင်းပခဲ့ကြောင်း သိရသည်။

၂၀၁၀ ခုနှစ်က ကျင်းပခဲ့သည့် ပထမအကြိမ်ပြိုင်ပွဲတွင် အသင်းခြောက်သင်း၊ အားကစားသမား ၇၈ ဦး၊ ၂၀၁၁ ခုနှစ်တွင် အသင်း ခြောက်သင်း၊ အားကစားသမား ၈၄ ဦး၊ ၂၀၁၂ ခုနှစ်တွင် အသင်း ခြောက်သင်း၊ အားကစားသမား ၉၄ ဦး၊ ၂၀၁၃ ခုနှစ်တွင် ဆီးဂိမ်းပြိုင်ပွဲကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၁၄ ခုနှစ်တွင် အသင်း လေးသင်း၊ အားကစားသမား ၇၃ ဦး၊ ၂၀၁၅ ခုနှစ်တွင် အသင်း ငါးသင်း၊ အားကစားသမား ၇၀၊ ၂၀၁၆ ခုနှစ်တွင် အသင်း ငါးသင်း၊ အားကစားသမား ၇၀ တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ်တွင် အသင်းခြောက်သင်း၊ အားကစားသမား ၉၇ ဦး ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ရွက်လှေအားကစားမှာ အိုလံပစ်အားကစားနည်းတစ်ခု (IOC Accredited Sport) ဖြစ်သည့်အတွက် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် အနေဖြင့် Olympic Day Movement Regatta ကို နှစ်စဉ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး

ရက်ရှည်လများဖြစ်လာမည့် ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကြိုဆိုရေးအတွက် မြို့နယ်အဆင့် ကော်မတီဖွဲ့စည်းထားပြီး လက်ခံလျက်ရှိ

တာချီလိတ် ဇူလိုင် ၈

မကြာသေးမီက ထိုင်းနိုင်ငံတွင်ထုတ်ပြန်ခဲ့သည့် နိုင်ငံခြားသားအလုပ်သမားများ စီမံခန့်ခွဲရေး ဥပဒေသစ်အရ တရားဝင်အထောက်အထားမရှိသော အလုပ်သမားများအား အရေးယူဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံအစိုးရအဖွဲ့က ရှာဖွေဖမ်းဆီးမှုများကို ရက်ပေါင်း ၁၂၀ ရပ်တန့်မည် ဟု ကြေညာချက် ထုတ်ပြန်ခဲ့ပြီးနောက် မြန်မာနိုင်ငံမှထွက်ခွာသွားသည့် တရားဝင်လုပ်သားများအပါအဝင် တရားမဝင်လုပ်သားများသည် မြန်မာနိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ မြန်မာနိုင်ငံမှ ကြိုဆိုလက်ခံရေးကော်မတီဖွဲ့၍ ကြိုဆိုလျက်ရှိသည်။ နေရပ်ပြန် မြန်မာလုပ်သားများအား ပြန်လည်ကြိုဆိုနေမှုနှင့်ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြိုဆိုလက်ခံရေးကော်မတီဝင်များနှင့် နေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမားများ၏စကားသံများကို မေးမြန်းဖော်ပြလိုက်ပါသည်။

နေရပ်ပြန်အလုပ်သမားများအတွက် ဆောင်ရွက်ထားမှုများနှင့်ပတ်သက်၍ တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူး ဦးကျော်မော်ထွန်းက "တစ်ဖက်နိုင်ငံမှာ ဖမ်းဆီးမခံရရေး၊ မလိုအပ်ဘဲ ငွေကုန်ကြေးကျမရှိဖို့ အရေးကို ဒီဘက်မှာ ကော်မတီဖွဲ့ပြီး ဝိုင်းဝန်းဆောင်ရွက်ပေး၊ ကြိုဆိုပေးနေပါတယ်။ ဆက်လက်လုပ်ကိုင်လိုသူတွေအတွက်လည်း ဒီမှာရှိတဲ့ အလုပ်သမားအဖွဲ့တွေ၊ အလုပ်ရှင်တွေနဲ့ ချိတ်ဆက်စီစဉ်ပေးသွားဖို့ရှိပါတယ်" ဟုပြောသည်။

ပြန်လည်ဝင်ရောက်လာသော အလုပ်သမားများ၏ အခြေအနေနှင့် ပတ်သက်၍ ခရိုင်ဦးစီးမှူးက "အခုလာလွှဲတဲ့သူတွေကတော့ ထိုင်းနိုင်ငံရဲ့အလုပ်သမားဥပဒေကို ပြင်ဆင်သတ်မှတ်ခဲ့တာကြောင့် ဟိုမှာ မနေရဲတော့ဘဲ ပြန်လာကြတာပါ။ ဖမ်းခံရတဲ့သူတွေတော့ မပါသေးပါဘူး။ လူကုန်ကူးခံရတဲ့သူတွေ မပါဝင်ပါဘူး။ ဒီမှာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က ရဲမှူးကိုယ်တိုင်လည်း စစ်ဆေးပြီးသွားပါပြီ။ အဓိကကတော့ ရွှေ့ပြောင်းအလုပ်သမားတွေပဲ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ ပြောင်းလဲ ကျင့်သုံးမယ့် အလုပ်သမားဥပဒေ မူဝါဒက ပြင်းထန်နေတဲ့အတွက် ဟိုမှာနေလို့ အဆင်မပြေတော့လို့သာ သူတို့ပြန်ရောက်လာခဲ့ကြတာပါ"ဟု ပြောသည်။

ထိုင်းနိုင်ငံဘက်တွင် အထောက်အထား၊ လက်မှတ်များ ပျောက်ဆုံးခဲ့သူများအတွက် စီစဉ်ထားမှုနှင့်ပတ်သက်၍လည်း "မြန်မာ-ထိုင်း နယ်ခြားကော်မတီအဖွဲ့က ချိတ်ဆက်ဆောင်ရွက်ပေးသွားမှာပါ။ မှတ်ပုံတင်၊ အထောက်အထား ပျောက်ဆုံးပျက်စီးခဲ့သူတွေအတွက်တော့ လဝကနဲ့ချိတ်ဆက်ပြီး နေရပ်ပြန်နိုင်ဖို့ ထောက်ခံစာတွေ ဆောင်ရွက်ပေးသွားမှာပါ"ဟု ခရိုင်ဦးစီးမှူးက ဆက်လက်ဖြေကြားသည်။

ဦးကျော်မော်ထွန်း (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူး)

ဦးထွန်းဝင်းအောင် (မြို့နယ်အဆင့် မြန်မာ ရွှေ့ပြောင်း အလုပ်သမားများ ကြိုဆို လက်ခံရေးအဖွဲ့ဥက္ကဋ္ဌ)

ကြိုဆိုလက်ခံရေးကော်မတီ ဖွဲ့စည်းဖြစ်ပုံနှင့် ဖွဲ့စည်းထားသည့် အခြေအနေနှင့်ပတ်သက်၍လည်း ခရိုင်ဦးစီးမှူးက "ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ ခရိုင်စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်ပြီးတော့ ကြိုဆို လက်ခံပေးခဲ့တာပါ။ ဒါပေမယ့် ဒီကိစ္စတွေက ရက်ရှည်လများဖြစ်နေမှာဖြစ်တဲ့အတွက် ခရိုင်အုပ်ချုပ်ရေးမှူးရဲ့ ညွှန်ကြားချက်နဲ့အညီ မြို့နယ်အဆင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကြိုဆို လက်ခံရေးအဖွဲ့ဆိုပြီး ဖွဲ့စည်းခဲ့ပါတယ်။ ဒီအဖွဲ့မှာတော့ မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌဖြစ်ပြီး အတွင်းရေးမှူးကတော့ မြို့နယ်လဝကမှူးက တာဝန်ယူပါတယ်။ မြို့နယ်အလုပ်သမားဦးစီးကတော့ တွဲဖက်အတွင်းရေးမှူးဖြစ်ပြီး ကျန်တဲ့ဌာနဆိုင်ရာ အဖွဲ့အစည်းတွေဖြစ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်တား၊ မူးယစ်၊ သတင်းတပ်ဖွဲ့နှင့် ပြန်/ဆက်စသည့် အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဖွဲ့စည်းထားပါတယ်"ဟု ဖြေကြားသည်။

နေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမားများ လွှဲပြောင်းလက်ခံပြီးသည့် အခြေအနေနှင့် ၎င်းတို့ နေထိုင်စားသောက်ရေး ဆောင်ရွက်ပေးထားပုံကို မြို့နယ်အဆင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကြိုဆိုလက်ခံရေးအဖွဲ့ဥက္ကဋ္ဌ တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က "နေရပ်ပြန်အလုပ်သမားတွေအတွက် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှာ ကြိုဆိုပါတယ်။ ဇူလိုင် ၁ ရက်မှ ၆ ရက်အထိ အမျိုးသား ၁၅၂ ဦး၊ အမျိုးသမီး ၁၄၂ ဦး၊ ကလေး ရှစ်ဦး၊ စုစုပေါင်း ၃၀၂ ဦးကို ကြိုဆိုခဲ့ပြီး စားရေးသောက်ရေးအတွက် ဆေးခပ် ရပ်ကွက်မှာရှိတဲ့ မဟာရာဋ္ဌာန်ဘုန်းတော်ကြီးကျောင်းမှာ တည်းခိုဖို့ စီစဉ်ထားပါတယ်"ဟု ပြောသည်။

အလုပ်သမားများမှာလည်း ယခုရက်အတွင်း မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လျက်ရှိနေရာ ပြန်ရောက်လာသော အလုပ်သမားတစ်ဦးဖြစ်သူ တာချီလိတ်မြို့နေ မနန္ဒာအောင်က "ကျွန်မတို့ ပြန်လာတဲ့နေရာက ချင်းရိုင်းခရိုင် ဖယောင်းမြို့နဲ့နီးတဲ့ ကျဝါဖက်မြို့မှာရှိတဲ့ ခေါက်ဆွဲစက်ရုံကပါ။ အလုပ်သမားအခွင့်အရေးက အလွန်ကို နည်းပါးလွန်းပါတယ်။ အခုပြန်လာတာ ၇၆ ယောက်ပါ၊ နောက်ထပ်ပြန်လာဖို့ ၁၈၀ လောက်တော့ ရှိနေဦးမယ်။ ထိုင်းနိုင်ငံကို မှောင်ခိုနဲ့ပဲ ခေါ်ခဲ့တာပါ၊ ကားခ ၅၅၀၀ ကုန်တယ်၊ ပြီးတော့ အလုပ်ဝင်ကြေးတွေ ဘာတွေကိုလည်း အခြားစက်ရုံတွေထက် ပိုပြီးတော့ ယူပါတယ်၊ အချိန်ပိုလုပ်အားခကို ၅၆ ဘတ်ပေးတာပါ၊ အခုကျတော့ ၃၈ ဘတ်ဆိုပြီး တွက်ပေးပါတယ်။ ဒီလိုဖိနှိပ်မှုကြောင့် ကိုယ့်သဘောနဲ့ကိုယ် မခံနိုင်တော့လို့ ပြန်လာခဲ့ပါတယ်"ဟု ပြောသည်။ ။

တွေ့ဆုံမေးမြန်း-မြင့်မိုရ်(တာချီလိတ်)

လူထုဗဟိုပြုစီမံကိန်းဖြင့် ကျေးရွာဘက်စုံသုံးခန်းမဆောင် ဆောက်လုပ်ပြီးစီး

နေပြည်တော် ဇူလိုင် ၈

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာအုပ်စု သပြေချောင်းကျေးရွာ၌ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းအရတည်ဆောက်ခဲ့သော ကျေးရွာဘက်စုံသုံး စိန်ရောင်ခြည်ခန်းမဆောင်သစ် ဆောက်လုပ်ပြီးစီးသဖြင့် ဖွင့်ပွဲကို ဇူလိုင် ၇ ရက်က ကျင်းပခဲ့သည်။

ခန်းမဖွင့်ပွဲတွင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဟိန်းက လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ခန်းမဆောင်ကြီးကို ကျေးရွာတာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

"ကျွန်တော်တို့ကျေးရွာမှာ အရေးတကြီးလိုအပ်နေတဲ့ ကျေးရွာဘက်စုံသုံးခန်းမတစ်ခုကို အခုလို အောင်အောင်မြင်မြင်နဲ့ လုပ်ဆောင်နိုင်ခဲ့လို့ အလွန်ပဲ ဝမ်းသာပါတယ်။ ဒီဘက်စုံခန်းမဆောင်ကြီး အကောင်အထည်ပေါ်လာဖို့အတွက် လိုအပ်တဲ့မြေနေရာကိုတော့ ကျွန်တော်တို့ ကျေးရွာလူထုရဲ့ စုပေါင်းထည့်ဝင်ငွေနဲ့ ဝယ်ယူခဲ့တယ်။ လူထုဗဟိုပြုစီမံကိန်းနဲ့ အခုလိုခန်းမဆောင်ကြီး ပေါ်ပေါက်လာတာ ကျွန်တော်တို့အတွက် ဂုဏ်ယူစရာတစ်ခုပါ"ဟု ကျေးရွာလူထုဗဟိုပြုစီမံကိန်း အုပ်စုစီ/ထောက်ဥက္ကဋ္ဌ ဦးမြင့်သိန်းက ပြောသည်။

အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမသည် အရှည်ပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၃ ပေရှိ အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ပြီး လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေကျပ်သိန်းပေါင်း ၁၈၀ ကျော် အကုန်အကျခံကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မောင်လွင်(တပ်ကုန်း)

တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးနှင့်သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်း

အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်

တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးနှင့်
သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်း
(၂၀၁၇ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)
၁၃၇၈ ခုနှစ်၊ လ ရက်
(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကိုတောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ**ဆိုသည်မှာ နေရင်းဒေသရှိ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုဆိုသည်၊

(ခ) **တောရိုင်းတိရစ္ဆာန်**ဆိုသည်မှာ နေရင်းဒေသအတွင်းသဘာဝအတိုင်း ပေါက်ဖွားကျက်စားသော တိရစ္ဆာန်၊ ငှက်၊ ပိုးမွှားနှင့်ရေနေသတ္တဝါတို့ကိုဆိုသည်။ ယင်းစကားရပ်တွင်ယင်းတို့၏ အထီးမျိုးရည်၊အမမျိုးဥ၊ သန္ဓေသားလောင်း၊ ဥ၊ ပိုးလောင်း၊ တစ်သျှူးနှင့်အသားစများလည်း ပါဝင်သည်၊

(ဂ) **သဘာဝအပင်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ရောက်သောအပင်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊မှိုနှင့်ရေအောက်ရှိ အပင်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ယင်းတို့၏မျိုးစေ့၊တစ်သျှူးနှင့် အစိတ်အပိုင်းများလည်းပါဝင်သည်၊

(ဃ) **သဘာဝနယ်မြေ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဂေဟစနစ်များ သို့မဟုတ် ထင်ရှားသော ပထဝီအနေအထားများ တည်ရှိသည့် ဒေသများကို အရှည်တည်တံ့ရေးအတွက် ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ ဤဥပဒေအရ သတ်မှတ်သည့် နယ်မြေကို ဆိုသည်၊

(င) **အမာခံထိန်းသိမ်းရေးနယ်မြေ** ဆိုသည်မှာ သဘာဝနယ်မြေအတွင်း ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲတို့ကို ရေရှည်တည်တံ့စေရန် ထုတ်ယူသုံးစွဲခြင်းနှင့် ထိခိုက်ခြင်း မရှိစေဘဲ နောင်လာနောက်သားများ၏ အကျိုးကို ရည်ရွယ်၍ ထိန်းသိမ်းထားသောနယ်မြေကို ဆိုသည်၊

(စ) **ကြားခံနယ်မြေ** ဆိုသည်မှာ သဘာဝနယ်မြေအတွင်းတွင်လည်းကောင်း၊ သဘာဝနယ်မြေ၏ နယ်နိမိတ်အစပ်တွင်လည်းကောင်း အမာခံထိန်းသိမ်းရေးနယ်မြေနှင့် ဆက်စပ်နေပြီး အမာခံထိန်းသိမ်းရေးနယ်မြေကို ထိခိုက်မှုမရှိစေဘဲ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန်နှင့် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ဝန်ကြီးဌာနက ကြားခံအဖြစ် သတ်မှတ်အုပ်ချုပ်သော နယ်မြေဧရိယာကို ဆိုသည်၊

(ဆ) **ဂေဟစနစ်** ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့် အပင်များ သဟဇာတဖြစ်လျက်တည်ရှိနေသည့် သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝဝန်းကျင်ကို ဆိုသည်၊

(ဇ) **နေရင်းဒေသ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်း ပေါက်ဖွားကျက်စားရာနယ်မြေနှင့် အပင်များသဘာဝအတိုင်းပေါက်ရောက်ရာ နယ်မြေတို့ကို ဆိုသည်၊

(ဈ) **တိရစ္ဆာန်ဥယျာဉ်** ဆိုသည်မှာ တိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြီး သုတေသနပြုလုပ်ရန်နှင့် အခကြေးငွေယူ၍ အများပြည်သူကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကိုဆိုသည်၊

(ည) **ရုက္ခဗေဒဥယျာဉ်** ဆိုသည်မှာ သဘာဝအပင်နှင့် စိုက်ပျိုးထားသော အပင်များကို ထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်နှင့် အခကြေးငွေယူ၍ အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကို ဆိုသည်၊

(ဋ) **သစ်တောနယ်မြေ** ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောနှင့် သတ်မှတ်ကြေညာထားသည့် ကြိုးပြင်ကာကွယ်တောတို့ကို ဆိုသည်၊

(ဌ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးကော်မတီကို ဆိုသည်၊

(ဍ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်၊

(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်၊

(ဏ) **ဝန်ကြီး** ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်၊

(တ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်၊

(ထ) **သစ်တောအရာရှိ** ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ မြို့နယ်တာဝန်ခံအဆင့် သို့မဟုတ် သဘာဝနယ်မြေ အုပ်ချုပ်ရေးမှူးမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တာဝန်ခံအထိ အဆင့်ဆင့်သော အရာရှိများကို ဆိုသည်၊

(ဒ) **သစ်တောဝန်ထမ်း** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ တောကြပ်အဆင့်မှညွှန်ကြားရေးမှူးချုပ် အဆင့်အထိ အဆင့်ဆင့်သော ဝန်ထမ်းများကို ဆိုသည်၊

(ဓ) **အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)အရ သတ်မှတ်တည်ထောင်ထားသည့် သဘာဝနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို စီမံအုပ်ချုပ်ရန်ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ခြင်းခံရသည့် သစ်တောအရာရှိကို ဆိုသည်၊

(န) **လုံးဝကာကွယ်ထားသည့်တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ ရှားပါးပြီး မျိုးသုဉ်းမည့် အန္တရာယ်ကျရောက်နေခြင်းကြောင့် အထူးကာကွယ်ထိန်းသိမ်းရန် သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သော တောရိုင်းတိရစ္ဆာန်များကိုဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တောရိုင်းတိရစ္ဆာန်များ၏အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်းပါဝင်သည်၊

(ပ) **ကူးသန်းရောင်းဝယ်ရာတွင်ကာကွယ်ထိန်းချုပ်သည့်တိရစ္ဆာန်နှင့် အပင်များ** ဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ကာကွယ်ထိန်းချုပ်နိုင်ရန် သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော တိရစ္ဆာန်နှင့်အပင်ကိုဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တိရစ္ဆာန်နှင့် အပင်များ၏ အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်းပါဝင်သည်။

အခန်း (၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစိုးရ၏ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) အစိုးရ၏ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဂေဟစနစ်များနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသောငှက်များ ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(ဃ) ဘူမိရူပထူးခြားသည့် နေရာဒေသများ၊ မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်၊

(င) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊

(စ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန်။

(ဆက်လက်ဖော်ပြပါမည်)

ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း

အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်

ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ----- ။)
၁၃၇၉ ခုနှစ်၊ လ ရက်
(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(န)တွင်ပါရှိသော **“ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန”** ဆိုသည့်စကားရပ်ကို **“ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန”** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆တွင် ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဃ) ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကိုအသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း သို့မဟုတ် အသရေဖျက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း။”

၄။ ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၀ကို အောက်ပါအတိုင်းအစားထိုးရမည်-

“၈၀။(က) ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ခ) ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဂ)၊ (ဃ)နှင့် ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) တို့ပါ ပြစ်မှုများမှတစ်ပါး ကျန်ပြစ်မှုများကိုတရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

(ဂ) ပုဒ်မ ၆၅၊ ပုဒ်မ ၆၆ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဃ)တို့ပါ ပြစ်မှုများကို အာမခံပေးနိုင်သည့် ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ဃ) မည်သည့်တရားရုံးမျှ ပုဒ်မ ၆၆၊ပုဒ်မခွဲ(ဃ)ပါဆက်သွယ်ရေးကွန်ရက် တစ်ခုခုကိုအသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား အသရေဖျက်ခြင်းပြုကြောင်း သက်ဆိုင်ရာ နစ်နာသူကိုယ်တိုင်ဖြစ်စေ၊ ထိုသူ၏ ကိုယ်စားလွှဲအပ်ခြင်းခံရသူကဖြစ်စေ တိုင်တန်းချက်အရ မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုရ။”

မိုးတွင်းကာလ ကျောင်းသား ကျောင်းသူများအား အသက်ကယ်အင်္ကျီ ပေးအပ်

ကသာ ဇူလိုင် ၈

မိုးတွင်းကာလ ရောဝတီမြစ်ရေကြီးချိန် ကျောင်းသား ကျောင်းသူများ အသက်အန္တရာယ်ကင်းရေး အသက်ကယ်အင်္ကျီ အခမဲ့ပေးအပ်ခြင်းကို ကသာမြို့နယ် အွန်လိုင်းချစ်သူများအဖွဲ့က လှူဒါန်းထောက်ပံ့ရာ ဇူလိုင် ၇ ရက်က ကသာမြို့အရှေ့ဘက်ကမ်းရှိ ဒုံးအော့ကျေးရွာ ရွာဟောင်းမှ စာသင်ကျောင်းကို ကျောင်းတက်ရန် သွားရောက်မည့် ကျောင်းသား ကျောင်းသူ ၆၈ ဦးနှင့် ကသာမြို့အောက်ဝဲကြီးကျေးရွာရှိ စာသင်ကျောင်းများတွင်လည်း ၃၆ ဦးအတွက် သွားရောက်လှူဒါန်းဝတ်ဆင်ပေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ကျွန်းထဲမှကူးတို့နဲ့ ကျောင်းတက်လာရတဲ့ ကျောင်းသား ကျောင်းသူတွေကို အခုလို မိုးတွင်းကာလ ရောဝတီမြစ်ရေကြီးနေချိန်မှာ မတော်တဆ ရေထဲပြုတ်ကျခြင်း အသက်အန္တရာယ်ကင်းဝေးစေရေးအတွက် အသက်ကယ်အင်္ကျီတွေကို ကသာမြို့ အွန်လိုင်းချစ်သူအဖွဲ့က ထောက်ပံ့လှူဒါန်းတာပါ။ ကျွန်မတို့ လှူရတာအကျိုးရှိလို့ ဝမ်းသာပါတယ်”ဟု အွန်လိုင်းချစ်သူအဖွဲ့ဝင်တစ်ဦးက ပြောသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများအား အသက်ကယ်အင်္ကျီလှူဒါန်းမှုကို ကသာမြို့နယ်အွန်လိုင်းချစ်သူများအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သတင်းမီဒီယာများ လိုက်ပါခဲ့ကြပြီး လမ်းပန်းဆက်သွယ်သွားလာနိုင်ရေး မီးသတ်ဦးစီးဌာန ရေယာဉ်နှင့် ပြင်ပ(ငှားရမ်း) ရေယာဉ်များဖြင့် သွားရောက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

ငွေအိုး (ကသာ)

အကြမ်းဖက်မှုများတိုက်ဖျက်သွားရန် ဂျီ-၂၀ ခေါင်းဆောင်များသဘောတူ

ဟမ်းဘတ် ဇူလိုင် ၈

ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ ပြုလုပ်လျက်ရှိသော ဂျီ-၂၀ ထိပ်သီးအစည်းအဝေး ပထမရက်တွင် ဂျီ-၂၀ ခေါင်းဆောင်များက အကြမ်းဖက်မှုဆန့်ကျင်တိုက်ဖျက်ရန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ရန် ဆွေးနွေးခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ဂျာမနီနိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူကျင်းပသော ဂျီ-၂၀ အစည်းအဝေးတွင် အကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်များအပြင် ကမ္ဘာ့စီးပွားရေးတိုးတက်မှု၊ ကုန်သွယ်ရေးနှင့် ရာသီဥတုပြောင်းလဲရေး စသည့် အကြောင်းအရာများဆွေးနွေးခဲ့ကြောင်း သိရသည်။ ထို့အပြင် အာဖရိကနှင့် မိတ်ဖက်ဆက်ဆံရေး၊ ရွှေ့ပြောင်းသွားလာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေများနှင့်အညီ အကြမ်းဖက်မှုတိုက်ဖျက်ရေးများအားလုံးကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယမန်နေ့ကထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ဂျီ-၂၀ ခေါင်းဆောင်များက ကတိကဝတ်ပြုခဲ့ကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်မှု တိုက်ဖျက်ရေးအားလုံးကို ပိုမိုထိရောက်စွာလုပ်ဆောင်နိုင်ရန်အတွက် အင်တာပို၏ သတင်းအချက်အလက်မျှဝေခြင်း လုပ်ထုံးလုပ်နည်းများကို အပြည့်အဝအသုံးပြုသွားရန် ဂျီ-၂၀ ခေါင်းဆောင်များက သဘောတူခဲ့သည်။ ဂျီ-၂၀ ခေါင်းဆောင်များက အကြမ်းဖက်သမားများ၏ ဘဏ္ဍာရေးနှင့် သက်ဆိုင်သော ချန်နယ်များ၊ နည်းပညာများနှင့် အရင်းအမြစ်များအားလုံးကို ထိန်းချုပ်ကိုင်တွယ်ရန် ကတိပြုကြောင်း၊ ထို့အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များနှင့် ကမ္ဘာလုံးဆိုင်ရာ ငွေကြေးလုပ်ဆောင်မှုစံနှုန်းအတိုင်း လျင်မြန်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်းများအား ဆန့်ကျင်တိုက်ဖျက်ရာတွင် ထိရောက်စွာလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

မြောက်ကိုရီးယား၏လုပ်ဆောင်မှုကို ဆန့်ကျင်သည့်အနေဖြင့် ကိုရီးယားကျွန်းဆွယ်ပေါ်တွင် အမေရိကန်ဗုံးကြဲလေယာဉ်များ ဖြတ်ကျော်ပျံသန်း

ဆိုးလ် ဇူလိုင် ၈

အမေရိကန်က ကိုရီးယားကျွန်းဆွယ်ပေါ်တွင် ဗုံးကြဲလေယာဉ်များ ဖြတ်ကျော်ပျံသန်းကာ မြောက်ကိုရီးယားကို ဆန့်ကျင်ကြောင်း ပြသလိုက်သည်။

ဂူအမ်မှ ထွက်ခွာလာသော ဗုံးကြဲလေယာဉ်များသည် လေ့ကျင့်ရေးကွင်း၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို တောင်ကိုရီးယား ဂျက်တိုက်လေယာဉ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် မကြာသေးမီက ပြုလုပ်ခဲ့သော မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်ခြင်းကို ဆန့်ကျင်ကြောင်းပြသလိုသည့် သဘောဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယား၏ လှုပ်ရှားဆောင်ရွက်မှုသည် အမေရိကန်မဟာမိတ်များကို ခြိမ်းခြောက်သည့်သဘောဖြစ်ကြောင်း အမေရိကန်ပစိဖိတ်လေတပ်အကြီးအကဲက ပြောခဲ့သည်။ အမေရိကန်တပ်ဖွဲ့များသည် လေ့ကျင့်ရည်ပြည့်ဝပြီး တိုက်ခိုက်မှုများ ပြုလုပ်ရန် အဆင်သင့်ဖြစ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန် ဗုံးကြဲလေယာဉ်နှင့် တိုက်လေယာဉ်များကို တွေ့ရစဉ်

ဇူလိုင် ၈ ရက်က ပြုလုပ်ခဲ့သည့် အဆိုပါလေ့ကျင့်မှုသည် နှစ်နာရီကျော်ကြာကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောခဲ့သည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်ဗုံးကြဲလေယာဉ်များက ဗုံးများကြဲချပြီး တောင်ကိုရီးယား တိုက်လေယာဉ်နှစ်စင်းက အရေးကြီးသော မြေပြင်ပစ်မှတ်များကို ပစ်ခတ်ခဲ့ကြောင်း သိရသည်။

မည်သည့်အချိန်ဒေသတွင်မဆို ရန်သူများကို တိုက်ခိုက်ရန်အဆင်သင့်ဖြစ်ကြောင်း တောင်ကိုရီးယား လေတပ်အကြီးအကဲက ပြောခဲ့သည်။

မြောက်ကိုရီးယား၏ လုပ်ဆောင်မှုများသည် စစ်ပွဲဖြစ်ပေါ်ရန် နီးကပ်လာစေသည်ဆိုသည်ကို မယုံကြည်ကြောင်း၊ အမေရိကန်အနေဖြင့် မြောက်ကိုရီးယားအရေးကိစ္စ သံတမန်နည်းအရ ဖြေရှင်းမှုများလုပ်ဆောင်ရန် ကြိုးစားလျက်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဂျင်မက်တ်တစ်က မကြာသေးမီကပြောခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

မန်ချက်စတာအကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး ၂၃ ဦးမြောက် လူတစ်ဦးကို ဖမ်းဆီးရမိ

လန်ဒန် ဇူလိုင် ၈

မန်ချက်စတာရဲတပ်ဖွဲ့သည် လီဗာပူးလ် ဂျွန်လန်နွန်လေဆိပ်တွင် ယမန်နေ့က စစ်ဆင်ရေးတစ်ရပ်ပြုလုပ်ခဲ့ကာ အသက် ၁၉ နှစ်အရွယ် လူတစ်ဦးကို ဖမ်းဆီးခဲ့ပြီး လူ ၂၂ ဦး သေဆုံးခဲ့သော မန်ချက်စတာ ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဇူလိုင် ၈ ရက်က ဖော်ပြခဲ့သည်။

ဒေသတွင်းရဲတပ်ဖွဲ့က ဖမ်းဆီးရမိသူတွင် မန်ချက်စတာ အကြမ်းဖက် တိုက်ခိုက်မှုနှင့် သက်ဆိုင်သော အထောက်အထားများ တွေ့ရှိခဲ့ကြောင်းပြောခဲ့သည်။ ယခုဖမ်းဆီးမိသူသည် မန်ချက်စတာအကြမ်းဖက် တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး ၂၃ ဦးမြောက် ဖမ်းဆီးရမိသူဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

ယူကရိန်းပဋိပက္ခပြေငြိမ်းရန် စစ်မှန်သော သဘောတူညီချက်လိုအပ်

မော်စကို ဇူလိုင် ၈

စစ်မှန်ထိရောက်သော ယူကရိန်းအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြစ်ပေါ်ရန် လိုအပ်သောဆောင်ရွက်မှုများ လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ ထို့အပြင် ယူကရိန်းတွင် ဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများအဆုံးသတ်ရေး မင့်ခ်သဘောတူညီချက် အကောင်အထည်ဖော်ရေးမှာလည်း မျှော်မှန်းထားသည်ထက် ပိုမိုနှေးကွေးလာကြောင်း ကရင်မလင်က ဇူလိုင် ၈ ရက်က ပြောခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ယူကရိန်းအရေးနှင့် ပတ်သက်ပြီး အစောပိုင်းက ပြင်သစ်သမ္မတ အမ်မန်နျူရယ်နှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့နှင့် တွေ့ဆုံခဲ့သည်။ မက်ခရွန်က ၎င်းအနေဖြင့် ယူကရိန်းပဋိပက္ခကို ဖြေရှင်းရန် အဆင်သင့်မဖြစ်သေးကြောင်း၊ သို့သော်လည်း ယူကရိန်းအရေးနှင့်ပတ်သက်ပြီး ရုရှား၊ ပြင်သစ်နှင့် ဂျာမနီသုံးနိုင်ငံ ဆွေးနွေးမှုသည် အပြုသဘောဆောင်ကြောင်း ပြောခဲ့သည်။

ယူကရိန်းအရေးဖြေရှင်းမည့် နည်းလမ်းများရှိလျှင် ၎င်းအနေဖြင့် ဖြေရှင်းပြီးဖြစ်ကြောင်း၊ ထို့အပြင် နည်းလမ်းသိမည်ဆိုပါက ရုရှား၊ ပြင်သစ်နှင့် ဂျာမနီ သုံးနိုင်ငံခေါင်းဆောင်များနှင့် ဆွေးနွေးဖလှယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတက ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် တင်ထားသော ရုပ်သံဖိုင်တွင်ပြောကြားခဲ့သည်။ **(ရိုက်တာ)**

အီရတ်တပ်ဖွဲ့ဝင်များ မိုဆူးလ်မြို့ကို ပြန်လည်သိမ်းပိုက်ပြီး အောင်ပွဲခံ

မိုဆူးလ် ဇူလိုင် ၈

အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများက မိုဆူးလ်တွင် အသေခံတိုက်ခိုက်မည်ဟု မည်မျှပင်ကြွေးကြော်နေစေကာမူ နောက်ဆုံးတွင် အီရတ်တပ်ဖွဲ့ဝင်များက အဆိုပါမြို့အား အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဇူလိုင် ၈ ရက်က ဖော်ပြခဲ့သည်။

အီရတ်တပ်ဖွဲ့ဝင်များသည် မိုဆူးလ်မြို့အား အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် တရားဝင်ကြေညာချက်ကိုပင် မစောင့်ဆိုင်းနိုင်တော့ဘဲ တီကရစ်မြစ်ကမ်းပါး အုတ်ကျိုးအုတ်ပဲ့များကြား ပျော်ရွှင်စွာအောင်ပွဲခံလျက်ရှိသည်ဟု ရိုက်တာ သတင်းထောက်တစ်ဦးက ပြောခဲ့သည်။ တချို့က ကုန်ကားထဲတွင် သီချင်းများဟစ်ကြွေးသီဆို ကခုန်လျက်ရှိကြောင်း၊ တချို့ကလည်း စက်သေနတ်များ မိုးပေါ်ထောင်ပစ်ကာ အားရဝမ်းသာ ပျော်ရွှင်လျက်ရှိကြောင်း ၎င်းကပြောကြားခဲ့သည်။ **(ယာပုံ)**

လအတော်ကြာ တိုက်ပွဲများဖြစ်ပွားမှုကြောင့် မိုဆူးလ်ဒေသခံတစ်သန်းနီးပါး ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ရကြောင်း၊ အများစုမှာ ပူပြင်းသောအပူဒဏ်ကို အန်တုကာ မြို့ပြင်ရှိစခန်းများတွင် နေထိုင်လျက်ရှိကြောင်းသိရသည်။

အဆောက်အအုံများကို ပြန်လည်ပြုပြင်နိုင်ခြင်းမရှိသလို စစ်ပွဲရှောင်ဒေသခံများကလည်း အိမ်မပြန်ဘဲ နေမည်ဆိုပါက လွတ်မြောက်ခြင်း၏အရသာမှာ အဓိပ္ပာယ်ရှိမည်မဟုတ်ကြောင်း မိုဆူးလ်အရှေ့ဘက် ဟက်ဆန်စခန်းမှ အသက် ၄၃ နှစ်အရွယ် အထည်အလိပ်ကုန်သည် မိုဟာမက်ဟာဂျီအာမက်က ရိုက်တာသို့ ပြောခဲ့သည်။

အကြမ်းဖက်စစ်သွေးကြွတို့၏ ခံစစ်ကျရှုံးသွားပြီဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ပြောကြားချက်ကို ဇူလိုင် ၈ ရက်အစောပိုင်းက နိုင်ငံပိုင် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ခဲ့သည်။ နောက်ဆုံးအောင်ပွဲကို မကြာမီကြေညာသွားမည်ဖြစ်ကြောင်း အစီအစဉ်တင်ဆက်သူက ဆက်လက်ပြောကြားခဲ့သည်။ **(ရိုက်တာ)**

အကျိုးရှိ၍ တွက်ခြေကိုက်မည့် နိုင်ငံပိုင်ဂြိုဟ်တုစနစ်ကို အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်နေ

တွေ့ဆုံမေးမြန်း - သူရဇော်

ပြောင်းလဲလျက်ရှိသည့် ခေတ်စနစ်နှင့်အညီ နိုင်ငံအတွက် ကိုယ်ပိုင်ဂြိုဟ်တုသည် မရှိမဖြစ်လိုအပ်လျက်ရှိသည်။ နိုင်ငံပိုင်ဂြိုဟ်တုတစ်ခု ပိုင်ဆိုင်နိုင်ရန် နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ဘဏ္ဍာငွေတို့သည် အခြေခံလိုအပ်ချက်များ ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကိုယ်ပိုင်ဂြိုဟ်တု ပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံနှင့် ပြည်သူများအား ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လာမည့်ငါးနှစ်အတွင်း ကိုယ်ပိုင်ဂြိုဟ်တုပိုင်ဆိုင်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ဂြိုဟ်တုဆက်သွယ်ရေးအင်ဂျင်နီယာချုပ် ဦးဝင်းအောင်အား ဆက်သွယ်မေးမြန်းခဲ့ပါသည်။

မေး။ နိုင်ငံပိုင်ဂြိုဟ်တုစနစ် အကောင်အထည်ဖော်နေမှုများကို ရှင်းပြပေးပါခင်ဗျာ။

ဖြေ။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ် တည်ထောင်ရေးဆိုပြီး ဆောင်ရွက်နေပါတယ်။ ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်ဖို့အတွက် ငွေကြေးလိုအပ်ပါတယ်။ အချိန်အားဖြင့်လည်း ငါးနှစ်ခန့်လိုအပ်ပါတယ်။ ဒါ့အပြင် ဂြိုဟ်တုကိုထိန်းသိမ်းမယ့် အင်ဂျင်နီယာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်တွေ လိုအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ချက်ချင်း ဂြိုဟ်တုလွှတ်တင်လို့ မရပါဘူး။

ဒါကြောင့် ၂၀၁၅ ခုနှစ်ကစပြီး မြန်မာ့ဂြိုဟ်တုစနစ် တည်ထောင်ရေးအတွက် ဆောင်ရွက်ရမယ့်အချက်အလက်တွေကို အကြံပေးအဖွဲ့ကို ငှားရမ်းဆောင်ရွက်ခဲ့ပါတယ်။ အကြံပေးအဖွဲ့က တင်ဒါခေါ်ယူစိစစ်ပြီး Intelsat ကို ရွေးချယ်ပေးခဲ့ပါတယ်။ ရှေ့က အတွေ့အကြုံတွေအရ အဆင့်သုံးဆင့်နဲ့ ဆောင်ရွက်သွားဖို့ ကျွန်တော်တို့ ဆုံးဖြတ်ခဲ့ပါတယ်။

မေး။ အဆင့် ၃ ဆင့်နဲ့ ဆောင်ရွက်နေမှုကို ရှင်းပြပေးပါ ခင်ဗျာ။

ဖြေ။ ပထမအဆင့်အနေနဲ့ Condoats စနစ်နဲ့ဆောင်ရွက်ပါတယ်။ Condoats ဆိုတာ Condominium တိုက်ခန်းတွေ ငှားတဲ့ သဘောမျိုးပါပဲ။ ဂြိုဟ်တုမှာရှိတဲ့အခန်းအချို့ကို ပုတ်ပြတ်ငှားရမ်းတဲ့ သဘောဖြစ်ပါတယ်။ အမေရိကန်ဂြိုဟ်တု Intelsat ကနေပြီး ကျွန်တော်တို့က ထရန်စပွန်ဒါ ၁၀ ခုကို ငှားရမ်းအသုံးပြုပါတယ်။ ထရန်စပွန်ဒါ ဆိုတာ ဂြိုဟ်တုပေါ်မှာရှိတဲ့ အမ်ပလီဖိုင်ယာကို ခေါ်တာပါ။ သူက မြေပြင်တစ်နေရာက ထုတ်လွှတ်တဲ့လှိုင်းနှုန်းကို ဖမ်းပြီး အခြားတစ်နေရာက ပြန်ဖမ်းလို့ရအောင် ပြန်လွှင့်ချပေးပါတယ်။ ဒီလို ငှားရမ်းအသုံးပြုတဲ့အတွက် သူတို့က မြန်မာနာမည်တပ်ပေးပါတယ်။ ထရန်စပွန်ဒါ ၁၀ ခုမှာ ခုနစ်ခုက ဂြိုဟ်တုတစ်လုံး C-Band လို့ ခေါ်ပါတယ်။

နောက် Ku Band သုံးခုအတွက် ဂြိုဟ်တုတစ်လုံးပါပါတယ်။ ထရန်စပွန်ဒါ ခုနစ်ခုမှာ အမှန်တကယ်ပါဝင်တာက Bandwidth ၇၂ မဂ္ဂါဟတ်ဇ်ရှိတဲ့ ထရန်စပွန်ဒါသုံးခု၊ Bandwidth ၃၆ မဂ္ဂါဟတ်ဇ်ရှိတဲ့ ထရန်စပွန်ဒါတစ်ခု စုစုပေါင်း ၂၅၂ မဂ္ဂါဟတ်ဇ် ဖြစ်ပါတယ်။ Bandwidth က ငှားရမ်းမယ့်လှိုင်းရဲ့ပမာဏအကျယ်ဖြစ်ပါတယ်။ မဂ္ဂါဟတ်ဇ်က လှိုင်းနှုန်းကိုတိုင်းတာတဲ့ ယူနစ်ဖြစ်ပါတယ်။

အဲဒါတွေ အားလုံးပေါင်းပြီး Myanmar Sat-1A ဆိုပြီး အသုံးပြုနေပါတယ်။ ဂြိုဟ်တုရဲ့တည်နေရာက ၆၂ ဒီဂရီလောင်ဂျီတွဒ်မှာ တည်ရှိနေပါတယ်။ ဂြိုဟ်တုရဲ့မူလပိုင်ရှင်က Intelsat ၉၀၂ ဖြစ်ပြီး ဒါကို ငှားရမ်းအသုံးပြုတဲ့အတွက် Myanmar Sat-1A လို့ နာမည်ပေးထားခြင်း ဖြစ်ပါတယ်။

Ku Band ကို Myanmar Sat-1B အနေနဲ့ ၆၄ ဒသမ ၁၅ ဒီဂရီလောင်ဂျီတွဒ်မှာရှိပြီး ပင်မဂြိုဟ်တု IS ၉၀၆ မှ ထရန်စပွန်ဒါ သုံးခုကို ယူပြီး Myanmar Sat-1B အနေနဲ့ ကျွန်တော်တို့က Condosat ဆိုပြီး အသုံးပြုနေပါတယ်။ ကျွန်တော်တို့ အခုလက်ရှိဆောင်ရွက်နေတဲ့ ပထမအဆင့် ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဝန်ကြီးဌာနတွေ၊ ကုမ္ပဏီတွေအနေနဲ့ ဂြိုဟ်တုကို Operator ပေါင်းစုံကနေ ငှားရမ်းအသုံးပြုနေပါတယ်။ ကျွန်တော်တို့အနေနဲ့ စုစည်းပြီး တစ်စုတစ်ဝေးတည်း နှစ်ရှည်ငှားရမ်းအသုံးပြုရင် ဈေးနှုန်းသက်သာမယ့်အပြင် Bandwidth ကျယ်ကျယ် အသုံးပြုနိုင်ပါမယ်။ အဲ့လိုရည်ရွယ်ချက်နဲ့ Condo Sat ကို ကျွန်တော်တို့ တည်ထောင်ရခြင်း ဖြစ်ပါတယ်။

မေး။ အချိန်ဘယ်လောက်နဲ့ စာချုပ်ချုပ်ဆိုခဲ့ပါသလဲ။

ဖြေ။ အချိန်အားဖြင့် တစ်နှစ်တည်း စာချုပ်ချုပ်ဆိုရင် Bandwidth သေးသေးယူရင် ဈေးကြီးပါတယ်။ အခုဟာက နှစ်ရှည် ငါးနှစ်စာချုပ်ချုပ်လိုက်တဲ့အတွက် ဈေးနှုန်းသက်သာတဲ့အပြင် Bandwidth ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို အသုံးပြုနိုင်ဖို့အတွက် ၂၀၁၆ ခုနှစ် မေ ၂၇ ရက်မှာ Intelsat နဲ့ စာချုပ်ချုပ်ဆိုပြီး Myanmar Sat-1A နဲ့ဆောင်ရွက်နေပါတယ်။ ဒါကို ကျွန်တော်တို့က ကာလတို ငါးနှစ်စာချုပ် သို့မဟုတ် Condo Sat လို့ ခေါ်ပါတယ်။

ဇူလိုင် ၃ ရက်မှာ ကျင်းပတဲ့ အစည်းအဝေးက မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီရဲ့ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါတယ်။ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၇ ခုနှစ် ဧပြီ ၂၈ ရက်မှာ လုပ်ခဲ့ပါတယ်။

မေး။ Myanmar Sat - 2 ကို ဘယ်လိုဆောင်ရွက်သွားမှာလဲ ခင်ဗျာ။

ဖြေ။ Myanmar Sat-2 ကို အမေရိကန်ကုမ္ပဏီ Intelsat က ၂၀၁၉ ခုနှစ် ဇွန်လမှာ လွှတ်တင်တဲ့အခါ ပါဝင်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ရည်မှန်းချက်က ပထမအဆင့် Condo Sat ၊ ဒုတိယအဆင့် JV သို့မဟုတ် Co-Ownership ပါ။ ယခုလက်ရှိ အသုံးပြုနေတဲ့စနစ်က အသုံးပြုနိုင်မှုနည်းပါတယ်။ ဒါကြောင့် Myanmar Sat-2 အနေနဲ့ တစ်ဆင့်တက်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ နောက်ဆုံးအဆင့်အနေနဲ့ ကိုယ်ပိုင်ဂြိုဟ်တု National Satellite စနစ်ကို သွားမှာဖြစ်ပါတယ်။

မေး။ National Satellite စနစ်ကို ရှင်းပြပေးပါခင်ဗျာ။

ဖြေ။ ကိုယ်ပိုင်ဂြိုဟ်တု National Satellite စနစ်ကို တန်းမသွားနိုင်တာက ငွေကြေးအနေနဲ့ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကုန်မယ်။ မြေပြင်ထိန်းသိမ်းရေး အဆောက်အအုံတွေနဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ လိုအပ်ပါတယ်။ လုပ်ငန်းစဉ်တစ်ခုလုံးအတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကုန်ကျမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရှေ့က ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်ခဲ့တဲ့ လာအိုနိုင်ငံကို လေ့လာခဲ့ပါတယ်။

လာအိုနိုင်ငံက ပြည်ပချေးငွေနဲ့ ဂြိုဟ်တုတည်ဆောက်ရာမှာ အမေရိကန်ဒေါ်လာ ၂၅၉ သန်းကုန်ကျခဲ့ပါတယ်။ သူတို့နိုင်ငံအနေနဲ့ထရန်စပွန်ဒါ နှစ်ခုသာ အသုံးပြုတဲ့အတွက် ပိုနေတဲ့ ထရန်စပွန်ဒါ ၂၀ ကို ပြန်ပြီးငှားဖို့ လိုက်ရှာနေရပါတယ်။ အငှားမရတဲ့အတွက် ပြည်ပကြွေးမြီတင်တဲ့အပြင် ဂြိုဟ်တုသာရှိပြီး အသုံးပြုနိုင်မှုအပိုင်းမှာ အားနည်းခဲ့ပါတယ်။ သူတို့နိုင်ငံအနေနဲ့ ဂြိုဟ်တုပိုင်ဆိုင်ပြီး တွက်ခြေမကိုက်တာကို လေ့လာတွေ့ရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံပိုင်ဂြိုဟ်တုစနစ်ကို အကောင်အထည်ဖော်ရာမှာ အဆင့်သုံးဆင့်ခွဲပြီး အဆင့်အလိုက် ဖြည်းဖြည်းချင်း အကောင်အထည်ဖော်ရာမှာ ပထမအဆင့် ဂြိုဟ်တုရဲ့တစ်စိတ်တစ်ပိုင်းကို ငှားရမ်းအသုံးပြုနေရာကနေ ယခု ဒုတိယအဆင့်အနေနဲ့ ဂြိုဟ်တုကို စပ်တူလွှတ်တင် အသုံးပြုတဲ့အဆင့်ကို သွားနေပါတယ်။ ဇူလိုင် ၃ ရက်က အစည်းအဝေးမှာ ဒုတိယအဆင့်လုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်တဲ့အချက်တွေကို ညှိနှိုင်းဆွေးနွေးခြင်း ဖြစ်ပါတယ်။

မေး။ ဒုတိယအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဘယ်လိုအားသာချက်တွေ ရှိပါသလဲခင်ဗျာ။

ဖြေ။ ဒုတိယအဆင့်ကို ဆောင်ရွက်ရင် ဂြိုဟ်တုသက်တမ်းအတိုင်း ငှားရမ်းခပေးစရာမလိုဘဲ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အစည်းအဝေးမှာ အမေရိကန်ကုမ္ပဏီ Intelsat က ၂၀၁၉ ခုနှစ်မှာ လွှတ်တင်မယ့်ဂြိုဟ်တုမှာ အရင်းအနှီးထည့်ဝင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီအတွက် လိုအပ်တဲ့ ဘဏ္ဍာရေးဆိုင်ရာအသုံးပြုခွင့်ရရှိဖို့ စီးပွားရေးရာကော်မတီကို တင်ပြခဲ့ပါတယ်။ ခွင့်ပြုချက်ရပါပြီ။ အခုဆက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (ကက်ဘိနက်)ကိုတင်ဖို့ ဆောင်ရွက်နေပါတယ်။ ကက်ဘိနက်က ခွင့်ပြုချက်ရရှိရင် လွှတ်တော်ကို ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဇူလိုင်လအတွင်းမှာ အပြီးဆောင်ရွက်ရမှာဖြစ်ပြီး လကုန်ပိုင်းမှာ အမေရိကန်ကုမ္ပဏီဘက်ကို အကြောင်းပြန်ကြားရမှာ ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ် ဇွန်လမှာ ဂြိုဟ်တုလွှတ်တင်ပြီးရင် Myanmar Sat-2 အနေနဲ့ စတင် အသုံးပြုခွင့်ရရှိမှာဖြစ်ပြီး မူလအသုံးပြုနေတဲ့ Myanmar Sat-1 က ထရန်စပွန်ဒါတွေကိုပါ လွှဲပြောင်းအသုံးပြုမှာဖြစ်ပါတယ်။ Myanmar Sat-2 အနေနဲ့ အသုံးပြုနိုင်ရင် လက်ရှိအသုံးပြုနေတဲ့ ကဏ္ဍတွေအပြင် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ကျန်းမာရေး၊ ပညာရေး ကဏ္ဍတွေမှာ ဂြိုဟ်တုစနစ်သုံးသင်ကြားရေး၊ ကုသရေးဆိုင်ရာ လုပ်ငန်းတွေကို ဆောင်ရွက်နိုင်မယ့်အပြင် အခြားသော ဝန်ကြီးဌာနနဲ့ ကုမ္ပဏီတွေအနေနဲ့ ဈေးနှုန်းသက်သက်သာသာနဲ့ အသုံးပြုနိုင်သွားမှာဖြစ်ပါတယ်။

မေး။ ဒေသအတွင်း ဂြိုဟ်တုအသုံးပြုနေမှုတွေနဲ့ပတ်သက်ပြီး ရှင်းပြပေးပါ ခင်ဗျာ။

ဖြေ။ ကိုယ်ပိုင်ဂြိုဟ်တု အသုံးပြုမှုက အာဆီယံနိုင်ငံတွေမှာ အတော်များများ အသုံးပြုနေကြပါပြီ။ မရှိတာက ဘရူနိုင်း၊ မြန်မာနဲ့ ကမ္ဘောဒီးယားပဲ ရှိပါတယ်။ ဘရူနိုင်းက နိုင်ငံသေးတဲ့အပြင် ချမ်းသာတဲ့အတွက် ဂြိုဟ်တုတင်စရာမလိုဘဲ ငှားရမ်းအသုံးပြုရုံနဲ့ လုံလောက်နေပါပြီ။ လွှတ်တင်မှာ မဟုတ်တော့ပါဘူး။ ဂြိုဟ်တုရဲ့သက်တမ်းက ၁၅ နှစ်ကျော်ပြီး သန်း ၃၀၀ လောက်ရင်းပြီး ငှားရမ်းအသုံးပြုသူမရှိရင် နိုင်ငံအတွက် အကြွေးတင်နိုင်ပါတယ်။

ဒါကြောင့် အဲဒီလိုဖြစ်စဉ်မဖြစ်ရအောင် တစ်ဆင့်ချင်း ဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။ ကိုယ်ပိုင်ဂြိုဟ်တုတင်နိုင်တဲ့အတွက် နိုင်ငံဂုဏ်တက်မယ်ဆိုပြီး လုပ်လို့မရပါဘူး။ ကျွန်တော်တို့အနေနဲ့ ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်တဲ့အခါမှာ အသုံးပြုတဲ့သူတွေအတွက်လည်း အရည်အသွေးကောင်းရမယ့်အပြင် ဈေးနှုန်းလည်း သက်သာရပါမယ်။ ဒါ့အပြင် နိုင်ငံခြားသုံးငွေကိုလည်း ချွေတာနိုင်အောင် အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ။

ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ခင်ဗျာ။

မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် ရိုးရာယဉ်ကျေးမှု ဝါဆိုပန်းကပ်လှူခြင်းဓလေ့ကို ဖော်ထုတ်နေ

မန္တလေး ဇူလိုင် ၈

မြန်မာလူမျိုးတို့၏ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဝါဆိုလတွင် ဝါဆိုပန်းဆက်ကပ်လှူဒါန်းခြင်းဓလေ့ကို မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများက ဖော်ထုတ်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

ဆယ့်နှစ်လရာသီပွဲတော်များတွင် လအလိုက်တည်ရှိနေသည့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို သိရှိတန်ဖိုးထားထိန်းသိမ်းလာစေရန်နှင့်မူလတန်းအရွယ်ကတည်းက ယဉ်ကျေးလိမ္မာပြီး ဘာသာရေးအသိရှိကာ လှူဒါန်းလိုစိတ်များဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြုစုပျိုးထောင်ပေးခြင်းဖြစ်ကြောင်း အောင်မြေသာစံမြို့နယ်ရှိ ချမ်းသာကြီးဘုရားသို့ ဝါဆိုပန်းများဆပ်ကပ်လှူဒါန်းရန် လာရောက်ကြသည့် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးကပြောကြားသည်။

ချမ်းသာကြီးဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌကလည်း “ဝါဆိုလရောက်ရင် ကျောင်းတော်တော်များများက ကျောင်းသားကျောင်းသူတွေနဲ့ ဆရာ၊ မိဘတွေ ပူးပေါင်းပြီး အခုလို ဝါဆိုပန်းဆက်ကပ်တဲ့အလှူကို လာရောက် လှူဒါန်းလေ့ရှိပါတယ်။ ဒီလိုအစဉ်အလာကောင်းတွေအရ ရှေးစာတစ်ခုအနေနဲ့ ပြောရရင် အိုးများမှာရိုက်နှိပ်ထားတဲ့တံဆိပ်တွေဟာ အိုးကွဲသွားပေမယ့်လည်း တံဆိပ်တွေက မပျက်ပျယ်သလို အခုလို နေ့ထူးနေ့မြတ်တွေမှာ လာရောက်ကုသိုလ်ပြုကြတဲ့ ကျောင်းသား ကျောင်းသူကလေးတွေအနေနဲ့လည်း အသက်အရွယ်ကြီးရင့်သွားသည့်တိုင်အောင် ဘာသာစိတ်၊ ဘာသာတံဆိပ်တွေကို စွဲမြဲစွာ ခတ်နှိပ်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်”ဟု ပြောကြားသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မောင်တောမြို့နယ်ကျေးရွာများသို့ မျိုးစပါးတင်း ၈၀၀ နှင့် လက်တွန်းထွန်စက် ၃၈ စီး ပေးအပ်

မောင်တော ဇူလိုင် ၈

မောင်တောမြို့နယ် ကျေးရွာများသို့ ရခိုင်ပြည်နယ်အစိုးရက မျိုးစပါးနှင့် လက်တွန်းထွန်စက်များ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မောင်တောတောင်ပိုင်း ဥဒေါင်းကျေးရွာ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်အဆင့် စိုက်ပျိုးရေးနှင့် စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မောင်တောမြို့နယ် ကျေးရွာများရှိ လယ်သမားအများစုသည် ကိုယ်ပိုင်ကျွဲ၊ နွား ရှိသူနည်းပါးပြီး လယ်လုပ်သူအချို့မှာလည်း ပေါက်တူးဖြင့်ခုတ်၍သာ စပါးစိုက်ပျိုးကြသဖြင့် ယင်းအခက်အခဲကို ဖြေရှင်းနိုင်ရန် ပြည်နယ်အစိုးရက လယ်သမားများအား ယခု စပါးစိုက်ပျိုးရာသီမှစတင်ကာ သီးစား အငှားမချဘဲ ကိုယ်တိုင် စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးနှင့် လက်တွန်းထွန်စက်များ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ ကျေးရွာပေါင်း ၆၅ ရွာအတွက် မျိုးစပါးတင်း ၈၀၀ နှင့် လက်တွန်းထွန်စက် ၃၈ စီးအား ပထမအသုတ်အနေဖြင့် ပေးအပ်ခြင်းဖြစ်ပြီး ယခုလောလောဆယ် ကျေးရွာတစ်ရွာလျှင် အနည်းဆုံး လက်တွန်းထွန်စက် တစ်စီးမှ နှစ်စီးအထိ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်း - မြင့်မောင်စိုး၊ အောင်ကျော်ဦး

ဓာတ်ပုံ - သက္က

သံလွင်မြစ်ရေတိုက်စားခြင်းကြောင့် နေအိမ်အချို့ အချိန်မီပြောင်းရွှေ့

မြစ်ရေတိုက်စားကာ မြစ်ကမ်းပါးပြိုကျလာသဖြင့် မြစ်ကမ်းပါးအနီးရှိ နေအိမ်အား တာဝန်ရှိသူများ ဝိုင်းဝန်းရွှေ့ပြောင်းပေးကြစဉ်

လှိုင်းဘွဲ့ ဇူလိုင် ၈

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် သံလွင်မြစ်ကမ်းနံဘေးရှိ ရွှေဂွန်းကျေးရွာ လူနေအိမ်အချို့မှာ သံလွင်မြစ်ရေတိုက်စားခြင်းကြောင့် ကမ်းပါးများပြိုကျသဖြင့် ထိခိုက်အန္တရာယ်မရှိစေရေးနှင့် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးတို့အတွက် ဇူလိုင် ၇ ရက် ညနေပိုင်းက တာဝန်ရှိသူများက အချိန်မီပြောင်းရွှေ့နေရာချပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွှေဂွန်းကျေးရွာ မြို့မရပ်ကွက်ရှိ ဒေါ်နွဲ့ရီနေထိုင်သော နေအိမ်မှာ မြစ်ရေတိုက်စားကာ မြစ်ကမ်းပါးပြိုကျလာ၍ နေအိမ်နှင့် ပစ္စည်းများရှုံးဆုံးမှုမရှိစေရန် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ဦးနှင့် ရပ်မိရပ်ဖများ၊ ရွှေဂွန်း နယ်မြေရဲစခန်းမှ ဒုရဲအုပ်ဇော်လင်းနှင့် တပ်ဖွဲ့ဝင်များ၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးငြိမ်းချမ်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက တစ်ရပ်ကွက်တည်းနေ ၎င်း၏ဦးလေးတော်စပ်သူ နေအိမ်သို့ အချိန်မီပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)

မြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် ၆၂ လုံး ကျေးရွာတွင်းသို့ ရွှေ့ပြောင်း

အင်္ဂပူ ဇူလိုင် ၈

အင်္ဂပူမြို့နယ် စစ်ကုန်းကျေးရွာအုပ်စု သဒ္ဒမ္မကျွန်းကျေးရွာ၌ ဇူလိုင် ၅ ရက်က ရောဝတီမြစ်နှင့် ငဝန်မြစ်ရေ တိုက်စားပြီး ကမ်းပါးပြိုကျမှုများဖြစ်ပေါ်လျက်ရှိရာ မြစ်ကမ်းပါးအနီးနေထိုင်သော လူနေအိမ် ၆၂ လုံးအား မြစ်ကမ်းပါးနှင့်ဝေးရာ ကျေးရွာအတွင်းသို့ ရွှေ့ပြောင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကမ်းပါးပြိုကျမှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်၏ ညွှန်ကြားမှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန၊ပညာရေးဌာန၊ ကျန်းမာရေးဌာနများမှ တာဝန်ရှိသူများက ကွင်းဆင်းသွားရောက်ခဲ့ပြီး မြစ်ကမ်းပါးပြိုကျမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊

ကျေးရွာပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး ရပ်မိရပ်ဖများနှင့် ကျေးရွာပြည်သူများက ရွှေ့ပြောင်းအိမ်ထောင်စုများအတွက် မြေနေရာရရှိရေး တင်ပြဆွေးနွေးမှုကို သက်ဆိုင်ရာဌာနများက အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မန်းကျော် (ပြန်/ဆက်)

ခွေးရူးပြန်ရောဂါ ပပျောက်စေရေးအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နေ

နေပြည်တော် ဇူလိုင် ၈

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခွေးရူးပြန်ရောဂါများ ဖြစ်ပွားမှုမရှိစေရေးအတွက် ခွေးရူးပြန်ရောဂါနှိမ်နင်းရေး ကြိုတင်ကာကွယ်ဆေးထိုးလုပ်ငန်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများ ဦးဆောင်၍ ကျေးရွာများအရောက် ကွင်းဆင်းကာ ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာရဲထွဋ်အောင်က ပြောသည်။

ဇူလိုင် ၁၂ ရက်တွင် စတင်ပြီး နွားထိုးကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာသို့ သွားရောက်ကာ ကျွဲ၊ နွား၊ တိရစ္ဆာန်များအပါအဝင် ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“မြင်းခြံမြို့နယ်အတွင်း ကွင်းဆင်းတဲ့ရွာတွေမှာ တချို့ရွာတွေဆိုရင် ခွေးကောင်ရေ ၂၀၀ လောက်ရှိတယ်။ အဲဒီအထဲမှာ တော်တော်များများ ခွေးရူးရောဂါကာကွယ်ဆေးတွေထိုးပြီးသားဖြစ်နေပြီ။ တချို့ ကာကွယ်ဆေးမထိုးရသေးတဲ့ရွာတွေမှာဆိုရင် ခွေးကောင်ရေ ၈၀၊ ၁၀၀ လောက်ကို ခွေးရူးပြန်ရောဂါကာကွယ်ဆေးတွေ ထိုးပေးခဲ့ရတယ်။ နောက်ပြီး မြန်မာနိုင်ငံမှာလည်း ခွေးရူးပြန်ရောဂါ ဖြစ်နေဆဲဖြစ်တယ်။ ဒီရောဂါ ဖြစ်ပြီးတော့ တချို့ရွာတွေမှာ သေဆုံးတာတွေရှိတယ်။ ခွေးရူးပြန်ရောဂါကလည်း ဒီနေ့အချိန်ထိ ကုရာနတ္ထိဆေးမရှိ ပုံစံဖြစ်နေတယ်။ မဖြစ်ခင်မှာတော့ ရာနှုန်းပြည့်ကာကွယ်လို့ရတယ်။ ဖြစ်ပြီဆိုရင် ရာနှုန်းပြည့် သေဆုံးနိုင်ခြေရှိတယ်။ ကာကွယ်တဲ့လုပ်ငန်းမှာ အိမ်မွေးခွေးတွေ၊ ပိုင်ရှင်မရှိတဲ့ ခွေးတွေကိုလည်း ကာကွယ်ဆေးထိုးပေးတယ်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကလည်း ပုံမှန်ကာကွယ်ဆေးတွေ ထိုးပေးနေတဲ့အတွက်ကြောင့် ဖြစ်လေ့ဖြစ်ထရှိတဲ့ ကပ်ရောဂါတွေ သိသိသာသာ နည်းသွားတယ်လို့ ထင်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ တိရစ္ဆာန်များ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ရေဆင်း မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့ ပူးပေါင်းကာ နှစ်စဉ် ကွင်းဆင်း ဆောင်ရွက်နေကြောင်း သိရသည်။

ဇင်ဦး (မြန်မာ့အလင်း)

မောင်တောမြို့နယ်၌ မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၈

မောင်တောမြို့နယ် နိုရူလ္လာကျေးရွာရှိ မော်ဂျီဘူရာမန်၏နေအိမ်အား ယမန်နေ့နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိကြောင်း သိရသည်။

နိုရူလ္လာကျေးရွာနေ မော်ဂျီဘူရာမန်၏ နေအိမ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ယမန်နေ့ နံနက် ၃ နာရီခွဲတွင် ဝင်ရောက်ရှာဖွေရာ စပါးကျီအောက်မှ မသင်္ကာသူ မော်ဂျီဘူရာမန်အား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

မော်ဂျီဘူရာမန်သည် တပ်ဦးချောင်းကျေးရွာအုပ်စု ဖွေရာရွာနေ တာဝန်ခံ အာမိအာလီအား မေ ၇ ရက် ည ၁၀ နာရီခန့်တွင် မျက်နှာဖုံးဝတ်ထားသည့် လူ ၁၀ ဦးခန့်က ဓားဖြင့်ခုတ်သတ်ခဲ့သည့်အမှုမှ မသင်္ကာသူတစ်ဦးဖြစ်သဖြင့် မကျီးချောင်းနယ်မြေစခန်း၌ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒါးကျိုင်းချောင်းအတွင်း အမျိုးသားအလောင်း တွေ့ရှိ

ပိုင်ကျုံ ဇူလိုင် ၈

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့ အမှတ်(၃)ရပ်ကွက်နေ ဇော်လွင်ဦး(ခ) ဗိုလ်ဗိုလ်သည် ဇူလိုင် ၈ ရက် နံနက် ၈ နာရီခွဲက ဒါးကျိုင်းချောင်းအတွင်း ရေဆင်းခပ်စဉ် ချောင်းအတွင်း အလောင်းတစ်လောင်း ပေါ်နေသည်ကိုတွေ့ရ၍ ပိုင်ကျုံနယ်မြေရဲစခန်းသို့ အကြောင်းကြားရာ ပိုင်ကျုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ သေဆုံးနေသူမှာ အသက် (၅၀နှစ်) ခန့်ရှိ အမျိုးသားတစ်ဦးဖြစ်ပြီး ခြေထောက်တွင် နိုင်လွန်ကြိုးဖြင့်ချည်ထား၍ ဆာလာအိတ်အတွင်းထည့်ကာ ပုပ်ပွလျက်အနေအထားဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ပိုင်ကျုံမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိပြီး ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်နိုင်ရေး အမှုဖွင့်ထားကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၈

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁၉ စီး၊ သွင်းကုန် ၅၉၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၂၁၃ စီး၊ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၆ ရက်က မူဆယ်မှ မန္တလေးသို့ဝင်ရောက်လာသည့် Toyota Crown ယာဉ်အား ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံလုပ် Handset မျိုးစုံအလုံး ၉၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၁၅ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်-မန္တလေးအမြန်လမ်း၌ နာရီဝက်ခြား ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်ပွား

နေပြည်တော် ဇူလိုင် ၈

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ကျောက်တံခါးမြို့နယ် မိုင်တိုင်အမှတ် (၈၈/၆ နှင့် ၈၆/၇) အကြား ရန်ကုန်မှ ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ဘက်သို့ ယာဉ်မောင်း မင်းမင်း မောင်းနှင်လာသော ဟိုက်ဂျက် ယာဉ်မှာ ရှေ့ဝဲဘက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ရေမြောင်းကာရံထားသော အုတ်ခုံကို တိုက်မိကာ ရေမြောင်းအတွင်း ထိုးကျသွားခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်မောင်းပါ သုံးဦးအနက် နှစ်ဦး ဒဏ်ရာရရှိခဲ့၍ မြို့ချောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းပိုင် မော်တော် ယာဉ်ဖြင့် ဒဏ်ရာရရှိသူများအား မြို့ချောင်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲက မိုင်တိုင်အမှတ် (၈၁/၅ နှင့် ၈၁/၆) အကြား ရန်ကုန်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း စံပယ် မောင်းနှင်လာသော ရွှေမြစ်ဆုံ express ခရီးသည်တင် ယာဉ်မှာ အင်ဂျင်ခန်းအတွင်း အပူလွန်ကဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းခဲ့သည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ ခရီးသည် ၃၃ ဦးမှာ အန္တရာယ်ကင်းခဲ့သော်လည်း ယာဉ်မှာ အနည်းငယ်ပျက်စီးသွားသည်။ သို့ပါ၍ ယာဉ်မောင်းများအား သက်ဆိုင်ရာ အမြန်လမ်းရဲတပ်ဖွဲ့စခန်းများမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သတင်း-သန်းဦး၊ ခင်ကို (ကျောက်တံတား)
ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့

ပုသိမ်မြို့နယ်၌ တောဆင်ရိုင်းတစ်ကောင်သေဆုံးမှုအား စုံစမ်းစစ်ဆေးနေ

ပုသိမ် ဇူလိုင် ၈

ပုသိမ်မြို့နယ် ရှောပြာကျေးရွာအုပ်စု ဝါးယားကျေးရွာအနီး ကျောက်ချောင်းကြီး သစ်တောကြိုးဝိုင်းအပြင်ဘက် ကျောက်ချောင်းကြီး ကျေးရွာချောင်းအတွင်း ဇူလိုင် ၇ ရက် ညနေ ၃ နာရီခွဲက တောင်ဆင်ရိုင်းတစ်ကောင် သေဆုံးနေကြောင်း သတင်းအရ သလပ်ခွာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ရှောပြာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ လုံးပတ် ၁၂ ပေ ခြောက်လက်မ၊ အမြင့် ခုနစ်ပေ၊ အလျား ကိုးပေခန့် အသက် ၃၀ နှစ်ခန့်ရှိသော တောဆင်ရိုင်းအမတစ်ကောင်မှာ ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေကြောင်းစစ်ဆေးတွေ့ရှိရသဖြင့် ဓမ္မတာ အတိုင်းသေဆုံးခြင်းဟုတ် မဟုတ် မြန်မာ့သစ်လုပ်ငန်းမှ ဆင်ဆရာဝန် ဒေါက်တာ သန်းညွန့်ဦးက ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုသိမ်လှကြည်

ပင်လည်ဘူးမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၈

မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၇ ရက် နံနက် ၇ နာရီခွဲက ပင်လည်ဘူးမြို့နယ် နားပဒန်ကျေးရွာနှင့် မန်ကျည်းပင်ကျေးရွာသွား တောလမ်းတွင် အုန်းရွှေနှင့် မောင်စီတို့အား တွေ့ရှိစဉ် မောင်စီမှာ လွယ်ထားသည့် လွယ်အိတ်ကို ပစ်ချထွက်ပြေးသွားပြီး အုန်းရွှေအား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ငါးပြား၊ မောင်စီ ပစ်ချခဲ့သည့် လွယ်အိတ်အတွင်းမှ ဘိန်းဖြူ ၅၀ ဒသမ ၁ ဂရမ် သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဇူလိုင် ၆ ရက် နံနက် ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု(၂၉)မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် ပါဘော(၂) ကျေးရွာ မိုင်းဆတ်-တာချီလိတ် ကားလမ်း လွယ်ဆမ်ဆုံတောင်ခြေတွင် အားဂါ မောင်းနှင်လာသော ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၀) လွိုင်ကော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာအုပ်စု ကျောက်ကြီး(မြောက်)ကျေးရွာ တောင်ဘက် လွိုင်ကော်-ဆီဆိုင်သွား ကားလမ်းပေါ်တွင် ခွန်ထွန်းနိုင် မောင်းနှင်ပြီး စိုးအောင်နှင့် ခွန်မောင်သောင်းတို့လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၃၃၂ ပြားနှင့် မြန်မာငွေကျပ် ၃၅၀၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ သိမ်းဆည်းရမိ

ထားဝယ် ဇူလိုင် ၈

တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ် နယ်စပ်ရှိ မလွှဲတောင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဇူလိုင် ၇ ရက် ညနေ ၆ နာရီခန့်က ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး အောင်ထွန်း ဦးစီး၍ ရဲကင်းမှူး ရဲအုပ် ဆလိုင်းခွာကီးနှင့်အဖွဲ့သည် ရေးမြို့ဘက်မှ မောင်းနှင်လာသော 9L/----- TOYOTA VIGO အမျိုးအစားယာဉ်အား စစ်ဆေးရာ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်အား ယာဉ်မောင်းထွန်းထွန်းလင်း မောင်းနှင်ပြီး မယုနှင်းအေး လိုက်ပါလာသောယာဉ်အား ရှာဖွေစစ်ဆေးရာ ယာဉ်မောင်းနောက်ထိုင်ခုံအောက် အံ့ဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၉၅၀၀၊ ငွေကျပ် လေးသိန်း၊ ဖုန်းနှစ်လုံးနှင့် ထွန်းထွန်းလင်း အမည်ပါ ငွေစုစာအုပ်တစ်အုပ်၊ မယုနှင်းအေး အမည်ပါ ငွေစုစာအုပ်တစ်အုပ်တို့အား ရှာဖွေတွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မေတ္တာညွန့်ရပ်နေမျိုးသူရလမ်းနေ ထွန်းထွန်းလင်း (၄၁ နှစ်)နှင့် ဥက္ကံမြို့နယ် ဒိုက်အင်းကျေးရွာနေ မယုနှင်းအေး (၂၉ နှစ်)တို့အား ကလိန်အောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ငွေနှင့် ရွှေထည်ပစ္စည်းများ ခိုးယူသူအား တစ်ပတ်အတွင်း ဖမ်းဆီးရမိ

ဟိုင်းကြီးကျွန်း ဇူလိုင် ၈

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ပြင်ခရိုင်ကျေးရွာနေ ဒေါ်မြင့်မြင့်ကြည် နေအိမ်မှ ငွေနှင့် ရွှေထည်ပစ္စည်းများ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ခိုးယူသူအား အရေးယူပေးပါရန် ပြင်ခရိုင်နယ်မြေရဲစခန်းသို့ တိုင်တန်းခဲ့ရာ ဇူလိုင် ၇ ရက်က ပြစ်မှုကျူးလွန်သူအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြင်ခရိုင်ကျေးရွာနေ ဒေါ်မြင့်မြင့်ကြည်သည် ငွေကျပ် ၄၁၈၀၀၀ နှင့် ကာလတန်ဖိုး ငွေကျပ် ၈၀၉၂၅၀ ရှိ ရွှေထည်ပစ္စည်းများကို လက်ကိုင်ပိုက်ဆံအိတ်အတွင်းထည့်ကာ နေအိမ်အလယ်ခန်းရှိ ဗီရိုအတွင်း သော့မခတ်ဘဲ သိမ်းဆည်းခဲ့ပြီး တစ်ရွာတည်းနေ ညီမဖြစ်သူ၏နေအိမ်သို့ အလည်သွားရောက်နေစဉ် ငွေနှင့် ရွှေထည်ပစ္စည်းများ ပျောက်ဆုံးနေသောကြောင့် ဇွန် ၃၀ ရက်က ပြင်ခရိုင်နယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့ခြင်းဖြစ်သည်။

အမှုနှင့်ပတ်သက်၍ ပြင်ခရိုင်နယ်မြေရဲစခန်းက စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာ မသင်္ကာသူ သူရအောင်(ခ)ကျန်ကျောင်း (၂၀ နှစ်) ဝါးကုန်းကျေးရွာအုပ်စု ချောင်းဖျားကျေးရွာနေသူအား ဇူလိုင် ၇ ရက်က စစ်ဆေးမေးမြန်းစဉ် ဇွန် ၂၉ ရက် ည ၇ နာရီခန့်က ဒေါ်မြင့်မြင့်ကြည်၏နေအိမ်မှာ တံခါးသော့ခတ်ထားခြင်းမရှိသောကြောင့် နေအိမ်အတွင်းဝင်ရောက်ကာ ငွေနှင့် ရွှေထည်ပစ္စည်းများကို ခိုးယူခဲ့ကြောင်း ထွက်ဆိုသဖြင့် စစ်ဆေးရာ ၎င်းနေအိမ်မှ ရွှေထည်များကို ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး ငွေကျပ် လေးသိန်းကျော်ကို ပြန်လည်ရရှိခဲ့ခြင်း မရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ သူရအောင်(ခ)ကျန်ကျောင်းအား ပြင်ခရိုင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)

မူးယစ်ဆေးရောင်းဝယ်သူများ ဖမ်းမိ

တပ်ကုန်း ဇူလိုင် ၈

နေပြည်တော် တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် နယ်မြေ(၂)တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် မူးယစ်ဆေးဝါးရောင်းဝယ်အသုံးပြုသူများအား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၆ ရက် ညနေ ၆ နာရီ မိနစ် ၅၀ ခန့်က မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သန့်ဇင်ဖြိုး ဦးစီးသော တပ်ဖွဲ့ဝင်များသည် သတင်းအရ ဆရာစံရပ်ကွက် နယ်မြေ(၂)နေ ဦးမြင့်သိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်ရှေ့တွင် ၄၇ယ/......ဆိုင်ကယ်တစ်စီးနှင့်အတူ ဝေဖြိုးကို (၂၆ နှစ်)၊ ရာဇာအောင်(ခ)ဂျွန်လေး (၂၁ နှစ်)တို့အား တွေ့ရှိခဲ့၍ ၎င်းတို့နှင့်အတူပါသူ ဟိန်းစိုးမြင့်မှာ ဦးမြင့်သိန်း၏ နေအိမ်ထဲတွင်ရှိကြောင်း ပြောပြသဖြင့် နေအိမ်အတွင်း ဝင်ရောက်ရှာဖွေရာ ဒေါ်သိန်းနု (၅၉ နှစ်)၊ မြင့်မြင့်ဝင်း (၃၁ နှစ်)၊ ဝင်းသီရိစိုး (၁၈ နှစ်)၊ အောင်မျိုးခိုင် (၁၉ နှစ်) တို့အား တွေ့ရှိခဲ့သည်။

ထိုသို့ ဝင်ရောက်စစ်ဆေးစဉ် အိမ်ရှင်ဖြစ်သူ ဦးမြင့်သိန်း၊ ဟိန်းစိုးမြင့်၊ ကူးမားတို့ သုံးဦးမှာ ပြတင်းပေါက်မှ ခုန်ချထွက်ပြေးသွားခဲ့သဖြင့် လိုက်လံဖမ်းဆီးရာ ဦးမြင့်သိန်းနှင့် ဟိန်းစိုးမြင့်တို့ကို ဖမ်းဆီးရမိသော်လည်း ကူးမားမှာ လွတ်မြောက်သွားခဲ့သည်။ အိမ်ရှင် ဦးမြင့်သိန်းအား စစ်ဆေးရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၅၇ ပြားနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည်။

အဆိုပါ ဖမ်းဆီးရမိခဲ့သော ဦးမြင့်သိန်းပါ ရှစ်ဦးနှင့် ထွက်ပြေးတိမ်းရှောင်သွားသူ ကူးမားတို့အား တပ်ကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်စိုးလွင် (ပြန်/ဆက်)

မိတ္ထီလာမြို့နယ်၌ မူးယစ်ဆေးဝါးဖမ်းဆီးစဉ် ရဲမေတစ်ဦး ဒဏ်ရာရရှိ

မိတ္ထီလာ ဇူလိုင် ၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး သတင်းအရ ဇူလိုင် ၇ ရက် နံနက် ၁၁ နာရီခန့်က မိတ္ထီလာမြို့နယ် ကျွန်းဖိုပင်ကျေးရွာရှိ နေအိမ်တစ်အိမ်အား ရှာဖွေဖမ်းဆီးစဉ် ပြန်လည်ခုခံသဖြင့် ရဲမေတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိတ္ထီလာခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ဒုရဲအုပ် လှစိုးမိုး ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ကျွန်းဖိုပင်ကျေးရွာနေထိုင်သူ ရဲကြီး(ခ) ကိုရဲ (၂၂ နှစ်)နှင့် ဇနီး မျိုးမျိုး (၂၆ နှစ်) တို့၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ ညီဖြစ်သူ အောင်မြင့်ကြည် (၁၈ နှစ်)တို့အား တွေ့ရှိရသဖြင့် ရှာဖွေရာ မျိုးမျိုးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ (အလေးချိန် ၂၀ ဂရမ်ခန့်)၊ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ (အလေးချိန် ၄၀ ဂရမ်ခန့်)နှင့်အတူ ငွေကျပ် ၅၀၀၀၀၊ ယာဉ်တစ်စီး၊ ဆိုင်ကယ်နှစ်စီးနှင့် ဖုန်းနှစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

၎င်းတို့သုံးဦးအနက် မျိုးမျိုးအား ရှာဖွေဖမ်းဆီးစဉ် အောင်မြင့်ကြည်က အရိုးအသွား ရှစ်လက်မခန့်ရှိ ကတ်ကြေးဖြင့် ဝင်ရောက်ထိုးသဖြင့် ရဲမေ သင်းစုစုဝေတွင် ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိကာ မိတ္ထီလာပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူခဲ့ရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲကြီး(ခ)ကိုရဲပါ သုံးဦးအား မိတ္ထီလာမြို့နယ် အမှတ်(၃)ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ကျော်ကျော် (မလှိုင်)

တစ်ရက်အတွင်း သစ်တင်ကားနှစ်စီးဖမ်းမိ ပိုတောက်ခွဲသား ငါးတန် သိမ်းဆည်းရမိ

စေတုတ္တရာ ဇူလိုင် ၈- မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းနိုင် ဦးစီးသော တပ်ဖွဲ့ဝင်များသည် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့နှင့်အတူ ဇူလိုင် ၇ ရက် နံနက် ၁ နာရီ မိနစ် ၂၀ ခန့်က သတင်းအရ စုံစမ်းစစ်ဆေးစဉ် တရားမဝင်သစ်များ ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်မှာ စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာ၏ အရှေ့ဘက်တွင် ယာဉ်မောင်း ဖိုးတုတ် အမှတ်(၁)စံပြရပ်ကွက် စေတုတ္တရာမြို့နေသူ မောင်းနှင်သည့် ယာဉ်အမှတ်7L /---- ခြောက်ဘီးယာဉ်ပေါ်တွင် တရားမဝင်ပိုတောက်ခွဲသား နှစ်တန်ကျော်ခန့်ကို သိမ်းဆည်းရမိခဲ့သည်။ အလားတူ ယင်းနေ့နံနက် ၁ နာရီ ၅၅ မိနစ်ခန့်တွင် အလယ်ပုံကျေးရွာတောင်ဘက်တွင် ယာဉ်မောင်း ဝင်းမင်းဦး ဗူးရွာ စေတုတ္တရာမြို့နယ်နေသူ မောင်းနှင်သည့် ယာဉ်အမှတ် MDY- 3K/---- ခြောက်ဘီးယာဉ်နှင့် တရားမဝင်ပိုတောက်ခွဲသား သုံးတန်ခန့်အား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ဇော်မင်းနိုင် (မြင်းခြံ)

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအုပ်စုမဲခွဲပွဲကျင်းပ

ကွာလာလမ်ပူ ဇူလိုင် ၈

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အားကစားနည်းများ အုပ်စုမဲခွဲပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့ပြီး အားကစားနည်းကိုးမျိုး မဲခွဲခဲ့ကြသည်။

ယခုမဲခွဲပွဲ အခမ်းအနားတွင် ခြင်းလုံးပြိုင်ပွဲ၌ အမျိုးသားပြိုင်ပွဲ အမျိုးအစားလေးမျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းယှဉ်ပြိုင်မည့် Event -2 ပြိုင်ပွဲတွင် လာအို၊ မလေးရှား၊ ထိုင်း၊ Event-4 ပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ မလေးရှား၊ လာအို၊ ဖိလစ်ပိုင်အသင်းတို့ ပါဝင်နေသည်။ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးအစားရှစ်မျိုး ကျင်းပမည်ဖြစ်သော်လည်း အမျိုးသားပြိုင်ပွဲသုံးခု၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအသင်းသည် လေးယောက်တွဲပြိုင်ပွဲတွင် ဗီယက်နမ်၊ လာအို၊ မလေးရှား၊ အင်ဒိုနီးရှား၊ နှစ်ယောက်တွဲ ပြိုင်ပွဲအုပ်စု(ခ)၌ ဖိလစ်ပိုင်၊ မလေးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အမျိုးသားအသင်းသည် လေးယောက်တွဲပြိုင်ပွဲတွင် အုပ်စု(ခ)၌ ဘရူနိုင်း၊ မလေးရှား၊ အသင်းလိုက်နှစ်ယောက်တွဲပြိုင်ပွဲ အုပ်စု(ခ)၌ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နှစ်ယောက်တွဲပြိုင်ပွဲ၌ ဖိလစ်ပိုင်၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှားတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဘော်လီဘော အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)တွင် မလေးရှား၊ ကမ္ဘောဒီးယား၊ ထိုင်းတို့နှင့် ပါဝင်နေပြီး အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)၌ ထိုင်း၊ အင်ဒိုနီးရှားတို့နှင့် ကျရောက်နေသည်။ စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် အုပ်စု(က)၌ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ လာအို၊ မြန်မာ၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် အုပ်စု(ခ)၌ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ မြန်မာတို့ပါဝင်ကြသည်။ ခရစ်ကက် 50 Over အမျိုးသားပြိုင်ပွဲ၌ စင်ကာပူ၊ မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှား၊ T20 အမျိုးသားပြိုင်ပွဲတွင် အုပ်စု(ခ)၌ မလေးရှား၊ မြန်မာ၊ ထိုင်း၊ အမျိုးသမီးပြိုင်ပွဲ၌ မြန်မာ၊ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူအသင်းတို့ ပါဝင်နေသည်။

ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသားပြိုင်ပွဲအုပ်စု(က)၌ ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှား၊ မြန်မာတို့ ပါဝင်နေသည်။ ကြက်တောင်ပြိုင်ပွဲကို ကွာတားဖိုင်နယ်ပုံစံမျိုးဖြင့် ကျင်းပမည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းနှင့် စင်ကာပူအသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာနှင့် အိမ်ရှင်မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အမျိုးသားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်တွင် စတင်မည်ဖြစ်ကာ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၂၉ မျိုး၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ရဲရင့်ရှိုင်း

မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၈ - နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်ထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်ထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်ထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ (မိုး/ဇလ)

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

အမြန်ရောင်း/ငှားလိုသည်။

- အင်းစိန်၊ဘုရင့်နောင်၊လမ်းဘေးမေးတင် မြေ180' x 150'	54000L
- ဗဟန်း၊မင်းလမ်း၊ဘိုးဘွားပိုင် 1RC 50' x 70'	9500L
- အင်းစိန်၊ဘိုကုန်း၊ပျဉ်ထောင်(၂)ထပ် 60' x 180'	5500L
- (၇)မိုင်၊ဦးလွန်းမောင်လမ်း၊ဂရမ်မြေ 1RC 3500 sqft	7500L
- (၈)မိုင်ခွဲ၊ရွှေနှင်းဆီလမ်း၊(၅)လမ်း 1RC 4650 sqft	7800L
- သဃ်န်းကျွန်း၊သုဝဏ္ဏလမ်း 2RC 50' x 60'	4250L
- သဃ်န်းကျွန်း၊သုဝဏ္ဏလမ်း မြေ 62' x 60'	4000L
- သာကေတ၊ကမာကြည်၊ဂရမ် 2RC 60' x 80'	3500L
- ဒဂုံ၊ဦးဝိစာရလမ်း 1MB,1sR,4AC 4F 2100sqft	19L
- နဝရက်Condo၊ဗဈွလလမ်း။ 6F 50'x50' 2BR,2MBR,5AC	23L
- မြန်မာ့ဂုဏ်ရည်Condo 4F 1800sqft မင်္ဂလာတောင်ညွန့် 2MBR,1BR	16L

တိုက်ခန်း၊လုံးချင်း၊မြေကွက်၊ကွန်ဒိုများ ရောင်းရန်ရှိပါက စိတ်ချစွာအပ်နှံနိုင်ပါသည်
09-43017000,09-5054051,09-49210451

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၆၃၆၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(တောင်ဥက္ကလာ)

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၆၃၆၂ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့် ၇/တငန(နိုင်)၁၀၅၈၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (တောင်ဥက္ကလာ)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/4200 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

စင်ကာပူနိုင်ငံ ဆိပ်ကမ်းတွင် SGD-600 ကျော်ရရှိနိုင်မည့် (အထွေထွေလုပ်သား -Lashing) အဖြစ်တာဝန်ထမ်းဆောင်လိုသူများအတွက်

'အင်တာဗျူးဝင်အမြန်သင်တန်း' ပေးနေပြီ
သုခစုစံ+အသက်မွေးပညာ သင်တန်းကျောင်း+
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၃၉လမ်းဒေါင့်)၊တိုက်အမှတ်(၅၀၆)။
Ph:(01)377 343, 377 344, www.tkss.com.mm, Fb overseatkss

တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးမြို့၊ အထက (ခွဲ)(၈)၊ နဝမတန်း (B)မှ မောင်ခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်(ခ)ဦးရီဒါးလား ၇/ပခန(နိုင်)၁၈၃၅၀၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးဝင်းနိုင်(ခ)ဦးရီဒါးလား

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အထက (၂) ဒိုက်ဦး တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်နေလင်းစိုး၏ ဖခင်အမည်မှန်မှာ ဦးစောထွေးလင်း ၇/ဒဥန(နိုင်)၁၁၃၇၀၁ ဖြစ်ပါကြောင်း။
ဦးစောထွေးလင်း

အမည်မှန်

ရခိုင်ပြည်နယ်၊အမ်းမြို့နယ်၊ တောင်ဖီလာအုပ်စု၊ မင်းတက်ကျေးရွာနေ ဦးအောင်မြင့်ခိုင် ၁၁/ကဖန(နိုင်)၀၃၃၄၀၁ ၏ သမီး မမြတ်သဇင်ခိုင်၏ အမည်မှန်မှာ မမြတ်သဇင်မြင့်ခိုင် ဖြစ်ပါကြောင်း။
မမြတ်သဇင်မြင့်ခိုင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ တူပါရုံ(၁)ရပ်ကွက်၊ ဆေးရုံလမ်း၊ အမှတ် ၁၄၁၃ရှိ ပေ(၂၀×၆၀)အမည်ပေါက် ဒေါ်သန်းမြင့်၏ဂရန်မြေနှင့် အိမ်အပါအဝင်အား ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။
ဒေါ်မေအိမ့်ဒါလီမွန် ၁၂/ဒပန(နိုင်)၀၄၅၄၅၆
ဖုန်း-၀၉-၄၂၀၂၇၅၀၆၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်-၇၂၂၊ မြေကွက်တည်နေရာအမှတ်(၇၂၂)၊ ယမနေ ၅လမ်း၊ ၃၄ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်၊ ဒေါ်ရှုကျင် (BS၀၁၄၄၆၈) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားဂရန်အမည်ပေါက် ဒေါ်ရှုကျင်(ဇနီး) ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးသိန်းထွန်း ၁၃/တကန(နိုင်)၀၄၄၃၇၀မှ ခင်ပွန်းဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ဘေးပတ်ဝန်းကျင်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဇနီးဒေါ်ရှုကျင်၏ သေစာရင်း၊ သန်းခေါင်စာရင်းတင်ပြ၍ ၎င်းထံမှ GPအမှတ်- ၂၆၉၅/၁၃-၃-၂၀၁၇ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်မြင့်မြင့်ကြည် ၁၂/ကမတ(နိုင်)၀၁၆၇၁၁မှ ပါဝါ၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းပူးတွဲ၍ ပိုင်ဆိုင်၊အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ အုတ်ကာသွပ်မိုး၊ ၂ထပ်အိမ်တွင် လျှောက်ထားသူကိုယ်တိုင် နေထိုင်ပြီး ကွင်းဆင်း Form တွင်သိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် GP ဒေါ်မြင့်မြင့်ကြည်၏ ပိုင်ဆိုင်၊ အရောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၃၅၆၀၆ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးညွန့် ၉/မလန(နိုင်)၀၁၅၀၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန (မိတ္ထီလာခရိုင်)

ဖခင်အမည်မှန်

နေပြည်တော်၊ အောင်ဇမ္ဗူရပ်ကွက်၊ အထက (၂၂)၊ ပဥ္စမတန်းမှ မပြည့်ပြည့်ဝင်း၏ ဖခင်ဦးသန်းကျော်၏ အမည်မှန်မှာ ဦးတိုင်းကျော် ၉/ပမန(နိုင်)၁၁၇၆၃၄ ဖြစ်ပါကြောင်း။ ဦးတိုင်းကျော်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/2728 AMA Aung Myan Asia L/T,P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသိန်း ၉/မရမ(နိုင်)၀၁၅၉၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ပျောက်ဆုံးကြောင်း

ရေယာဉ်လုပ်သက် မှတ်တမ်းစာအုပ် ရန် 1189/79 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ ဦးလှမင်း
ဖုန်း-၀၉-၂၆၁၇၄၉၅၅၀

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၁၁၅)၊ မြေကွက်တည်နေရာအမှတ်(၆၆)၊ ခိုင်ရွှေဝါလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်(ဦးခင်ဝင်း) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်(စီမံချက်)မြေအားမြေအမည်ပေါက်ဦးခင်ဝင်း၊ ဇနီးဖြစ်သူ လျှံကြည်ထန်(ခ) ဒေါ်သင်းသင်းဆွေတို့ ကွယ်လွန်သဖြင့် ဦးလှဦး ၁၂/ကမရ(နိုင်)၀၄၃၅၇၉၊ ဦးလှမြင့် ၁၂/လသန(နိုင်)၀၀၆၈၇၅၊ ဒေါ်ဆွေဆွေမြင့် ၁၂/ကမရ(နိုင်)၀၃၉၈၃၆၊ ဦးအောင်ဇော်ထွန်း ၁၂/ကမရ(နိုင်)၀၃၉၈၀၁တို့က မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် ၎င်းတို့မှလွဲ၍ ကိတ္တိမမွေးစားသားသမီး အပါအဝင် အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကျမ်းကျိန်လွှာ(၁)စောင်၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း(၁)စောင်+တိုင်းကျန်းမာရေးဦးစီးဌာနထောက်ခံချက်၊ သေဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်၊ မြို့နယ်ထောက်ခံချက်၊ သန်းခေါင်စာရင်း(၂)စောင်၊ ဂရန်မူရင်းပျောက်ဆုံးသွားကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ဂရန်မူရင်းပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်းနှင့် ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လွှဲပြောင်းထားခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ(၁)စောင်၊ ဂရန်မိတ္တူနှင့် NRC မူရင်းများတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၀)၊ မြေကွက်အမှတ်(၈၁)၊ မြေကွက်တည်နေရာအမှတ် ၅၇၊ ဗဟိုလမ်း(ခိုင်ရွှေဝါလမ်း)၊ (၃)ရပ်ကွက် (ဦးခင်ဝင်း) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်(စီမံချက်)မြေအားအမည်ပေါက် ဦးခင်ဝင်းဇနီးဖြစ်သူ လျှံကြည်ထန်(ခ) ဒေါ်သင်းသင်းဆွေတို့ ကွယ်လွန်သဖြင့် ဦးလှဦး ၁၂/ကမရ(နိုင်)၀၄၃၅၇၉၊ ဦးလှမြင့် ၁၂/လသန(နိုင်)၀၀၆၈၇၅၊ ဒေါ်ဆွေဆွေမြင့် ၁၂/ကမရ(နိုင်)၀၃၉၈၃၆၊ ဦးအောင်ဇော်ထွန်း ၁၂/ကမရ(နိုင်)၀၃၉၈၀၁တို့က မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် ၎င်းတို့မှလွဲ၍ ကိတ္တိမမွေးစားသားသမီး အပါအဝင်အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကျမ်းကျိန်လွှာ(၁)စောင်၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ သေစာရင်း၊ ရပ်ကွက်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ထောက်ခံချက်၊ တိုင်းကျန်းမာရေးဦးစီးဌာန ထောက်ခံချက်၊ သန်းခေါင်စာရင်းနှစ်စောင်၊ ဂရန်မူရင်းပျောက်ဆုံးသွားကြောင်း ရပ်ကွက်၊ ရဲစခန်းနှင့်ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်ပေးကမ်း၊ လွှဲပြောင်းထားခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတစ်စောင်၊ ဂရန်မိတ္တူ၊ NRCမူရင်းများတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကြာကန်စုကျေးရွာ၊ ကွင်းအမှတ်(၅၁၁-ခ)၊အောက်ချင်းကန်မြောက်ကွင်း၊ ဦးပိုင်အမှတ် (N)-၁၇၊ ဧရိယာ၅ဒသမ ၉၅ဧက၊ ဥယျာဉ်ခြံမြေ လက်ရှိထားပိုင်ဆိုင်သူ ဒေါ်စန်းမြင့်(ခ)ဒေါ်စိုးစိုး၁၂/မဂဒ(နိုင်)၀၄၈၇၈၅ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းနောက်ဆုံးထားပြီး ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းလွင်ဦး(LL.B) တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၅၈/ခ၊စိန်ပန်းမြိုင်(၂)လမ်း၊ (၇) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်
ဖုန်း-၀၉-၄၃၁၃၁၄၈၇

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ မှော်ဇာကျေးရွာ၊အထက(ခွဲ)၊ သတ္တမတန်း(B)မှ မောင်စိုးအုပ်မင်း၏ ဖခင်အမည်မှန်မှာ ဦးတင်မျိုးအောင် ၇/ပတတ(နိုင်)၀၀၀၇၄၂ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အမ်းမြို့နယ်၊ ဂဏန်းပြင်အုပ်စု၊ သလူမော်ကျေးရွာနေ အမ်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(C)မှ မခင်ဖြိုးဝင်းနှင့် သလူမော်ကျေးရွာ၊ အလက၊ ပဥ္စမတန်းမှ မခင်စန္ဒာဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်းခိုင် ၁၁/အမန(နိုင်)၀၅၉၉၇၄ ဖြစ်ပါကြောင်း။ ဦးအောင်သန်းခိုင်

ကျန်း မာ ရေး ဆောင်း ပါး

သတိပြုစရာ လင်းနို့ငှက်များ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

၂၁ ရာစုတွင် ကူးစက်ရောဂါအသစ်များမကြာခဏဖြစ်ပေါ်လာသည်ကိုတွေ့ရသည်။ SARS,H5N1 အစရှိသည့် ကူးစက်ရောဂါများသည်သမိုင်းတင်ရလောက်အောင်၊ လူသားများကို ဒုက္ခပေးခဲ့ပါသည်။ ထိုကူးစက်ရောဂါတို့သည် ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားနေရခြင်းလည်း ဖြစ်သည်။

ထိုဗိုင်းရပ်စ်ပိုးအသစ်များသည် မည်သည့်နေရာမှ စတင်ပေါက်ဖွားရှင်သန်ခဲ့သည်ကို သိရှိနိုင်မှသာ ကူးစက်ရောဂါအသစ်များကို ကောင်းစွာတားဆီး နိုင်မည်လည်း ဖြစ်ပါသည်။ SARS ဆားစ်ရောဂါပိုးဗိုင်းရပ်စ်ဆိုလျှင် ကြောင်ကတိုးကောင်များမှာ ပေါက်ဖွားကြောင်း လေ့လာတွေ့ရှိမှုများရှိခဲ့ပါသည်။ မကြာမီလေ့လာမှုတစ်ခုအရ လင်းနို့ငှက်များသည် လူသားတို့အတွက် နံပါတ်တစ်ရန်သူဖြစ်နေကြောင်း တွေ့ရသည်ဟု သိရသည်။

Nature ဂျာနယ်တွင် Eco-Health Alliance အမည်ရှိ အမြတ်အစွန်းမယူသော ပညာရှင်အဖွဲ့၏ ဖော်ပြထားချက်အရ နို့တိုက်သတ္တဝါမျိုးနွယ် တစ်ခုဖြစ်သော လင်းနို့ငှက်မျိုးစိတ်ပေါင်း ၇၅၀ ကျော်တွင် ဗိုင်းရပ်စ်ပိုးမျိုးပေါင်း ၆၀၀ ခန့်တွေ့ရှိရကြောင်း သိရသည်။ ထိုဗိုင်းရပ်စ်ပိုးမျိုးများကို ဆက်လက်လေ့လာခြင်းဖြင့် လူသားများအတွက် မည်သည့်ပိုးများက အန္တရာယ်ပြုနိုင်မည်ကို သိရှိနိုင်မည်လည်း ဖြစ်သည်။ လူသားများနှင့်အနေနီးသော လင်းနို့ငှက်မျိုးများတွင် မျိုးဗီဇအရလည်း နီးစပ်နေလေ့ရှိပြီး လူသားများထံ ကူးစက်လွယ်သည်ကို တွေ့ရသည်။ လင်းနို့ငှက်များသည် ဗိုင်းရပ်စ်ပိုးအများဆုံးကို သယ်ဆောင်နိုင်ကြကြောင်းလည်း သိရသည်။ လူအများစုက ရောဂါတွေကိုဖြစ်စေတဲ့ ဗိုင်းရပ်စ်ပိုးတွေဟာ ကမ္ဘာကြီးပေါ်မှာ နှစ်ပေါင်းများစွာကတည်းက ရှိနေခဲ့လိမ့်မယ်လို့ ထင်ကြမှာမဟုတ်ဘူး။ ပြီးတော့ ဒီပိုးတွေဟာ ကမ္ဘာတစ်ခွင်မှာရှိတဲ့ သတ္တဝါတွေမှာ ခိုအောင်းနေကြလိမ့်မယ်လည်း ထင်ကြမှာမဟုတ်ဘူး”ဟု Eco Health အဖွဲ့၏ ဒုတိယအကြီးအကဲဖြစ်သူနှင့် စာရေးသူ Kevin Olival ကပြောသည်။

လူသားများနှင့် အနေနီးသော လင်းနို့ငှက်မျိုးများတွင် မျိုးဗီဇအရလည်း နီးစပ်နေလေ့ရှိပြီး လူသားများထံ ကူးစက်လွယ်သည်ကို တွေ့ရသည်။ လင်းနို့ငှက်များသည် ဗိုင်းရပ်စ်ပိုးအများဆုံးကို သယ်ဆောင်နိုင်ကြကြောင်းလည်း သိရ

“ဒီလိုသိရတော့မှ၊ နောက်တစ်ခါ Ebola တို့ Zika တို့ မဖြစ်အောင်ဘယ်လိုသတ္တဝါမျိုးတွေကို ဦးစားပေးသတိပြုရှင်းလင်းကာကွယ်ရမယ်ဆိုတာကို သိနိုင်မှာပါ”ဟုလည်း ပြောပါသည်။ နို့တိုက်သတ္တဝါအုပ်စု အားလုံးတွင် လူသားများထံ ကူးစက်စေနိုင်သော ဗိုင်းရပ်စ်ပိုးများကို သယ်ဆောင်ထားနိုင်ကြောင်း သိရသည်။ ယခုတွေ့ရသောအချက်တွင် လင်းနို့ငှက်များသည် ဗိုင်းရပ်စ်ပိုးများကို အမြဲလိုလို သယ်ဆောင်နေကြကြောင်းဖြစ်သဖြင့် ထိုလင်းနို့ငှက်များကိုကာကွယ်ကြဖို့၊ ရှောင်ရှားကြဖို့ဆိုသည့်အချက် ဖြစ်သည်။ ယင်းတို့ကို လူအများနှင့် နီးရာနေရာများတွင် မရှိစေခြင်း၊ ခိုအောင်းနေနိုင်ခြင်းမရှိစေအောင် ဆောင်ရွက်ခြင်းတို့ လုပ်ကြရမည်ဖြစ်သည်။ထိုသတ္တဝါတို့သည် မူလအားဖြင့် လူတို့နှင့်ဝေးရာနေရာများတွင် နေလေ့ရှိကြသော်လည်း သစ်ပင်သစ်တောများကို ခုတ်ထွင်မှုများပြားလာခြင်း၊ တောမီးလောင်ခြင်း၊ တောမီးရှို့ခြင်း၊ အမဲလိုက်ခြင်းစသည်တို့ကြောင့် လူတို့နှင့်နီးရာနေရာများသို့ ရောက်ရှိကာ၊ ဗိုင်းရပ်စ်ပိုးများ ဖြန့်ဝေလာနေနိုင်ခြင်းဖြစ်နိုင်ကြောင်း ယူဆရသည်။

လင်းနို့ငှက်တို့သည် ကိုက်ဖြတ်စားသောက်တတ်သော သတ္တဝါများပြီးလျှင်၊ ဒုတိယ အရေအတွက်အများဆုံးဖြစ်သော နို့တိုက်သတ္တဝါများ ဖြစ်သည်။ နို့တိုက်သတ္တဝါတို့၏ ၂၀ ရာခိုင်နှုန်းမှ အရေအတွက်ရှိပြီး မျိုးစိတ်ပေါင်း ၁၂၄၀ ခန့်ရှိသည်ဟု သိရသည်။ ယင်းတို့၏ ၇၀ ရာခိုင်နှုန်းခန့်တို့သည် အင်းဆက်ပိုးများကို စားသောက်ရှင်သန်ကြပြီး ကျန်အများစုက သစ်သီးစားလင်းနို့များ ဖြစ်သည်။ အနည်းစုတို့က ငါးစားတတ်ကြပြီး Vampire အမျိုးအစား လင်းနို့တို့က သွေးစုပ်တတ်ကြသည်ဟုလည်း သိရသည်။ လင်းနို့များသည် ကမ္ဘာတစ်ဝှမ်းနေရာဒေသတိုင်းမှာ နေထိုင်ကြပြီး၊ အလွန်အေးသောဒေသများတွင်သာ နေထိုင်ကြခြင်း မရှိသည်ကို တွေ့ရသည်။ သက်တမ်းမှာ နှစ် ၂၀ မှ နှစ် ၃၀ ခန့်ရှိကြသဖြင့် သက်တမ်းရှည်သတ္တဝါတစ်မျိုးလည်း ဖြစ်သည်။ လင်းနို့တို့၏ ထူးခြားချက်မှာ ဗိုင်းရပ်စ်ပိုးများကို သယ်ဆောင် ထားနိုင်ခြင်းဖြစ်သည်။ Zoonotic Pathogens ခေါ် တိရစ္ဆာန်မှ လူသို့ ကူးစက်စေနိုင်သော ခွေးရူးပြန်ရောဂါပိုး (Rabies virus)၊ ဖန်းဂပ်စ် မှိုစွဲရောဂါ (Histoplasmosis)၊ နီပါးဗိုင်းရပ်စ်များ (Nipah Hindra Viruses)၊ အီဘိုလာ ဗိုင်းရပ်စ် (Ebola Viruses) စသည်တို့ကို သယ်ဆောင်ကြလေ့ရှိသည်ကို တွေ့ရပြီးဖြစ်သည်။ ထို့ပြင်သန်း၊ လှေး၊ ဂျပိုး စသည့် အင်းဆက်ပိုးတို့ကို သယ်ဆောင်ထားနိုင်ကြသည်။ သူတို့၏ ခုခံအားစနစ်ကလည်း ဗိုင်းရပ်စ်ပိုးတို့ကို ကောင်းစွာခံနိုင်ရည်ရှိကြသည်။

SARS(Severe Acute Respiratory Syndrome) ဆားစ်ရောဂါဖြစ်ပွားစေသော ဗိုင်းရပ်စ်မျိုးသည် Corona Virus ကို ရိုနာဗိုင်းရပ်စ်အုပ်စုဝင် ပိုးတစ်မျိုးသာ ဖြစ်သည်။ မူလကထိုပိုးသည် အသက်ရှုလမ်းကြောင်းကို အနည်းငယ်သာ ဒုက္ခပေးနိုင်သည်။ SARS ဖြစ်ပွားလာမှုတွင် SARS-like Corona Virus Group ခေါ် ကိုရိုနာဗိုင်းရပ်စ်တစ်မျိုးကြောင့် ဖြစ်ပွားရသည်ကိုတွေ့ရပြီး တရုတ်နိုင်ငံရှိ လင်းနို့ငှက်အချို့တွင် တွေ့ရသည်။ ဆားစ်ရောဂါဖြစ်စေသော ဗိုင်းရပ်စ်၏ ကနဦးပိုးမျိုး Precursor virus ကို မူလက သယ်ဆောင်ထားရာမှ ဆားစ်ဗိုင်းရပ်စ်အဖြစ် ပြောင်းလဲလာခြင်း ဖြစ်နိုင်သည်ဟုလည်း ယူဆကြသည်။ အထူးသဖြင့် ခွေးရူးပြန်ရောဂါ (Rabies) နှင့် ဆက်စပ်နေသည်။

၂၀၁၆ ခုနှစ်အတွင်းက အမေရိကန်နိုင်ငံတောင်ပိုင်းပြည်နယ်အချို့တွင် လင်းနို့များ အထူးအခြေချနေထိုင်ကြပြီး ထိုဒေသတို့တွင် ခွေးရူးပြန်ရောဂါဖြစ်ပွားမှု အချို့ရှိခဲ့ကြောင်း သိရသည်။ ၁၉၉၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း အမေရိကန်တစ်နိုင်ငံလုံးတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားသူ ၃၆ ဦးရှိခဲ့ပြီး ခွေးကိုက်ခံရမှုကြောင့် နှစ်ဦး၊ ကိုယ်အင်္ဂါအစားထိုးခံယူရာတွင် ပေးလှူသူက ခွေးရူးပြန်ရောဂါဖြင့် သေဆုံးခဲ့ရာ ယင်းမှ ခွေးရူးပြန်ရောဂါကူးစက်ခံရသူ လေးဦး၊ ကျန်သူများမှာ လင်းနို့ အကိုက်ခံရသဖြင့် ကူးစက်ခံရခြင်းဖြစ်သည်ဟု သိရသည်။ ကင်တပ်ကီပြည်နယ် မြို့ကလေးတစ်မြို့ရှိ ဘုရားကျောင်းတွင် မိန်းကလေးငယ်တို့ကို ကျောင်းပိတ်ရက်အတွင်း ရက်ရှည်ဘာသာရေးဆိုင်ရာ သင်တန်းပေးရာ ဘုရားကျောင်းအတွင်းရှိ လင်းနို့ငှက်များကြောင့် အချို့မှာ ခွေးရူးရောဂါ သံသယဖြစ်ဖွယ် အခြေအနေများတွေ့ရသဖြင့် ကာကွယ်ဆေးထိုးမှုများ ဆောင်ရွက်ခဲ့ရကြောင်း သတင်းထွက်လာသဖြင့် လင်းနို့ငှက်များနှင့် ပတ်သက်သည့် သတင်းကြီးလာခဲ့သည်။ လင်းနို့ငှက်တို့သည် တောတောင်ထဲရှိ သဘာဝဂူများ၊ တောအုပ်ကြီးများတွင် အုပ်စုဖွဲ့နေတတ်ကြသလို လူများနှင့် နီးကပ်သည့် ဘုရားကျောင်းများ၊ အဆောက်အအုံကြီးများ၊ ဘုရားကျောင်းကန်များတွင်လည်း အများစုဝေးနေတတ်ကြသည်ကို တွေ့နိုင်သည်။ လူနေမှုနှင့် နီးကပ်နေပါက ယင်းတို့မှမလိုလားအပ်သော ကူးစက်ရောဂါများ၊ ကူးပြောင်းရောက်ရှိလာနိုင်သည်ကို သတိပြုရပါတော့မည်။

အရုပ်ဆိုးဆိုး၊ လောကြီးကို ဇောက်ထိုးကြည့်တတ်သော လင်းနို့ကောင်များသည် အများပြည်သူတို့ သတိပြုကာကွယ်ကြဖွယ် သတ္တဝါတစ်မျိုးဖြစ်နေကြောင်း သိထားရပါမည်။ ။

နှာခေါင်းကိုအနှောင့်အယှက်ပေးတတ်တဲ့ လေအေးပေးစက်

ကလျာမိုးမြင့်

လေအေးပေးစက်တွေဟာ တချို့လူတွေမှာ နှာစေးနှာပိတ်ခြင်းနဲ့ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုတွေဖြစ်စေတယ်လို့ ပြောဆိုမှုတွေရှိနေပါတယ်။

အေးမြတဲ့ဆောင်းတွင်းအချိန်တွေမှာ အိမ်ပြင်ထွက်ပြီး လမ်းလျှောက်တဲ့အခါ တစ်ရှူးဆောင်ထားရသလိုမျိုးပဲ အေးစက်တဲ့အခန်းထဲမှာ လမ်းလျှောက်ရခြင်းကလည်း နှာရည်ယိုတာတွေကိုဖြစ်လာစေမှာပါပဲလို့ ဘော့စတွန်မှာရှိတဲ့ဆေးဝါးကုသမှုဌာနမှာ ဓာတ်မတည့်မှုတွေကို ဦးဆောင်လေ့လာနေသူ ဒေါက်တာဂျွန်အိုမန်က ပြောခဲ့ပါတယ်။

အေးစက်တဲ့လေတွေက နှာခေါင်းအတွင်းမှာရှိတဲ့ အလိုအလျောက်တုံ့ပြန်သော အာရုံကြောစနစ်ကို အခက်အခဲ ဖြစ်စေတဲ့အခါ နှာခေါင်းအမြှေးတွေထဲမှာ ဂလင်းတွေကိုဖြစ်လာစေပြီးအပျစ်အချွဲတွေကို ထုတ်လုပ်ပေးပါတယ်။ အထူးသဖြင့် ဓာတ်မတည့်တဲ့ရောဂါရှိသူတွေမှာ ခုလိုပိုပြီး အဖြစ်များပါတယ်။ ဒါပေမယ့် အပူချိန်အပြောင်းအလဲနဲ့ စိုထိုင်းမှုက နှာပိတ်ခြင်းတစ်မျိုးတည်းကိုသာ ဖြစ်စေနိုင်တယ်လို့ ဒေါက်တာအိုမန်က ဆိုပါတယ်။

သေးငယ်တဲ့အမှုန်အမွှားတွေ၊ အမိုက်နဲ့ ဖုန်မှုန့်-သဲမှုန့်တွေဟာ လေအေးပေးစက်ရဲ့စစ်ထုတ်ကိရိယာ(filters) တွေထဲမှာ ပိတ်မိကပ်ညှိနေနိုင်ပြီး လေအေးပေးစက်ကို စဖွင့်လိုက်တဲ့အချိန်မှာ အဲဒီအမှုန်တွေကို လေထဲကို ထုတ်လွှတ်လိုက်တာကြောင့် ဓာတ်မတည့်တဲ့သူတွေမှာ နှာစေးနှာပိတ်တာတွေ ပိုပြီးဖြစ်နိုင် တယ်လို့ UCLA ဆေးတက္ကသိုလ်မှ ဓာတ်မတည့်တုံ့ပြန်မှုဆိုင်ရာကျွမ်းကျင်ပညာရှင် ဒေါက်တာမာရီယာဂါဆီယာက ရှင်းပြခဲ့ပါတယ်။

ဖုန်မှုန့်နဲ့ ဗက်တီးရီးယားတွေက ဓာတ်မတည့်တဲ့တုံ့ပြန်မှုတွေကို မဖြစ်စေနိုင်ဘူး၊ ဒါပေမယ့် နှာခေါင်းကိုတော့အနှောင့်အယှက်ဖြစ်စေတယ်။ ဝတ်မှုန်နဲ့မှိုတွေရဲ့မျိုးပွားစေတဲ့အမှုန်လိုအရာတွေကတော့ ဓာတ်မတည့်တဲ့ တုံ့ပြန်မှုတွေဖြစ်စေပြီး ဖြစ်လာရင်လည်း အချိန်ကြာမြင့်နိုင်တယ်လို့ ၎င်းကပြောပါတယ်။

လာဂွန်းဆေးဝါးကုသမှုဌာနက ဒေါက်တာရစ်ချတ်လီဘိုဝစ်ကတော့ လေအေးပေးစက်မှာပါတဲ့ filters တွေကို မှန်မှန်လဲပေးဖို့က သိပ်အရေးကြီးတယ်လို့ အလေးအနက်ဖော်ပြထားပါတယ်။ filter ကို ဂရုတစိုက်မထိန်းသိမ်းဘူး၊ ပုံမှန်လဲလှယ်ပေးမှုမရှိဘူးဆိုရင် အမြဲလိုလို ဖုန်မှုန့်နဲ့အညစ်အကြေးတွေကို ရှူရှိုက်နေရပြီး ကျန်းမာရေးအတွက် အဆင်မပြေနိုင်ဘူးလို့ ဒေါက်တာလီဘိုဝစ်က သတိပေးထားပါတယ်။

ပြီးတော့ သန့်ရှင်းတဲ့ filter တွေရှိတဲ့ လေအေးပေးစက်ဟာ လေထဲက ဓာတ်မတည့်စေတဲ့အရာတွေကို ဖယ်ရှားထားပြီးဖြစ်တဲ့အတွက် နှာခေါင်းနဲ့သက်ဆိုင်တဲ့ ပြဿနာတွေကို လျှော့ချပေးမှာသေချာတယ်လို့ ၎င်းက မှတ်ချက်ချခဲ့ပါတယ်။ သို့သော်လည်း အပူချိန်အပြောင်းအလဲနဲ့ စိုထိုင်းမှုကနေလာတဲ့ နှာရည်ယိုခြင်းကိုတော့ ရှောင်လွှဲဖို့နည်းလမ်းသိပ်မရှိတဲ့အတွက် ဒီအတိုင်းနေရင်နေ ဒါမှမဟုတ် လေအေးပေးစက်ကို ရှောင်ပြီး ချွေးသံရွှဲရွှဲနဲ့နေဖို့ပဲရှိတော့တယ်လို့ ၎င်းက အကြံပြုထားပါတယ်။

(နယူးယောက်တိုင်းမ်)

HTOO


ကလေး အတွေး







မြန်မာသဒ္ဒါသင်ကြားရေး (၁၂)

မောင်ခင်မင်(ဓနုဖြူ)

" ဆရာ၊ ကျွန်တော်လည်း ကိုလိုနီခေတ်က မြန်မာသဒ္ဒါတွေလေ့လာပြီး ဘွဲ့ယူစာတမ်းရေးရင်းနဲ့ သဒ္ဒါစာအုပ်တွေမှာပါတဲ့ အက္ခရာအကြောင်း၊ အသံအကြောင်းတွေ စိတ်ဝင်စားလို့ လက်လှမ်းမီသလောက်လေ့လာခဲ့ပါတယ်"

" ဟုတ်တယ်လေ။ မင်းရေးတဲ့စာတမ်းတောင်တို့ကိုပေးသေးတယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ။ ဆရာလုပ်နေတုန်းကလည်း ကျောင်းသားတွေကို မြန်မာသဒ္ဒါသင်ခဲ့ပါတယ်။ အဲဒီမှာတစ်ခုသတိထားမိတာက ရှေးကသဒ္ဒါတွေမှာ ဌာန်ကရိုဏ်းပယတ်ပြပုံနဲ့ ဆယ်တန်းမှာ အခုသင်ရတဲ့ မြန်မာသဒ္ဒါစာအုပ်ထဲက ဌာန်ကရိုဏ်းပယတ်ပြပုံ မတူတာတွေကို သတိထားမိတာပါ"

" ဟုတ်ပါပြီ။ ကဲ... ဘယ်လိုမတူတာလဲဆိုတာ ပြောပါဦးကွာ"

"ကျွန်တော်က တောင်တွင်းဆရာတော်ခင်ကြီးဖျော်ရဲ့ သဒ္ဒဗျူဟာကျမ်းကို ကျောင်းသားတုန်းက သင်ခဲ့ရလို့ အဲဒီအထဲက ဌာန်ကရိုဏ်းပယတ်ခွဲပုံတွေကို မှတ်မိနေပါတယ်။ တခြားစာအုပ်တွေထဲက ဌာန်ကရိုဏ်းပယတ်ခွဲပုံလည်း အဲဒီသဘောမျိုးပါပဲဆရာ"

" ဟုတ်တယ်လေ။ ဌာန်ဆိုရင် ဌာန်ငါးပါးဆိုပြီး အက္ခရာတွေဖြစ်တဲ့နေရာ ငါးပါးကိုပြတာမဟုတ်လား"

" ဟုတ်ပါတယ်ဆရာ။ လည်ချောင်း၊ အာစောက်၊ လျှာထိပ်၊ သွား၊ နှုတ်ခမ်းဆိုပြီး ဌာန်ငါးပါးပြတာပါ။ အခုဆယ်တန်းသဒ္ဒါကျတော့ ဌာန်ဆိုတာ မလှုပ်ရှားနိုင်တဲ့စကားသံအင်္ဂါတွေဟာ ဌာန်တွေပဲလို့ဆိုပြီး ဌာန်ခုနစ်မျိုးပြတယ်ဆရာ"

" ဘာတွေပါလိမ့်"

" လည်ချောင်း၊ အာခေါင်ပျော့၊ အာခေါင်မာ၊ အာထိပ်၊ သွား၊ အထက်နှုတ်ခမ်း၊ နှာခေါင်းဆိုပြီးပြပါတယ်။ သဒ္ဒဗျူဟာနဲ့ ပြပုံမတူပါဘူး"

" ဟုတ်ပြီ။ ကရိုဏ်းကိုရော သဒ္ဒဗျူဟာမှာဘယ်လိုပြသလဲ"

" ကရိုဏ်းကို အက္ခရာတို့၏ ဖတ်ရွတ်ကြောင်းကိုပြပြီး ကရိုဏ်းလေးမျိုးပြပါတယ်။ လျှာလယ်ရယ်၊ လျှာဖျားရယ်၊ လျှာဖျား၏အနီးရယ်၊ မိမိတို့၏ဌာန်ရယ်ဆိုပြီး ပြပါတယ်"

"ဆယ်တန်းသဒ္ဒါမှာရော"

" ဆယ်တန်းသဒ္ဒါကျတော့ ကရိုဏ်းဆိုတာ လှုပ်ရှားနိုင်တဲ့ စကားသံအင်္ဂါတွေဟာ ကရိုဏ်းတွေပဲဆိုပြီး ကရိုဏ်းကိုလည်း ခုနစ်မျိုးပြပါတယ်"

" ဆိုပါဦး"

" လျှာရင်း၊ လျှာနောက်၊ လျှာလယ်၊ လျှာရှေ့(လျှာဖျားအနီး)၊ လျှာဖျား၊ အောက်နှုတ်ခမ်း၊ လျှာခင်ဆိုတဲ့ ခုနစ်မျိုးပါဆရာ"

" ဟုတ်ပါပြီ။ အဲဒီတော့..."

"ကျွန်တော်တို့ငယ်ငယ်ကတည်းက သိထားတဲ့ ဌာန်ငါးမျိုး၊ ကရိုဏ်းလေးမျိုးနဲ့ ဆယ်တန်းစာအုပ်ထဲက ပြတဲ့ ဌာန်ခုနစ်မျိုး၊ ကရိုဏ်းခုနစ်မျိုးက ကွဲပြားနေတော့ တော်တော်ရှုပ်ထွေးစရာဖြစ်နေပါတယ်။ ဆယ်တန်းစာအုပ်ထဲက ဌာန်ကရိုဏ်းခွဲပုံက ဘယ်ကျမ်းကယူတာလဲလို့ သိချင်လို့ပါဆရာ"

"အင်း...အဲဒီသဒ္ဒါကိုပြုစုခဲ့တဲ့ ဆရာကြီးတွေကလည်း ဘယ်ကျမ်းကယူတဲ့အယူအဆလဲဆိုတာ တိတိကျကျပြောနိုင်မှာပေ့ါ။ ဒါပေမယ့် အဲဒီဆရာကြီးတွေလည်း အခုမရှိကြတော့ဘူးလေ။ ဒီတော့ မှန်းဆကြည့်ရရင် အဲဒီခွဲခြားပုံတွေမှာ အရင်သဒ္ဒါစာအုပ်တွေမှာ မတွေ့ရတဲ့ သဒ္ဒါသုံးဝေါဟာရတွေပါနေတာ မင်းလည်းသတိထားမိမှာပေ့ါ"

" ဟုတ်ကဲ့... ၊မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါတို့၊ လှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါတို့ ပြီးတော့ အာခေါင်မာ၊ အာခေါင်ပျော့ဆိုတဲ့ ဝေါဟာရတွေပါဘူး"

" ပြီးတော့ လျှာကို လျှာရင်း၊ လျှာနောက်၊ လျှာဖျား၊ လျှာခင်ဆိုပြီး ခွဲတာမျိုးတွေလည်း အရင်သဒ္ဒါကျမ်းတွေမှာ မတွေ့ဖူးဘူးမဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

> **"ဟုတ်ကဲ့... ၊မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါတို့၊ လှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါတို့ ပြီးတော့ အာခေါင်မာ၊ အာခေါင်ပျော့ဆိုတဲ့ ဝေါဟာရတွေပါဘူး"**
>
> **" ပြီးတော့လျှာကို လျှာရင်း၊ လျှာနောက်၊ လျှာဖျား၊ လျှာခင်ဆိုပြီး ခွဲတာမျိုးတွေလည်း အရင်သဒ္ဒါကျမ်းတွေမှာ မတွေ့ဖူးဘူးမဟုတ်လား"**

" ဒီဝေါဟာရတွေက သဒ္ဒဗေဒလို့ခေါ်တဲ့ စကားသံလေ့လာတဲ့ပညာရပ်မှာသုံးတဲ့ ဝေါဟာရတွေလေ။ အင်္ဂလိပ်လိုတော့ phonetics ပေ့ါ"

" ဟုတ်ကဲ့ပါ"

"ဒီတော့ မှန်းဆကြည့်ရတာက- ပါဠိသဒ္ဒါအရင်းခံတဲ့ ဌာန်ကရိုဏ်းပယတ်ကို သဒ္ဒဗေဒအယူအဆတွေနဲ့ ညှိနှိုင်းပြီး ပြုပြင်ထားတဲ့ပုံစံပဲ"

" ဟုတ်ကဲ့ပါ"

"သဒ္ဒဗေဒအရ စကားသံတွေကို ခွဲခြားရာမှာ အသံဖြစ်ရာ (ဌာန်) Place of articulation နဲ့ အသံဖြစ်ဟန် Manner of articulation ဆိုတဲ့ အချက်နှစ်ချက်နဲ့ခွဲခြားတယ်။ အသံတွေ ဘယ်နေရာမှာဖြစ်သလဲ၊ ဘယ်လိုဖြစ်တာလဲဆိုတာကို လေ့လာတာပေ့ါ"

" ဟုတ်ကဲ့ပါ"

" အဲဒီမှာ လှုပ်ရှားနိုင်တဲ့ စကားသံဖြစ်အင်္ဂါ (active articulation) တွေနဲ့ မလှုပ်ရှားနိုင်တဲ့ စကားသံဖြစ်အင်္ဂါ (passive articulation) တွေရယ်လို့ခွဲခြားပြီး မလှုပ်ရှားနိုင်တဲ့အင်္ဂါတွေကို လှုပ်ရှားနိုင်တဲ့အင်္ဂါတွေက ဘယ်လိုထိတွေ့ပြီး စကားသံတွေဖြစ်လာတယ်ဆိုတာ သရုပ်ဖော်တာလေ"

" ဘယ်လိုဟာမျိုးပါလဲဆရာ"

"မြင်လွယ်တာ ပြရရင် လျှာဖျားက လှုပ်ရှားနိုင်တဲ့အင်္ဂါ၊ သွားတွေကမလှုပ်ရှားနိုင်တဲ့ အင်္ဂါတွေလေ။ ဒီတော့ လှုပ်ရှားနိုင်တဲ့ လျှာဖျားက မလှုပ်ရှားနိုင်တဲ့သွားနောက်ကိုထိတဲ့အခါ 'သ'ဆိုတဲ့ ဗျည်းသံဖြစ်လာတာပေ့ါ"

"နားလည်ပါပြီဆရာ"

"အဲဒီလိုပဲ အသံဖြစ်ပုံကို သရုပ်ဖော်ရတယ်။ ဆယ်တန်းသဒ္ဒါမှာ လှုပ်ရှားနိုင်တဲ့အင်္ဂါတွေနဲ့ မလှုပ်ရှားနိုင်တဲ့အင်္ဂါ ခွဲပြထားပေမယ့် အဲဒီအင်္ဂါတွေ ဘယ်လိုထိတွေ့ပြီး အသံဖြစ်လာတယ်ဆိုတာ ရှင်းပြထားတာမတွေ့ရဘူးလေ။ သဒ္ဒဗေဒသဘောနဲ့ညှိပြထားပေမယ့် သင်တဲ့ဆရာဆရာမက သဒ္ဒဗေဒသဘောကို နားလည်မထားရင် ကျောင်းသားနားလည်အောင် ရှင်းပြဖို့မလွယ်လောက်ဘူး"

"ကျွန်မတို့လည်း ရှင်းမပြတတ်ပါဘူးဆရာ။ ဒီတော့ အလွတ်ပဲကျက်ခိုင်းရပါတယ်"

"ကရိုဏ်းကို သဒ္ဒဗျူဟာကျမ်းမှာ အက္ခရာတို့၏ ဖတ်ရွတ်ကြောင်းလို့ ဖွင့်ဟတာကို ဆယ်တန်းသဒ္ဒါမှာတော့ စကားသံဖြစ်ပေါ်စေရန် အကူအညီပေးသော အသုံးခံဝတ္ထုလို့ပြင်ပြီး ဖွင့်ထားတယ်။ လှုပ်ရှားနိုင်တဲ့ စကားသံဖြစ်အင်္ဂါတွေကိုလည်း ကရိုဏ်းလို့ဖွင့်ထားတော့ အဲဒီအင်္ဂါတွေဟာ အသံဖြစ်ပေါ်လာအောင် အကူအညီပေးတဲ့ အသုံးခံဝတ္ထုတွေပဲလို့ နားလည်ရတာပေ့ါကွယ်"

"ပယတ်ကိုဖွင့်ထားပုံလည်း အရင်သဒ္ဒါတွေနဲ့ ဆယ်တန်းသဒ္ဒါကွဲလွဲပါတယ်ဆရာ"

"ဟုတ်ပါတယ်။ ပယတ်ပြရာမှာ ပိတ်ခြင်း၊ ဖွင့်ခြင်း၊ ထိခြင်း၊ စဥ်းငယ်ထိခြင်းလို့ပြတယ်။ သဒ္ဒဗျူဟာမှာ နှုတ်ခမ်းတို့ကို ပိတ်ခြင်း၊ ဖွင့်ခြင်း၊ ထိခြင်း၊ စဥ်းငယ်ထိခြင်းလို့ပြတော့ အဓိပ္ပာယ်မပေါ်ဘူးပေ့ါ။ နှုတ်ခမ်းပိတ်ထားရင် ဘာအသံမှ ထွက်မှာမဟုတ်ဘူးလေ။ ဒါကြောင့် တခြားကျမ်းတွေမှာတော့ 'နှုတ်ခမ်းကို'လို့မပြတဲ့ 'ဌာန်ကရိုဏ်းတို့ကို ပိတ်ခြင်း၊ ဖွင့်ခြင်း၊ ထိခြင်း၊ စဥ်းငယ်ထိခြင်းကိုပြတယ်။ ဌာန်နဲ့ကရိုဏ်း ထိတွေ့ပါက ဖွင့်လို့ အသံတွေ ဖြစ်လာတာ မြင်သာတာပေ့ါ"

"ဟုတ်ကဲ့ပါ"

"အဲ...ဆယ်တန်းသဒ္ဒါမှာတော့ ပိတ်ခြင်း၊ဖွင့်ခြင်းဆိုတာကို အသံကြိုး နှစ်ချောင်းကိုပိတ်ခြင်း၊ ဖွင့်ခြင်းလို့ပြပြီး အဲဒီလို ရွတ်ဆိုရင် သရသံဖြစ်တယ်လို့ပြတယ်။ ထိခြင်းနှင့်စဥ်းငယ်ထိခြင်းကတော့ ဌာန်နဲ့ကရိုဏ်းကို ထိတာဖြစ်ပြီး အဲဒီလို ရွတ်ဆိုရင် ဗျည်းသံဖြစ်တယ်လို့ဆိုလိုတာပါ"

"တော်တော်ခက်တယ်နော်"

"တကယ်တော့ သဒ္ဒဗေဒအရ အသံဖြစ်ဟန်ဆိုတာ အသံဘယ်လိုဖြစ်တယ်ဆိုတာကို ပြတာမို့ ဌာန်နဲ့ရော၊ ကရိုဏ်းနဲ့ရော၊ ပယတ်နဲ့ရော ဆိုင်ပါတယ်။ ဘယ်ဌာန်ကို ဘယ်ကရိုဏ်းနဲ့ ထိပြီး ဘယ်လိုအားထုတ်ရွတ်ဆိုတယ်ဆိုတာ ရှင်းပြရမှာလေ။ ဌာန်က အသံဖြစ်တဲ့နေရာ၊ ကရိုဏ်းကလာထိတဲ့အင်္ဂါ၊ ပယတ်က အသံဖြစ်အောင် ထိတွေ့အားထုတ်ပုံ ဆိုပါတော့ကွယ်"

"ဆယ်တန်းသဒ္ဒါမှာ 'အဆုတ်မှတက်လာသောလေ၊ အသံအိုး၊ အသံကြိုး' ဆိုတဲ့ဝေါဟာရတွေလည်း ပါတယ်နော် ဆရာ"

"ဟုတ်တယ်။ ရှေ့ကပြောခဲ့တဲ့ စကားသံဖြစ်အင်္ဂါ၊ လျှာအစိတ်အပိုင်းဝေါဟာရတွေရော၊ အသံကြိုး၊ အသံအိုး၊ အဆုတ်မှ တက်လာသောလေဆိုတဲ့ဝေါဟာရတွေရော သဒ္ဒဗေဒဝေါဟာရတွေချည်းပဲ။ ဒါပေမယ့် အဲဒီဝေါဟာရတွေကို ရှင်းလင်းဖွင့်ဆိုထားတာမပါတော့ အဲဒါတွေကို အခြေခံပြီး ရှင်းပြထားတဲ့ အပိုင်းတွေကို နားလည်ဖို့ ခက်တာပေ့ါကွယ်"

"ဟုတ်ပါတယ် ဆရာ"

"ဒီအပိုင်းကို နားလည်ဖို့အတွက် သဒ္ဒဗေဒအခြေခံ တစ်ခုဖြစ်တဲ့ စကားသံဖြစ်ပုံကို နားလည်ဖို့လိုတယ်။ အသက်ရှူသွင်းပြီး အဆုတ်ထဲကပြန်ထုတ်လိုက်တဲ့လေဟာ လည်မျို(အသံအိုး) ထဲမှာရှိတဲ့ အသံကြိုး(vocal cords)လို့ခေါ်တဲ့ အကြောမျှင်ကလေးနှစ်ခုကို ဖြတ်သန်းရတယ်။ အသံကြိုးတွေကို ပိတ်ထားရင် လေတိုးထွက်ရတဲ့အတွက် အသံကြိုးတုန်ခါတယ်။ အသံကြိုးတွေ ပွင့်နေရင်ကြားထဲက လေထွက်သွားလို့ အသံကြိုး မတုန်ခါဘူး။ သရသံအားလုံးအသံကြိုးတုန်ခါတယ်။ ဗျည်းသံတွေကတော့ အသံကြိုး တုန်တာလည်းရှိတယ်၊ မတုန်တာလည်းရှိတယ်။ လေကပါးစပ်ထဲရောက်တော့ ဗျည်းဆိုရင် တစ်နေရာရာမှာ အတားအဆီးဖြစ်ပြီးမှ ထွက်တယ်။ သရဆိုရင်တော့ အတားအဆီးမရှိဘဲ အပြင်ကို လေထွက်သွားတယ်။ အဲဒီသဘောကို ကြိုသိထားမှ ဒီအပိုင်းကို ရှင်းပြလို့ရမှာ ပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ ရေးထားပုံက ဝေ့နေတာမျိုးတွေ့ရတယ်။ အဆုတ်ထဲကို အသက်ရှူသွင်းတဲ့လေပြန်ထွက်တယ်လို့ ရှင်းရှင်းမရေးဘဲ၊ ထုတ်ဖော်ပြောဆိုလိုသည့်ဆန္ဒကြောင့် အဆုတ်အတွင်း၌ စကားသံဖြစ်နိုင်မည့် လေတစ်မျိုးသည် ရှေးဦးစွာဖြစ်ပေါ်လာရသည်" ဆိုတဲ့အရေးအသားပဲကြည့်လေ။ ဝေ့နေပြီး ဘာဆိုလိုတယ်ဆိုတာ မရှင်းတာတော့အမှန်ပဲ"

"သဒ္ဒဗေဒဝေါဟာရတွေကို ရှင်းပြမထားတဲ့အပြင် 'စဥ်းငယ်ထိခြင်း' ဆိုတာကို ရှေးဆန်တဲ့ အသုံးတွေလည်းပါနေတယ်။ 'စဥ်းငယ်'လို့မသုံးဘဲ 'အနည်းငယ်'လို့သုံးရင် ပိုပြီး နားလည်ရမလွယ်ဘူးလားကွယ်"

"ဟုတ်ပါတယ် ဆရာ"

"ဌာန်ကရိုဏ်းပယတ်အခန်းမှာ တွေ့ရတဲ့ ပြဿနာကတော့ သဒ္ဒဗေဒအခြေခံသဘောတွေ ရှင်းပြမထားဘဲနဲ့ ထုံးတမ်းစဥ်လာအယူအဆတွေနဲ့ သဒ္ဒဗေဒအယူအဆတွေကို ရောမွှေထားတဲ့ပြဿနာပါပဲ။ ဒီလိုရောမွှေဘဲ ထုံးတမ်းစဥ်လာနည်းအရ ရှင်းပြတာဖြစ်ဖြစ်၊ သဒ္ဒဗေဒနည်းအရ ရှင်းပြတာဖြစ်ဖြစ်၊ တစ်နည်းပဲ သတ်သတ်မှတ်မှတ်သုံးရင် နားမလည်နိုင်တဲ့ ပြဿနာပြေလည်နိုင်တာပေ့ါကွယ်"

မိသားစုဝင်ငွေရရှိစေရေးမိတ္ထီလာမြို့ရှိ ရက်ကန်းကျောင်းမှ အသက်မွေးဝမ်းကျောင်းပညာများသင်ကြားပေးလျက်ရှိ

မိတ္ထီလာ ဇူလိုင် ၈

ပညာရေးကိုဆုံးခန်းတိုင်အောင် မသင်ယူနိုင်သောလူငယ်လူရွယ်များ၊ အမျိုးသမီးငယ်လေးများကို မိမိတတ်မြောက်ထားသောပညာဖြင့် မိသားစုအတွင်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် အသက်မွေးဝမ်းကျောင်းပညာများဖြစ်သည့်ချည်မျှင်နှင့် အထည်ကျွမ်းကျင်စေရန် ရက်ကန်းပညာသင်တန်း၊ စက်ချုပ်သင်တန်း၊ စက်ပြင်စက်မောင်းသင်တန်းနှင့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းများကိုအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းကျောင်း(မိတ္ထီလာ)မှ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ချည်မျှင်နှင့် အထည်ကျွမ်းကျင်သူ သင်တန်း တစ်နှစ်သင်တန်းနှင့် ခြောက်လသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တစ်နှစ်သင်တန်း၌ သင်တန်းသား သင်တန်းသူ ၃၀ နှင့် ခြောက်လသင်တန်းတွင် ၁၀ ဦးတို့ကို ဇူလိုင် ၁ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းများတွင် အသက် ၁၆ နှစ်မှ ၂၅ နှစ်အတွင်းဖြစ်ပြီး ပညာအရည်အချင်း အနည်းဆုံး အလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။ယင်းသင်တန်းကို စတင်တက်ရောက်ပါက လစဉ် ထောက်ပံ့ကြေးတစ်လငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးပြီး ကျောင်းရှိအဆောင်များတွင်ထားရှိ၍ စက်ရက်ကန်းသဘောတရား၊ လက်ရက်ကန်းနှင့် လက်ချည်မျှင်ဆွဲ၊ အဖြူချွတ်ဆေးဆိုး၊ စက်ချည်မျှင်ဆွဲ၊ အထည်တည်ဆောက်ပုံ(ဒီဇိုင်း)၊အထည်ခွဲစိတ်လေ့လာခြင်း (သင်္ချာ)ဘာသာနှင့် အမျှင်ကုန်ကြမ်း ဘာသာရပ်များကိုနေ့စဉ် စာတွေ့၊ လက်တွေ့သင်ကြားပေးလျက်ကြောင်း သိရသည်။

ရက်ကန်းသင်တန်းများ တက်ရောက်ပြီးစီးပါက မိတ္ထီလာတပ်မတော် ချည်မျှင်နှင့်အထည်စက်ရုံတွင် အလုပ်ရရှိရေးအတွက် ရက်ကန်းကျောင်းမှ ဆောင်ရွက်ပေးသလို မိတ္ထီလာစက်မှုဇုန်နှင့် ဝမ်းတွင်းမြို့နယ်များရှိ ရက်ကန်းရုံများတွင်လည်း အလုပ်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

မြန် မာ့ ရိုး ရာ အား က စား

လိုအပ်ချက်များရှိနေသော်လည်း မျိုးဆက်သစ်အမြောက်အမြားကို မွေးထုတ်ပေးသွားမည့် ရွှေဖူးရိုးရာလက်ဝှေ့ကလပ်

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

ရိုးရာလက်ဝှေ့လောကတွင် သက်တမ်းအားဖြင့် ခြောက်နှစ်ကျော် ဂုဏ်သတင်းကျော်ဇောလာသော ရွှေဖူးရိုးရာ လက်ဝှေ့ကလပ်။ နာမည်တစ်ခုနှင့် မြန်မာပြည်အလွတ်တန်းချန်ပီယံအပါအဝင် ပထမတန်းလက်ဝှေ့ကျော်များကို မွေးထုတ်ပေးလျက်ရှိသော ရွှေဖူးရိုးရာလက်ဝှေ့ကလပ်သည် ယနေ့လတ်တလော ရိုးရာလက်ဝှေ့လောကအခြေအနေတစ်ခုအရ ကလပ်၏ လိုအပ်ချက်များရှိနေသော်လည်း ကြိုးဝိုင်းပေါ်သို့တက်လိုသည့် ရိုးရာလက်ဝှေ့မျိုးဆက်သစ်များကို အဆက်မပြတ်မွေးမြူလေ့ကျင့် ပျိုးထောင်ပေးလျက်ရှိသည်။ ကလပ်၏ လေ့ကျင့်ရေးပစ္စည်းများ လောက်ငမှုမရှိ လိုအပ်လျက်ရှိနေသည့်ကြားကပင် မြန်မာပြည်အလွတ်တန်းချန်ပီယံနှင့် ပထမတန်း၊ ဒုတိယတန်း လက်ဝှေ့ကျော်များကို မွေးထုတ်ပေးလျက်ရှိသည်က ရွှေဖူးရိုးရာ လက်ဝှေ့ကလပ်၏ ထူးခြားမှုတစ်ခုပင်ဖြစ်သည်။ ယခုအခါတွင် ကမ္ဘာ့နိုင်ငံအချို့ကပင် စိတ်ဝင်စားမှုပြုလာသော မြန်မာ့ရိုးရာလက်ဝှေ့ကို မျိုးဆက်သစ်ပြတ်မည်စိုးရိမ်နေသူများထဲတွင် ရွှေဖူးကလပ်မှ နည်းပြချုပ်ဖြစ်သည့် ဦးတင်ဦးသည်လည်း အပါအဝင်ဖြစ်သည်။ ရွှေဖူးရိုးရာလက်ဝှေ့ကလပ်သည် မျိုးဆက်သစ် အမြောက်အမြား ထပ်မံမွေးမြူကာ လေ့ကျင့်ပြုစုပေးလျက်ရှိ နေသည်က နွေရာသီရိုးရာလက်ဝှေ့အခမဲ့သင်တန်းမှ ယနေ့ကြိုးဝိုင်းစင်ပေါ်သို့တိုင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ရွှေဖူးကလပ်ကို ကရင်ပြည်နယ်မှ ရိုးရာလက်ဝှေ့ ဝါသနာရှင်တစ်ဦးက ပြီးခဲ့သော ၂၀၁၁ ခုနှစ်တွင် စတင်ကာ ပံ့ပိုးကူညီတည်ထောင်ခဲ့ပြီး နည်းပြချုပ်အဖြစ် လက်ရှိဆရာ ဦးတင်ဦးကို ခန့်အပ်ခဲ့သည်။ ကလပ်တည်ထောင်စက ကစားသမားအနည်းငယ်သာရှိခဲ့သော်လည်း ယခုအခါ လက်ရှိချန်ပီယံဟောင်းစောငမန်း၊ မိုက်ရိုင်းလေး၊ ဖိုးလပြည့် အပါအဝင် မျိုးဆက်သစ်ရိုးရာလက်ဝှေ့ကစားသမား ၁၆ ဦးတိုင်ရှိနေပြီဖြစ်သည်။ မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ပေးခြင်းဖြင့် ရိုးရာလက်ဝှေ့လောကကို မြှင့်တင်ပေးနေသော ကလပ်များထဲတွင် ရွှေဖူးကလပ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရွှေဖူးကလပ်တွင် လက်ရှိနည်းပြချုပ်အဖြစ် ဦးတင်ဦး၊ မြန်မာပြည်အလွတ်တန်း ချန်ပီယံဟောင်း စောငမန်း၊ မိုက်ရိုင်းလေး၊ ဖိုးလပြည့်အပါအဝင် မျိုးဆက်သစ်ရိုးရာ လက်ဝှေ့သမားများဖြစ်သော ထက်အာကာ၊ မွန်လေး၊ ပအို့လေး၊ နှင်းဆီလူမိုက်၊ စန်းလွင်၊ ကရင်သွေး၊ ကျော်ကျော်ခိုင်၊ ကျော်ကြီး၊ စွန်ရဲ၊ မုံရွာကိုစန်း၊ ကိုရဲ၊ ဆယ်အိမ်စုလူမိုက်နှင့် စောဘခက်တို့ကို လေ့ကျင့်မွေးမြူပေးလျက်ရှိသည်။

လက်ရှိရွှေဖူးကလပ်၌ တစ်ကျော့ပြန်ကစားနေသော မြန်မာပြည်အလွတ်တန်းချန်ပီယံဟောင်း စောငမန်းသည် ပြီးခဲ့သော ၂၀၁၃၊ ၂၀၁၄ ခုနှစ်ဝန်းကျင်က ချန်ပီယံဖြစ်ခဲ့ပြီး ထွန်းထွန်းမင်းကို အလဲထိုးဖြင့်ရှုံးနိမ့်ကာ ချန်ပီယံကို လွှဲပြောင်းပေးအပ်လိုက်ရပြီး ယခုနှစ်မှ ရိုးရာလက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်လာခြင်း ဖြစ်သည်။ ကြိုးဝိုင်းစင်နှင့် နှစ်အနည်းငယ်သာဝေးကွာသွားသော စောငမန်းသည် ပြီးခဲ့သော လပိုင်းများအတွင်းက မွေထိုင်းချန်ပီယံပါဝိနှင့် ဂျပန်နိုင်ငံမှ လက်ဝှေ့ကျော်ကို အလဲထိုးဖြင့် အနိုင်ယူခဲ့၍ ရိုးရာလက်ဝှေ့လောကသို့ ပြန်လည်ခြေချလာမှုမှာ အောင်မြင်သည်ဟု ဆိုရမည်ဖြစ်သည်။ စောငမန်းသည် ကီလိုအားဖြင့် ၇၅ ကီလိုရှိပြီး မြန်မာနိုင်ငံ အလွတ်တန်းချန်ပီယံဖြစ်စဉ်က အလွတ်တန်းချန်ပီယံနေရာကိုလုယူမည့် စိန်ခေါ်သူ တူးတူးနဲ့ပွဲတွင် သရေကျခဲ့ပြီး တူးတူးနဲ့အပြိုင် ပထမတန်းလက်ဝှေ့တန်းဝင်ဖြစ်လာသောထွန်းထွန်းမင်းက စောငမန်းကို ပြန်လည်စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ထိုပွဲတွင် တစ်ဦးနဲ့တစ်ဦး အရှုံးအနိုင်မပေါ်ဘဲ သရေကျခဲ့ပြီး ထွန်းထွန်းမင်းက ထပ်မံစိန်ခေါ် ထိုးသတ်ခဲ့ရာ စတုတ္ထအချီတွင် စောငမန်းအလဲထိုးနှင့် ထွန်းထွန်းမင်းကို အရှုံးပေးခဲ့ရပြီး လက်ရှိအလွတ်တန်းချန်ပီယံဆုကို လက်လွှတ်အရှုံးပေးလိုက်ရသည်။ စောငမန်းသည် ကြံ့ခိုင်မှုကောင်း၊ အသည်းကောင်း၊ အရပ်အမောင်းကောင်းသလို အချုပ်အသိုင်းပိုင်သောလက်ဝှေ့ကျော် တစ်ဦးဖြစ်သည်။ယင်းအချက်များကြောင့် မြန်မာပြည် အလွတ်တန်းချန်ပီယံ၊ ရွှေခါးပတ်ပိုင်ရှင်၊ ဒဂုံရွှေအောင်လံလေးခုနှင့် အရှေ့တောင်အာရှ ငွေတံဆိပ်ဆုရှင်အဖြစ် ပိုင်ဆိုင်ခဲ့သည့် ပြည်တွင်းရိုးရာလက်ဝှေ့ကျော် တစ်ဦးဖြစ်သည်။



ရွှေဖူးရိုးရာလက်ဝှေ့ကလပ်မှ ဖိုးလပြည့် လေ့ကျင့်နေစဉ်

ရွှေဖူးကလပ်မှ နာမည်ရလာသည့် မိုက်ရိုင်းလေးသည်လည်း အသက် ၂၃ နှစ်၊ ဝိတ်တန်း ၅၇ ကီလိုရှိပြီး လတ်တလောယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၅၇ ပွဲတွင် နိုင်ပွဲ ၃၅ ပွဲ၊ သရေ ၁၈ ပွဲနှင့် ရှုံးပွဲလေးပွဲရလဒ်ပိုင်ဆိုင်ထားသော လက်ဝှေ့ ကျော်တစ်ဦးဖြစ်သည်။ အသည်းမာဇွဲပါပြီး သတ်လုံးသတ်ပေါက်စုံလင်လှသဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ပရိသတ် အသည်းစွဲလက်ဝှေ့သမားကောင်း တစ်ဦးဖြစ်သည်။ အလားတူ ဖိုးလပြည့်သည်လည်း အသက်အားဖြင့် ၂၂ နှစ်၊ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၃၄ ပွဲတွင် နိုင်ပွဲ ၂၀၊ သရေကိုးပွဲနှင့် ရှုံးပွဲ ငါးပွဲရလဒ်ပိုင်ဆိုင်ထားသော လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး မျှားမကြာမီတွင် ကျင်းပမည့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့ ရွှေခါးပတ်လုပွဲတွင် ၆၇ ကီလိုတန်းမှ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ဝှေ့သမားတစ်ဦး ဖြစ်သည်။

"ယနေ့ခေတ်လက်ဝှေ့သမားတွေနဲ့ အရင်ခေတ်လက်ဝှေ့သမားတွေနဲ့ မတူတော့တာက စည်းကမ်းပိုင်းဆိုင်ရာပဲ။ ခုခေတ် လက်ဝှေ့သမားတွေက နာမည်နည်းနည်းရလာတာနဲ့ စည်းကမ်းလိုက်နာမှုအပိုင်းတွေမှာ အားနည်းလာတယ်။ အပေါ်ပိုင်းရောက်လို့ ကြေးလေးနည်းနည်းမြင့်လာပြီဆိုရင် ဆရာကို ပြန်ပြောချင်တာတို့၊ စည်းကမ်းပိုင်းဆိုင်ရာ လိုက်နာမှုအားနည်းလာပြီး သူငယ်ချင်းတွေနဲ့ ပျော်ပါးချင်တာတို့ ဖြစ်လာတယ်။ တကယ်တော့ အဲဒါတွေက ရိုးရာလက်ဝှေ့သမား တစ်ယောက်အဖို့ အကျဘက်ဖြစ်စေတဲ့ အချက်တွေ၊ တက်လမ်းကို ဖျက်ဆီးစေတဲ့ အချက်တွေပဲ။ ဒါတွေက ကလပ်တိုင်းလိုလိုကို ဖြစ်နေကြတာ။ ပြောချင်တာက ယနေ့ခေတ် ရိုးရာလက်ဝှေ့သမားတွေကို နည်းပြချုပ်တွေ အများစုမထိန်းသိမ်းနိုင်ကြတော့ဘူး" ဟု ရွှေဖူးရိုးရာလက်ဝှေ့ကလပ်မှ နည်းပြချုပ် ဦးတင်ဦးက ပြောသည်။

ယနေ့ရိုးရာလက်ဝှေ့လောက ဝါသနာရှင်ပြည်သူများအနေဖြင့် နိုင်ငံတကာသို့ထိုးဖောက်နေသော လာရာဘက်သို့ကြည့်လျှင် အမြင့်ဘက်သို့သွားနေသည်ဟု တွေ့မြင်ယူဆရသော်လည်း အမှန်တကယ် အပြုသဘောစောင့်ကြည့်လျှင် အကျဘက်သို့ ရောက်နေသည်ဟု ရိုးရာလက်ဝှေ့အသိုင်းအဝန်းနှင့် ယခင်ကစားသမားဟောင်းများက သုံးသပ်ပြောဆိုကြသည်။ ပွဲအရေအတွက်များလာမှု၊ နိုင်ငံတကာပွဲများလာမှုနှင့်အတူ Promoter စီးပွားရေးလုပ်ငန်းရှင်များ ဝင်ရောက်အားပေးလာမှုများလာခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပ၌ အရှိန်အဟုန်ရလာသော်လည်း တချို့နည်းပြများ၏ နည်းစနစ်ပိုင်းဆိုင်ရာ အားနည်းချက်၊ ကစားသမားများ အားနည်းချက်တို့ကြောင့် နိုင်ငံတကာပွဲအချို့တို့တွင် နည်းစနစ်ပိုင်းဆိုင်ရာ အားနည်းမှုနှင့်အတူ ရိုးရာလက်ဝှေ့ပင် ဖြစ်သော်ငြားလည်း ပြည်ပအားကစားသမားများက အားသာကာ မိမိရိုးရာလက်ဝှေ့သမားများ အကျဘက်သို့ ဦးတည်နေသည်များရှိသည်ကို တွေ့မြင်နေရသည်။ ယင်းအခြေအနေ၏ အဓိကအချက်မှာ တချို့အားကစားသမားများသည် ပထမတန်းသို့ ရောက်နေသော်လည်း ကြိုးစားအားထုတ်မှု လျော့နည်းလာခြင်း၊ နည်းပြချုပ်စကားနားမထောင်ခြင်း၊ကလပ်နှင့်အလှမ်းဝေးကာပွဲနီးခါမှ ပြန်လည်ရောက်ရှိလာခြင်း၊ အောက်ခြေလွတ် ဘဝင်မြင့်လာခြင်း၊ စာချုပ်များရှိခြင်းတို့ကြောင့် အချိန်တန်ရင် ပွဲထိုးရမှာပဲဟူသော တလွဲအယူမှားမှုများက မိမိအား ရှုံးနိမ့်မှုနှင့်အတူ အထက်သို့သွားသောလမ်းအား ပိတ်စေသည်မှာ အမှန်ပင် မသိစေသည်လားဟု ပရိသတ်အချို့နှင့် နည်းပြချုပ်အချို့က သုံးသပ်ပြောဆိုကြသည်။ အမှန်ပင်လည်းဖြစ်ပေသည်။ ယနေ့ မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က အတည်ပြုသတ်မှတ်ထားသော မြန်မာနိုင်ငံအလွတ်တန်းချန်ပီယံ ဒေ့ပ်လက်ဒပ် (ကနေဒါ) အား ယနေ့မြန်မာနိုင်ငံ၌ စိန်ခေါ်ယှဉ်ပြိုင်ဝံ့သူ မရှိဖြစ်နေသည်။ ရှိလျှင်လည်း ရာခိုင်နှုန်း ၇၀ ကျော်က အရှုံးဘက်သို့ ဦးတည်နေသည်။ ယင်းကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့လောကက အဖြေထုတ်ဖို့ လိုနေပြီဖြစ်သည်။ အကြောင်းမှာ မိမိရိုးရာ၊ မိမိချန်ပီယံဆုကို ပြည်ပနိုင်ငံသားက ပိုင်ဆိုင်ခွင့်ရရှိထားခြင်းပင်ဖြစ်သည်။ ရိုးရာလက်ဝှေ့လောက၏ စိုးရိမ်ရမည့် စိန်ခေါ်မှုတစ်ခုလည်းဖြစ်သည်။

ထိုအခြေအနေမှာ ပထမတန်းလက်ဝှေ့ကျော် လျော့နည်းမှုနှင့် မျိုးဆက်သစ်ရိုးရာလက်ဝှေ့သမားများ ပြန်လည်မွေးမြူရန်နှင့်အတူ နည်းစနစ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အားနည်းလာခြင်းကြောင့်ပင်ဖြစ်သည်ဟု လောကသားတစ်ခုလုံးက သိထားသည်။ သို့ဖြစ်၍ ယင်းအခြေအနေအား လိုအပ်ချက်များရှိနေသော်လည်း မျိုးဆက်သစ်အမြောက်အမြားကို မွေးထုတ်ပေးသွားမည့် ရွှေဖူးရိုးရာလက်ဝှေ့ကလပ်သာမက ပြည်တွင်းရိုးရာလက်ဝှေ့ကလပ်များအနေဖြင့် အဆိုပါကလပ်ကဲ့သို့ အချိန်ယူပြင်ဆင်သင့်သော ကာလတစ်ခုသို့ ရောက်ရှိပြီဖြစ်ပါကြောင်း.....။

ရိုးရာလက်ဝှေ့ဖွံ့ဖြိုးတိုးတက်ရေး တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာ လက်ဝှေ့ပြိုင်ပွဲသို့ ကူညီထောက်ပံ့

ရန်ကုန် ဇူလိုင် ၈

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာနက ကြီးမှူးပြီး မြန်မာ နိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ကျင်းပသော (၁၅) ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲသို့ ရိုးရာလက်ဝှေ့ ဝါသနာရှင် Irrawaddy Green Tower က ငွေကျပ်သိန်း ၂၀ ကူညီ ထောက်ပံ့ခဲ့ကြောင်း မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။

အဆိုပါ ပြိုင်ပွဲကို ဇူလိုင် ၃ ရက်မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိရာ ရိုးရာ လက်ဝှေ့ဝါသနာရှင် Irrawaddy Green Tower မှ ဦးဇော်ဝင်းကြည်က ပြိုင်ပွဲတတိယမြောက်နေ့တွင် သိမ်ဖြူရိုးရာ လက်ဝှေ့အားကစားရုံသို့ သွားရောက်လှူဒါန်းခဲ့ပြီး အဆိုပါ လှူဒါန်းငွေကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနေဝင်းက လက်ခံယူသည်။

ယင်းတိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သော အားကစားသမားများအား ဒိုင်းဆုအပြင် ပထမဆုငွေကျပ် သုံးသိန်း၊ ဒုတိယ ငွေကျပ်နှစ်သိန်းနှင့် တတိယဆုကို ငွေကျပ် တစ်သိန်း ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး အခြားထူးချွန်ဆုများကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။

သတင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးခမ

ခ ရီး သွား ဆောင်း ပါး

ဘိုကလေးဆီသို့ တစ်ခေါက်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်

တသွင်သွင်စီးဆင်းနေသော ဘိုကလေးမြစ်ပေါ်တွင် ရေယာဉ်ကြီးငယ်များ စုန်ဆန်မောင်းနှင်နေကြသည်ကိုတွေ့ရသည်။ မြေကြီးအရောင်ရောပါနေသော ဘိုကလေးမြစ်ရေက နောက်ကျိနေသည်။ သစ်ကိုင်းခြောက်အချို့ အမှိုက်တချို့က ရေစီးနှင့်မျောပါလျက်။ ဆန်အိတ်များတစ်အိတ်ပြီးတစ်အိတ် ထမ်းတင်နေသောအလုပ်သမားများ၊ ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည့် ရေယာဉ်ငယ်များ၊ ဆိပ်ကမ်းပေါ်တက်လာသူနှင့် ဆင်းလာသူများကြောင့် ဘိုကလေးဆိပ်ကမ်းသည် လှုပ်ရှားစည်ဝေနေသည်။ နံနက်ခင်းထူးခြားစွာနေရောင်တောက်ပနေရာ ဘိုကလေး မြို့ဆိပ်ကမ်းက အသက်ဝင်လျက်ရှိသည်။

ညက ဘိုကလေးမြို့တွင် အိပ်ခဲ့ပြီး မနက်စောစောလက်ဖက်ရည်ဆိုင်ထိုင်ကာ ဝမ်းဖြည့်ခဲ့ပြီးနောက် ဘိုကလေးမြို့ကို လိုက်လံလေ့လာနေခြင်းဖြစ်သည်။ ဘိုကလေးမြို့ကို ကျွန်တော် အရင်က နှစ်ကြိမ်ရောက်ခဲ့ဖူးသည်။ ၂၀၀၈ ခုနှစ် မေလက နာဂစ်မုန်တိုင်း တိုက်ခတ်ပြီး မကြာမီ ပထမဆုံးအကြိမ်ရောက်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က မုန်တိုင်းဒဏ်ကြောင့် ဘိုကလေးမြို့တစ်မြို့လုံး နေအိမ်အဆောက်အအုံ အတော်များများ ပြားပြားဝပ်ပြိုကျခဲ့သည်။ မြို့တွင်းလက်ညှိုးထိုးမလွဲအောင် အပျက်အစီးများပြားခဲ့သည်။ ကျွန်တော်တို့လည်း တည်းခိုစရာနေရာမရှိ၊ ဖြစ်သလို ကြုံသလိုနေထိုင်ကာ တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။ မုန်တိုင်းဒဏ်ကြောင့် ဟာလာဟင်းလင်းပွင့်နေသော ရုံးအဆောက်အအုံတစ်ခု၏ စားပွဲတစ်လုံးပေါ်တွင် ငုတ်တုတ်ထိုင်ကာ မိုးလင်းခဲ့ရသည့် ညတွေကို ပြန်သတိရနေမိသည်။

အခု ဘိုကလေးဆိပ်ကမ်းဘက် ကျွန်တော်ရောက်နေခြင်းဖြစ်ရာရေလမ်းခရီးက အရေးပါနေဆဲဖြစ်သည်ကို တွေ့မြင်ရသည်။ ဘိုကလေးမြို့နယ်အတွင်း ကျေးရွာပေါင်း ၅၉၉ ရွာခန့်ရှိရာ မြို့နယ်ရုံးစိုက်ရာနှင့် ဈေးလည်းရှိသည့် ဘိုကလေးမြို့သို့ ရေလမ်းခရီးဖြင့် နေ့စဉ်အသွားအလာ၊ အရောင်းအဝယ်ရှိနေဆဲပင်ဖြစ်သည်ကို သတိပြုမိပြီး အနီးဝန်းကျင်ရွာများမှ ရေထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများက ဘိုကလေးမြို့သို့ တင်ပို့ကာ ဖြန့်ဖြူးနေခြင်းဖြစ်သည်။ အမာ၊ ကဒုံကနိ၊ စက်ဆန်းတို့မှ ထွက်ကုန်များကို ဘိုကလေးမြစ်ကြောင်းအတိုင်း ရေယာဉ်ဖြင့် တက်လာပြီး တင်ပို့နေခြင်းဖြစ်သည်။ ထိုမှ ဘိုကလေး-ဖျာပုံ-ကျိုက်လတ်-မအူပင်တို့အထိ ကားလမ်းအတိုင်း ကုန်ပစ္စည်းများ ဖြန့်ဖြူးခြင်းဖြစ်ရာ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည်။

ဘိုကလေးဆိပ်ကမ်းမှ ပြန်ထွက်လာခဲ့ပြီး ဘိုကလေးဈေးဘက်သို့ ထွက်လာခဲ့ကြသည်။ ဘိုကလေးမြို့က မြို့ဧရိယာမကျယ်ဝန်းသော်လည်း လမ်းများဖောက်လုပ်ထားမှုနှင့် အိမ်များတည်ဆောက်ထားမှုက စနစ်တကျရှိနေသည်။ အဓိကလမ်းမကြီးများမှာ တတိယလမ်းမ၊ ကမ်းနားလမ်း၊ သီရိလမ်း၊ ၁၈ လမ်းတို့ဖြစ်ပြီး လမ်းကျယ်များဖြစ်ကာ သပ်သပ်ရပ်ရပ်ရှိနေသည်ကို သတိပြုမိသည်။ အိုးအိမ်များမှာနှစ်ထပ်၊ သုံးထပ်အိမ်များရှိသလို တစ်ထပ်အိမ်များလည်း ရှိသည်။ မော်တော်ကားမောင်းနှင်သွားလာမှုမှာ တဖြည်းဖြည်းတိုးတက်များပြားလာသည်ကို တွေ့မြင်ရသည်။ ဆိုင်ကယ်စီးသူအရေအတွက်လည်း တဖြည်းဖြည်းများလာသည် ဖြစ်သည်။

ကျွန်တော်တို့ ဘိုကလေးဈေးမှ ပြန်ထွက်လာခဲ့ပြီး ပေါ်တော်မူစေတီသို့ သွားရောက် ဖူးမြော်ခဲ့ကြသည်။ ပေါ်တော်မူစေတီသည် အေးချမ်းတိတ်ဆိတ်ငြိမ်းချမ်းလှသည်။ ရွှေရောင်တဝင်းဝင်းဖြင့် ကြည်ညိုဖွယ်ရာပင်။ မုခ်ဦးမှ ဝင်လိုက်သည်နှင့် ကိုယ်လုံးတော်ပြည့် ရွှေချထားသည်ကိုဖူးတွေ့လိုက်ရ

ဘိုကလေးဈေးသို့ ကျွန်တော်တို့ရောက်ရှိခဲ့သည်။နံနက်ပိုင်းဖြစ်၍လားမသိ၊ ဈေးရောင်းဈေးဝယ်များဖြင့် စည်စည်ကားကားရှိနေသည်။ အထူးသဖြင့် ရေထွက်ကုန်ပစ္စည်းများဖြစ်သော ငါးခြောက်မျိုးစုံ၊ ပုစွန်ခြောက်များကို ပေါပေါများများရောင်းချလျက်ရှိသည်။ အထည်အလိပ်၊ လူသုံးကုန်ပစ္စည်းများနှင့် ဆန်အိတ်များရောင်းနေသည်ကိုတွေ့ရသည်။ အဝတ်အထည်ရောင်းချသော ဆိုင်တစ်ဆိုင်ကို မေးမြန်းကြည့်ရာ ရန်ကုန်ဘက်မှလာသော အဝတ်အထည်များဖြစ်ကြောင်း သိရသည်။ ငါးဖမ်းပိုက်ရောင်းချသော ဆိုင်တစ်ဆိုင်ကိုတွေ့၍ မေးမြန်းကြည့်ရာ ငါးသေးမှ အရွယ်အစားကြီးမားသောငါးများ ဖမ်းနိုင်သောပိုက်များရှိကြောင်း၊ အရောင်းအဝယ်ပါးကြောင်း ဆိုင်ရှင်က ပြောပြသည်။ နာဂစ်မုန်တိုင်းပြီးကတည်းက ငါးသယံဇာတများ လျော့နည်းသွားခဲ့ကြောင်း သိရသည်။

ကျွန်တော်တို့ ဘိုကလေးဈေးမှ ပြန်ထွက်လာခဲ့ပြီး ပေါ်တော်မူစေတီသို့ သွားရောက်ဖူးမြော်ခဲ့ကြသည်။ ပေါ်တော်မူစေတီသည် အေးချမ်းတိတ်ဆိတ်ငြိမ်းချမ်းလှသည်။ ရွှေရောင်တဝင်းဝင်းဖြင့် ကြည်ညိုဖွယ်ရာပင်။ မုခ်ဦးမှ ဝင်လိုက်သည်နှင့် ကိုယ်လုံးတော်ပြည့် ရွှေချထားသည်ကိုဖူးတွေ့လိုက်ရသည်။ အရံစေတီတော်များစွာနှင့်အတူ အောက်ခြေတွင် ဥမင်သဏ္ဌာန်ပြုလုပ်ထားရာ ယင်းဥမင်ငယ်လေးများ တစ်ခုချင်းစီ၌ ထိုင်လျက် ဗုဒ္ဓရုပ်ပွားတော်တစ်ခုစီ ရှိနေသည်ကို ဖူးတွေ့ရသည်။ ဘိုကလေးမြို့တွင်းနှင့် အနီးဝန်းကျင်မှ ပြည်သူများလာရောက်ကြည်ညိုဖူးမြော်နိုင်ကြသည်ဖြစ်ရာ ကျွန်တော်တို့ ဘုရားသို့ ရောက်ချိန်၌ ဒေသခံဘုရားဖူးအချို့ကို တွေ့ရသည်။

ကျွန်တော်တို့ ဘုရားရင်ပြင်တော်ပေါ် လှည့်လည်ကြည်ညိုရင်း ရွှေရောင်ဝင်းပနေသော စေတီတော်ကို ဖူးမြော်လျက် ကြည်နူးစိတ်ဖြစ်နေမိသည်။ အေးချမ်းတိတ်ဆိတ်သော အရပ်လည်းဖြစ်ရာ တရားဘာဝနာပွားများလိုသူများအတွက် သင့်လျော်သော စေတီရင်ပြင်တစ်ခုလည်းဖြစ်သည်။ ဘုရားသမိုင်းနှင့် ဘိုကလေးမြို့ကလည်း ဆက်စပ်လျက်ရှိသည်။

မွန်ဘုရင်ဗညားဒလလက်ထက်တွင်ဘိုကလေးနှင့် ကျိုက်လတ်အကြားရှိ ကျုံတုံမြို့စားမှာ ဗညားဇေယျဖြစ်ပြီး သားနှစ်ဦးရှိရာ ရေတပ်ဗိုလ်များဖြစ်ကြသည်။ ဗညားဇေယျမှာ အဂ္ဂိရတ်ဝါသနာပါသူဖြစ်ပြီး နဝင်းကြေဓာတ်သားကိုးပါးပေါင်း ရောစပ်ကာ ဗိုထိုးပြီး ဘုရားသုံးဆူပူဇော်ခဲ့ရာ တစ်ဆူကို ကျုံတုံမြို့အပိုင် မရဲချောင်းအနီး ရုပ်ဆိုင်ရွာ ကျိုက်မှေ့နွမ်းစေတီ၌ ဌာပနာပြုခဲ့သည်။

ထိုအချိန်က အလောင်းမင်းတရားတပ်များ စစ်ချီလာရာ ဗညားဇေယျသည် ကျုံတုံမြို့မှ ထွက်ခွာခဲ့ရပြီး ယခုဘိုကလေးမြို့တည် ကုန်းတော်အရောက် နားခိုခဲ့ရသည်။ ထိုနေရာကို စစ်ကုန်းဟု ခေါ်တွင်ခဲ့ကြသည်။ ဗညားဇေယျသည် ကျန်ရှိသော ဘုရားနှစ်ဆူအနက် တစ်ဆူကို သားငယ်ဘိုကလေးအားအပ်နှံပြီး အောက်အရပ်သို့ ဆက်လက်ထွက်ခွာခဲ့ရသည်။

ထိုနေရာမှာ နောက်ပိုင်းရွာတည်ခဲ့ရာ ဘိုကလေးရွာဖြစ်လာခဲ့ပြီး တဖြည်းဖြည်းနှင့် ကာလရွှေ့လျားလာရာမှ မြို့အဖြစ် ဘိုကလေးမြို့ဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်ဟု သမိုင်းမှတ်တမ်းတစ်ရပ်၌ ဖော်ပြထားသည်ကို မှတ်သားခဲ့ရဖူးသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၁ ရက်က ဘိုကလေးမြို့သူမြို့သားများက ရန်ပြေမာန်ပြေအောင်စကြာစေတီတည်ရန် အုတ်မြစ်တူးဖော်သည့်အခါ အလေးချိန် ၂ ပိဿာ ၁၈ ကျပ်သား၊ ဉာဏ်တော်ကိုးလက်မရှိသော စကြာမုနိကိုးနဝင်းဘုရားကို တူးဖော်ရရှိခဲ့ကြသည်။ နောက်ကျောတွင် ဗညားဇေယျတည်ထားကိုးကွယ်သည့် ၁၁၁၅ ခုဟု ပါရှိကြောင်းတွေ့ရရာ ဗညားဇေယျ၏ ဘုရားတစ်ဆူဖြစ်ကြောင်း သိရှိခဲ့ကြရသည်။ ဗိုလ်ကလေးမြို့ဟုသာ ရေးထုံးမှန်သည်ဟု ပညာရှင်တချို့ကဆိုသော်လည်း လက်ရှိမှာ ဘိုကလေးမြို့သာ ဆက်လက်အသုံးပြုနေခြင်းဖြစ်ရာ ဘိုကလေးမြို့သမိုင်းမှတ်တမ်းမှတ်ရာများက အမျိုးမျိုးရှိနေသည်။

ဘိုကလေးမြို့အကြောင်း အတွေးစကိုဖြတ်ပြီး စေတီတော်ကို ဖူးမြော်ကာ ကျွန်တော်တို့ပြန်ဆင်းလာခဲ့ကြသည်။ ဘုရားဖူးများက တစ်ဦးစနှစ်ဦးစ လာရောက်နေကြသည်ကို တွေ့ရသည်။ ကျွန်တော်တို့ ဘိုကလေးမြို့တွင်းသို့ ပြန်လာခဲ့ကြသည်။

မြို့တွင်း လမ်းများက လမ်းအချို့ကောင်းမွန်ပြီးကျယ်ကာ ကတ္တရာလမ်းဖြစ်၍ သွားလာရအဆင်ပြေသည်။ တချို့လမ်းများကအဆင့်မြှင့်တင်ရန်လိုအပ်နေ သေးသည်ကိုလည်း တွေ့ရသည်။ ကျွန်တော်တို့ ဘိုကလေးတင့်အောင် စာကြည့်တိုက်ကို သွားရောက်ခဲ့ကြသည်။ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး စာအုပ်စာတမ်း အတော်လည်းစုံစုံလင်လင်တွေ့ရသည်။ ဘိုကလေးတင့်အောင်က သက်ရှိထင်ရှားနေဆဲဖြစ်သည်။ အသက် ၉၀ ကျော်ပြီဖြစ်သော်လည်း အနုပညာအလုပ်များကို တတ်စွမ်းသရွေ့ကြိုးစားဆောင်ရွက်နေဆဲဖြစ်သည်။ နိုင်ငံတော်အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နေပြည်တော်တွင် ကျင်းပသည့်အခါ ကျွန်တော်တို့နှင့်အတူ လက်တွဲလုပ်ကိုင်ခဲ့ကြသည်ကို သတိရစိတ် ဖြစ်မိသည်။ ကွယ်လွန်သွားပြီဖြစ်သော ညီဖြစ်သူ ဂီတလုလင်မောင်ကိုကိုလည်း ပါဝင်ခဲ့ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုဂီတအနုပညာများကို တတ်စွမ်းသမျှ သယ်ပိုးခဲ့ကြသူများဖြစ်သည်။

ဘိုကလေးတင့်အောင် စာကြည့်တိုက်အတွင်း လာရောက်စာဖတ်၊ စာကြည့်သူတစ်ဦးစ၊ နှစ်ဦးစတွေ့ရသည်။ ဘိုကလေးမြို့မှ နိုင်ငံကျော်ပုဂ္ဂိုလ်များဖြစ်ကြသည့် ဂျာနယ်ကျော်မမလေး(ကမာကလူ)၊ ပန်းချီဆရာကြီး ဦးသိန်းဟန်၊ ဗိုလ်ကလေးတင့်အောင်၊ ရုပ်ရှင်မင်းသား ကျော်ရဲအောင်တို့က ထင်ရှားသူများ ဖြစ်သည်။

ကျွန်တော်တို့ ဘိုကလေးတင့်အောင်စာကြည့်တိုက်တွင်ခေတ္တလေ့လာကြည့်ရှုလေ့လာပြီးမှ မြို့တိုင်း၊ ရွာတိုင်းတွင် စာကြည့်တိုက်များရှိရန် လိုအပ်သလို စာအုပ်များဖြည့်ဆည်းကာ စာဖတ်သူများ တိုးပွားရန်လည်း လိုအပ်လေသည်။ စာဖတ်သူတိုးပွားမှသာ စာပေမှရသော အသိပညာများဖြင့် ဘဝလမ်းကြောင်းများ ဖြောင့်တန်းနိုင်မည်ဖြစ်သည်။

ဘိုကလေးမြို့ကို လာရောက်ကြသည့် နိုင်ငံခြားသားခရီးသွားများက ဘိုကလေးမြို့မှ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ရေယာဉ်ဖြင့် သွားရောက်လေ့ရှိကြသည်။ ဘိုကလေးမြို့မှ ရေမိုင်၁၂မိုင်ခန့်သာ ကွာဝေးသည်ဖြစ်ရာ မိန်းမလှကျွန်းသို့သွားရောက်ကြခြင်းဖြစ်သည်။ ဧရိယာ ၃၃၇၇၆ ဧက ကျယ်ဝန်းသည့် မိန်းမလှကျွန်းတွင် ဇီဝမျိုးစုံမျိုးကွဲများစွာရှိရာ ငှက်မျိုးစိတ် ၁၁၇ မျိုး၊ ပုစွန်မျိုးစိတ် ၁၂ မျိုး၊ ငါးမျိုးစိတ် ၅၁ မျိုး၊ ကဏန်းမျိုးစိတ် ကိုးမျိုး၊ လိပ်ပြာမျိုးစိတ် ၃၅ မျိုးစသည်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

ဆောင်းခိုငှက်များ၊ တွားသွားသတ္တဝါနှင့် နို့တိုက်သတ္တဝါများကိုလည်း တွေ့မြင်ရမည် ဖြစ်သည်။ ကျွန်တော်တို့အချိန်မရ၍ မိန်းမလှကျွန်းသို့ မသွားဖြစ်တော့။ ကျွန်တော့်အနေဖြင့် မိန်းမလှကျွန်းသို့ တစ်ကြိမ်ရောက်ခဲ့ဖူး၍ အခုအကြိမ်တွင် မသွားရောက်ခြင်း လည်းဖြစ်သည်။

ကျွန်တော်တို့ ဘိုကလေးမြို့အတွင်း လိုက်လံလေ့လာပြီးနောက် ပြန်ထွက်လာခဲ့ကြသည်။ ရန်ကုန်-ဘိုကလေးက ၈၆ မိုင်ခန့်ရှိသည်ဖြစ်ရာ ခရီးကမဝေး၊ ရေလမ်း၊ ကုန်းလမ်းသွားရောက်ရသော ခရီးစဉ်ဖြစ်ရာ သွားလာရေးလွယ်ကူသည်။ ကားလမ်းခရီးစဉ်များ ကောင်းမွန်ချောမွေ့လာသည့်အတွက် မြို့ရွာများ တိုးတက်လာမည်မှာ အမှန်ပင်။ ဘိုကလေးမြို့ကား တဖြည်းဖြည်းဝေး၍...ဝေး၍ကျန်ခဲ့ပြီ။

ဘိုကလေးဆိပ်ကမ်းတစ်နေရာကို တွေ့ရစဉ်

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

အေးချမ်းစွာအလုပ်လုပ်ကြမယ်

သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ- ထူးချစ်၊ ကိုကိုအောင်

ယနေ့ခေတ်တွင် ရွှေ့ပြောင်းသွားလာခြင်းသည် ကမ္ဘာ့နိုင်ငံများအချင်းချင်းတွင် ဈေးကွက်ကြီးတစ်ခုဖြစ်လာပြီး နိုင်ငံဖြတ်ကျော် လူကုန်ကူးမှုကွန်ရက်များ ပေါ်ထွန်းလာခြင်းနှင့် သတင်းအချက်အလက်ထွန်းကားလာခြင်းကြောင့် ပြည်ပနိုင်ငံများသို့ ပိုမိုရွေ့လျားသွားလာနိုင်ရန် ပံ့ပိုးပေးနေသောအကြောင်းအရင်းတစ်ရပ်ဖြစ်သည်။

အာဆီယံနိုင်ငံများတွင် ရွှေ့ပြောင်းလုပ်သား ၁၄ သန်းခန့်ရှိပြီး ခြောက်သန်းခန့်မှာ အရှေ့တောင်အာရှ နိုင်ငံများအတွင်း ရွှေ့ပြောင်းနေကြခြင်းဖြစ်သည်။ ရွှေ့ပြောင်းသွားလာကြသူများအနက် ၄၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြပြီး မြန်မာနိုင်ငံ၏ လူဦးရေစုစုပေါင်းအနက်မှ ၁၀ ရာခိုင်နှုန်းမှာ ရွှေ့ပြောင်းလုပ်သားများအဖြစ် နိုင်ငံအသီးသီးတွင် အလုပ်လုပ်ကိုင်နေကြကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

အေးချမ်းလုံခြုံစွာ အလုပ်လုပ်ကိုင်ရင်း နေရပ်ကို ခွဲခွာကာ စီးပွားရှာကြသူများဖြစ်လာစေရန် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာနများကို မြို့နယ်များတွင် ဖွင့်လှစ်ထားပေးခြင်းဖြင့် အခြားနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေထိုင်မည့်လူများအတွက် သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများရရှိနိုင်စေမည်ဖြစ်သည်။

ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာနကို မည်သူမဆိုအသုံးပြုနိုင်ပြီး ဌာနမှတစ်ဆင့် ဘေးကင်းစွာ ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ သတင်းအချက်အလက်များကို ရယူနိုင်သည်။ ထို့အပြင် ရွှေ့ပြောင်းသွားလာမှု ပြုလုပ်သင့်မသင့်ကို ဆုံးဖြတ်ရာတွင် အထောက်အကူဖြစ်စေနိုင်မည်။

သတင်းအချက်အလက်များနှင့် မိမိဆက်သွယ်သွားရောက်မည့်နိုင်ငံများမှ အဖွဲ့အစည်းများနှင့် ဆက်သွယ်ရန်အချက်အလက်များကိုလည်း ပေးအပ်လျက်ရှိသည်။

"အမျိုးသမီးတစ်ဦးက သားငါးရေခဲရိုက်လုပ်ငန်းလုပ်ရမယ်။ သက်သာတယ်ဆိုပြီး ခေါ်လာတယ်။ တကယ်တော့ စားသောက်ဆိုင်သေးသေးလေးတစ်ခုမှာ စားပွဲထိုးရာထူးနဲ့ အလုပ်လုပ်ရတယ်။ ဒီလိုမျိုးဒုက္ခကြုံရသူတွေပြည်ပမှာ မနည်းမနောရှိတယ်" ဟု အလုပ်သမားအရေးဆောင်ရွက်သူ ကိုထူးချစ်က ပြောကြားသည်။

မိသားစုဝင်တစ်စုံတစ်ဦး သို့မဟုတ် မိတ်ဆွေများပြည်ပတွင်ရှိနေပြီး အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရပါကလည်း ရွှေ့ပြောင်း ထောက်ပံ့ကူညီရေးဗဟိုဌာနမှ ရွှေ့ပြောင်းလုပ်သားများအတွက် အကူအညီများနှင့် အကြံပြုချက်များကို ပေးအပ်နိုင်ကြောင်း သိရသည်။

ထို့အပြင် ရွှေ့ပြောင်းသွားလာအလုပ်လုပ်ခြင်း ဖြစ်စဉ်တွင် လိမ်လည်ခံရခြင်း(သို့မဟုတ်) အမြတ်ထုတ်ခံရခြင်းများရှိပါက ရွှေ့ပြောင်းလုပ်သားများထောက်ပံ့ကူညီရေး ဗဟိုဌာန ဝန်ထမ်းများထံတွင် တိုင်ကြားနိုင်ပြီး ရွှေ့ပြောင်းသွားလာခြင်းဖြစ်စဉ်အတွင်း ဆိုးရွားသည့်အတွေ့အကြုံများရှိခဲ့ပါကလည်း ထိုဌာနမှ ဝန်ထမ်းတစ်ဦးနှင့် သီးသန့်တွေ့ဆုံဆွေးနွေးရင်ဖွင့်နိုင်ရန် အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

တရားမဝင်ရွှေ့ပြောင်းသွားလာခြင်းကြောင့် အခြားစွမ်းရည်တူဝန်ထမ်းများထက် နိမ့်ကျသည့်လုပ်အားခကိုသာရရှိနိုင်ပြီး ပြည်ပနိုင်ငံအတွင်း လွတ်လပ်စွာသွားလာခွင့်မရရှိခြင်းများဖြစ်ပေါ်ပြီး ကျန်းမာရေးပြဿနာကြုံတွေ့လာပါက စောင့်ရှောက်ကုသမှုအပိုင်းတွင် ခံစားခွင့်များ ရရှိရန် ဆုံးရှုံးနိုင်ကြောင်း သတိပေးထား

ပြည်ပတွင်အလုပ်လုပ်ကိုင်ပြီး အကြောင်းအမျိုးမျိုးကြောင့် မည်သည့်အလုပ်ကို လုပ်ဆောင်ရမည်မှန်း မသိရှိပါကလည်း အကြံပြုချက်များရယူနိုင်ကြောင်း သိရသည်။

တရားဝင်အလုပ်သွားလုပ်ခြင်း၏ ကောင်းကျိုးများ

ပြည်ပနိုင်ငံများသို့ အထောက်အထားခိုင်မာစွာဖြင့် သွားရောက်ပါက အလုပ်လုပ်ကိုင်သည့်နိုင်ငံတွင် လုံခြုံစိတ်ချစွာ

နေထိုင်ပြီး အလုပ်လုပ်ကိုင်သည့်နိုင်ငံ၏ အလုပ်သမားဥပဒေပါ ခံစားခွင့်များကို ရရှိခံစားခွင့်ရှိမည်ဖြစ်သည်။

လူကုန်ကူးခံရခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် ပြည်ပနိုင်ငံအတွင်း ဖမ်းဆီးခံရခြင်း၊ ပြည်နှင်ဒဏ်ခံရခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားသည်။

တရားမဝင်သွားခြင်း၏ ဆိုးကျိုးများ

တရားမဝင်ရွှေ့ပြောင်းသွားလာခြင်းကြောင့် အခြားစွမ်းရည်တူဝန်ထမ်းများထက် နိမ့်ကျသည့်လုပ်အားခကိုသာရရှိနိုင်ပြီး ပြည်ပနိုင်ငံအတွင်း လွတ်လပ်စွာသွားလာခွင့်မရရှိခြင်းများဖြစ်ပေါ်ပြီး ကျန်းမာရေးပြဿနာကြုံတွေ့လာပါက စောင့်ရှောက်ကုသမှုအပိုင်းတွင် ခံစားခွင့်များရရှိရန် ဆုံးရှုံးနိုင်ကြောင်း သတိပေးထားသည်။

တရားဝင်သွားရောက်ပါ

ပြည်ပတွင်အလုပ်လုပ်ကိုင်ရန် ဆုံးဖြတ်ပြီးပါက တရားလမ်းကြောင်းများဖြင့် ရွှေ့ပြောင်းသွားလာနိုင်ပြီး နီးစပ်ရာ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးသို့ သွားရောက်ဆက်သွယ်ရန် သတင်းအချက်အလက်များရယူနိုင်ကြောင်း သိရသည်။

ပြည်ပသို့တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူများသည်-

(၁) အလုပ်လျှောက်ထားခြင်း
(၂) နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း
(၃) ကျန်းမာရေးစစ်ဆေးခြင်း
(၄) အလုပ်သမားမှတ်ပုံတင်ကတ်လျှောက်ထားခြင်း
(၅) သက်ဆိုင်သည့်ဌာနဆိုင်ရာများရှေ့တွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခြင်း
(၆) အလုပ်လုပ်ကိုင်မည့်နိုင်ငံသို့ ထွက်ခွာခြင်း
(၇) အလုပ်လုပ်ကိုင်မည့်နိုင်ငံသို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်လျှောက်ထားခြင်းတို့ကို လုပ်ဆောင်ကြမှသာ စနစ်ကျနသည့် အလုပ်လုပ်ကိုင်ခြင်းဖြစ်ပေါ်စေမည်ဖြစ်သည်။

ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး ဗဟိုဌာနများကို ချမ်းအေးသာစံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ မြင်းခြံမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ထားဝယ်မြို့နယ်တို့ရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် ဖွင့်လှစ်ထားပြီး မော်ကွမ်းဒေသဖွံ့ဖြိုးရေးအဖွဲ့၊ ကျိုင်းတုံမြို့နယ်တို့တွင်လည်း ဖွင့်လှစ်ထားသဖြင့် ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ဇင်းကျိုက်ကျောက်သဘော်ရေတံခွန်၌ လည်ပတ်သူများ ဘေးကင်းစေရေး CCTV ကင်မရာများတပ်ဆင်မည်

ဇင်းကျိုက် ဇူလိုင် ၈

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ ဇင်းကျိုက်ကျောက်သဘော်ရေတံခွန်အပန်းဖြေစခန်းသည် ဝါတွင်းကာလရောက်တိုင်း အပန်းဖြေလည်ပတ်သူများ၊ ရေလာရောက်ကစားကြသူများဖြင့် များပြားခဲ့ကြရာ ၊ မတော်တဆလူသေဆုံးမှုများလည်း ကြုံတွေ့ဖြစ်ပွားခဲ့ခြင်းကြောင့် ကြိုတင်တားဆီးကာကွယ်နိုင်ရန်အတွက် CCTV ကင်မရာများကို ဝါဆိုလပြည့်နေ့အမီ တပ်ဆင်သွားမည်ကြောင်း ရေတံခွန်ကော်မတီအဖွဲ့မှ သိရသည်။

"နှစ်စဉ်ဝါတွင်းကာလရောက်ရင် လာရောက်အပန်းဖြေသူတွေနဲ့ ဘုရားဖူးဧည့်သည်တွေက အလွန်များပါတယ်။ အဓိကရက်ကြီးတွေဖြစ်တဲ့ ဝါဆိုလပြည့်နေ့နဲ့လပြည့်ကျော် ၁ ရက်နေ့တွေဆိုရင် ရပ်ဝေးရပ်နီးမှလာရောက်လည်ပတ်သူတွေ ပိုပြီးများပြားကြတဲ့အတွက် ဧည့်ပရိသတ်တွေ အန္တရာယ်ကင်းစွာသွားလာနိုင်စေရေးနဲ့ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် စောင့်ကြည့်နိုင်စေရန် ဖြစ်ပြီးကြုံတွေ့ခဲ့ပါက အရေးပေါ်အခြေအနေတွေအတွက် အချိန်မီကယ်တင်နိုင်အောင် အခုလို CCTV အရေးပေါ်ကင်မရာတွေကို တပ်ဆင်ရခြင်းဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ဇင်းကျိုက် ကျောက်သဘော် ရေတံခွန်အပန်းဖြေစခန်းသို့ လာရောက်လည်ပတ်ကြသော ဧည့်သည်များအား ဘေးကင်းလုံခြုံမှုရှိစေဖို့ ရေတံခွန်ဝန်း ကျင်အတွင်း CCTV ကင်မရာ ရှစ်လုံးကို တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ကုန်ကျမည့် တန်ဖိုးငွေကျပ်သိန်း၃၀ ခန့်အား ရေတံခွန်လုပ်ငန်းသုံးခုမှ လေလံရောင်းချထားသည့်ငွေမှ ထုတ်ယူသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည် ။

နေခြည်(ဇင်းကျိုက်)

လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း သက်ဆိုင်သူအဖွဲ့အစည်းများ သုံးသပ်ဆွေးနွေး

ညောင်ဦး ဇူလိုင် ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း မြို့နယ်အဆင့် သက်ဆိုင်သူအဖွဲ့အစည်းပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၆ရက်က ညောင်ဦးမြို့အမှတ် (၆)ရပ်ကွက် အောင်မြေသာကျောင်းတိုက် ဓမ္မသာမဂ္ဂီရွှေမာသန်းဓမ္မာရုံအတွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နေပြည်တော်ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီထွေးနှင့် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦးတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဂျူရီ အဖွဲ့ဝင် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာအဆင့်၊ ကျေးရွာအုပ်စုအဆင့် အကောင်းဆုံးဆောင်ရွက်နိုင်မှုဆုများကို ရွေးချယ်ကြသည်။

ထို့နောက် တက်ရောက်လာကြသည့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုရရှိသည့်ကျေးရွာအုပ်စုနှင့် ကျေးရွာများအားဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
4Hi Tower 4 Unit Web Offset
ဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော 4Hi Tower 4 Unit Web Offset Printing Machine (1)Set အားဝယ်ယူနိုင်ရန်အတွက် ပုံနှိပ်စက်ရောင်းချနိုင်သော ကုမ္ပဏီများအား ၁၈-၄-၂၀၁၇ရက်မှ ၂၄-၄-၂၀၁၇ရက်အထိ သတင်းစာများတွင်ဖိတ်ခေါ်ခဲ့ပြီးနောက် ကုမ္ပဏီများမှ တင်သွင်းလိုသည့်စက်များအား မိတ်ဆက်ရှင်းလင်းပြသခြင်းကို ၅-၅-၂၀၁၇ရက်တွင်ပြုလုပ်ခဲ့ပါသည်။ အဆိုပါမိတ်ဆက်ရှင်းလင်းပြသချက်များကို အခြေခံကာအရည်အသွေး စိစစ်အကဲဖြတ်အဖွဲ့ဖြင့် စိစစ်ဆောင်ရွက်ခဲ့ကြပြီး ဘဏ္ဍာငွေလျာထားချက်အပေါ်တွင်မူတည်၍ နိုင်ငံခြားငွေဖြင့် အောက်ပါအတိုင်း ဦးစားပေးအဆင့်အလိုက် ဝယ်ယူနိုင်ရန်သတ်မှတ်ခဲ့ပါသည်-

စက်အမျိုးအစား	ထုတ်လုပ်တပ်ဆင်သည့်နိုင်ငံ	မူလထုတ်လုပ်သည့်နိုင်ငံ
(က) ပထမဦးစားပေး		
(၁) Solna	Sweden/China	Sweden
(၂) Goss	USA/China	USA
(ခ) ဒုတိယဦးစားပေး		
(၁) Manugraph	India	India
(၂) Orient	India	India
(ဂ) တတိယဦးစားပေး		
(၁) Ronald	India	India
(၂) Koncept	India	India
(၃) NBG	India	India
(၄) Roto Star	India	India
(၅) Roto Speed	India	India

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၇-၇-၂၀၁၇ရက်မှ ၇-၈-၂၀၁၇ရက်အထိ နေ့စဉ်နံနက် ၉း၀၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် တစ်စောင်လျှင် ၁၅၀၀၀/- ကျပ်နှုန်းဖြင့် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၇-၈-၂၀၁၇ ရက် နံနက် ၉း၀၀ နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် (၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် ခန့်မှန်းတန်ဖိုး၏ ၁%ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ ငွေပေးအမိန့် (Payment Order Cheque) ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၆၇- ၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်
ပြန်ကြားရေးဝန်ကြီးဌာန	ယူရေးနှင့်ထုခွဲရောင်းချရေး
ရုံးအမှတ်(၇)၊ နေပြည်တော်	ကော်မတီ၊ ပြန်ကြားရေးဝန်ကြီးဌာန၊
ဖုန်း-၀၆၇-၄၁၂၁၂၃၊၀၆၇-၄၁၂၀၂၈	ရုံးအမှတ်(၇)၊နေပြည်တော်
	ဖုန်း-၀၆၇-၄၁၂၃၉၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
စိတ်ကျန်းမာရေးဆေးရုံကြီး-မန္တလေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၂-၇-၂၀၁၇ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၇-၂၀၁၇ ရက် - ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး၊
စိတ်ကျန်းမာရေးဆေးရုံကြီး၊ မန္တလေးမြို့
ဖုန်း-၀၉-၂၅၉၄၇၆၁၈၅၊ ၀၉-၉၆၂၀၅၈၄၄၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် (၈၅၀၊ ၈၅၁)ဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဒေါ်ယဉ်မွန်စုကြည် အမည်ပေါက် နှစ် ၃၀ မြေငှားဂရန် မြေကွက်အား ဒေါ်ဝင်းစန္ဒာငွေး ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ၉/မဒမ(နိုင်)၁၂၀၃၉၅ (ဘ) ဦးမောင်မောင်ငွေးမှ မြေငှားစာချုပ်မူရင်း၊ အထူးကိုယ်စားလှယ်လွှဲစာမူရင်းများတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
SMVTI သက်မွေးပညာသင်တန်းကျောင်း
SMVTI Vocational Training Institute
သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးအသက်(၁၆)နှစ်နှင့်အထက်ရှိသော ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်သည်။

၂။ သင်တန်းကာလ(၆)လတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate) ရရှိပါမည်။

၃။ ခေတ်မီ Lab ပစ္စည်းများအသုံးပြု၍ စာတွေ့လက်တွေ့သင်ကြားပို့ချပေးပါမည်။

၄။ Engineering & Technology နှင့် Hospitality & Tourism ဘာသာရပ်များအတွက် လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသား၊ သင်တန်းသူများ မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း အောင်လက်မှတ်မိတ္တူ၊ အမှတ်စာရင်းမိတ္တူ၊ ကျောင်းသား၏မှတ်ပုံတင်မိတ္တူတို့အား ပူးတွဲလျှောက်ထားရမည်ဖြစ်ပါသည်။

၆။ လျှောက်ထားသည့်အချိန်တွင် စာမေးပွဲအောင်မြင်ကြောင်း အောင်လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်း၊ ကျောင်းသား၏မှတ်ပုံတင်မူရင်းတို့အား တစ်ပါးတည်းတင်ပြနိုင်ရမည်။ မှတ်ပုံတင်မရှိပါက(၃)လအတွင်းပြုလုပ်ထားသော ရပ်ကွက်၊ ရဲစခန်းထောက်ခံစာမူရင်းနှင့်တကွ ပူးတွဲလျှောက်ထားနိုင်ပါသည်။

၇။ ပဏာမရွေးချယ်ခံရပြီးအောင်မြင်သူများ Interview ဖြေဆိုရန် လိုအပ်ပါသည်။

ဖွင့်လှစ်မည့်သင်တန်းများ

Courses for Hospitality & Tourism
1. Front Office Operations
2. Housekeeping Operations
3. Restaurant Operations
4. Retail Operations

Courses for Engineering & Technology
1. Electronics (Computer & Networking)
2. Electrical Technology
3. Residential Air-Conditioning
4. Building Fixtures and Equipment
5. General Welding
6. Mechatronics (Basic Servicing)

သင်တန်းဖွင့်လှစ်မည့်ရက် - ၂၀၁၇ နိုဝင်ဘာ ၆ရက်
သင်တန်းနေရာ - SMVTI သက်မွေးပညာသင်တန်းကျောင်း၊ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်စုံစမ်းရန် - ဖုန်း-၀၉-၇၈၁၀၀၂၅၇၂ (General Office)

လျှောက်ထားခြင်းကို ၃၁-၇-၂၀၁၇ရက်မှ ၉-၈-၂၀၁၇ရက်အထိ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ လျှောက်ထားနိုင်ပြီး နောက်ဆုံးလျှောက်ထားရမည့်ရက်မှာ ၉-၈-၂၀၁၇ရက်ဖြစ်ပါသည်။
မှတ်ချက်။ ။ အစိုးရရုံးပိတ်ရက်များ ပိတ်မည်ဖြစ်ပါသည်။

တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊
တံတားအထူးအဖွဲ့(၄)
(Open Tender)ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော Ready Mixed Concrete၊ လုပ်ငန်းသုံးပစ္စည်း များ ဝယ်/သယ်ယူခြင်းနှင့် Mini Bored Pile စက်ငှားရမ်းခြင်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** - ၁၀-၇-၂၀၁၇ရက် - ၀၉း၀၀နာရီ
တင်ဒါလျှောက်လွှာပုံစံ တင်သွင်းရမည့်နောက်ဆုံးရက် အချိန် - ၈-၈-၂၀၁၇ရက် - ၀၉း၃၀နာရီ
တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်/နေရာ - ၈-၈-၂၀၁၇ရက် - ၁၀း၀၀နာရီ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေး

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါကော်မတီ
တံတားအထူးအဖွဲ့(၄)
ဖုန်း-၀၂-၃၉၁၁၇
၀၉-၇၈၁၃၀၀၄၀၉၊ ၀၉-၅၄၁၅၈၁၄၊ ၀၉-၄၄၀၀၁၁၈၁၈

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ အောင်ဆန်းပုံနှိပ်စက်ရုံမှ အသုံးပြုရန် မသင့်လျော်သည့် သက်တမ်းလွန်စက်ဟောင်းစက်ပျက်တစ်လုံးနှင့် အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)မှ ထွက်ရှိသောဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၅-၇-၂၀၁၇ ရက်မှ ၁၂-၇-၂၀၁၇ရက်ထိ နေ့စဉ် (နံနက် ၉း၃၀နာရီမှ ညနေ ၄း၀၀နာရီ) အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၁၂-၇-၂၀၁၇ရက် ညနေ ၄း၀၀နာရီဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်းများအတွက်
သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ နေပြည်တော်၊ ရွာမ(ရန်ကုန်)နှင့် မန္တလေးမြို့များရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အောက်ပါကျွမ်းကျင်မှုအခြေပြုကာလတို(၃)လ သင်တန်းများကို ၂၀၁၇ခုနှစ် ဇူလိုင် ၁၇ရက်တွင် ဖွင့်လှစ်ပါမည်-

(က) Bricklaying (အုတ်စီကျွမ်းကျင်သင်တန်း)
(ခ) Barbending (သံချည်သံကွေးကျွမ်းကျင်သင်တန်း)

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(က) မူလတန်းအောင်မြင်ပြီး အသက် (၁၈)နှစ်ပြည့်ပြီး (၄၀)ထက် မကျော်လွန်သူဖြစ်ရမည်။
(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ဂ) သင်တန်းပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာတင်ရာတွင် အောက်ပါစာရွက်စာတမ်းများပါရှိရပါမည်-

(က) လျှောက်လွှာမူရင်း (၁)စောင်၊
(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (၁)စောင်
(ဂ) လိုင်စင်ဓာတ်ပုံ (၃)ပုံ
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံစာမူရင်း(သို့မဟုတ်) မြို့နယ် ပြည်သူ့ရဲစခန်းမှ ထောက်ခံစာမူရင်း။
(င) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ဆေးထောက်ခံစာမူရင်း။

၄။ ၂၀၁၇ခုနှစ် ဇူလိုင် ၈ရက်မှစ၍ အောက်ပါနေရာများတွင် လျှောက်လွှာများ ရယူလျှောက်ထားနိုင်ပါသည်-

(က) အစိုးရနည်းပညာအထက်တန်းကျောင်း (နေပြည်တော်) (ဆက်သွယ်ရန်ဖုန်း-၀၉-၄၄၈၅၃၆၂၀၀၊ ၀၆၇-၄၀၁၄၂၅/၆)
(ခ) အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ) (ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၃၇၇၁၈၈၊ ၀၁-၆၄၁၆၉၆)
(ဂ) အစိုးရနည်းပညာအထက်တန်းကျောင်း (မန္တလေး) (ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၁၃၇၁၂၇၄၊ ၀၂-၅၁၅၂၁၉၂)

လျှောက်လွှာများကို ၈-၇-၂၀၁၇ရက်မှ ၁၆-၇-၂၀၁၇ရက်အထိ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ သက်ဆိုင်ရာကျောင်းအသီးသီးတွင် ရယူလျှောက်ထားနိုင်ပြီး နောက်ဆုံးလျှောက်ထားရမည့်ရက်မှာ ၁၆-၇-၂၀၁၇ရက်ဖြစ်ပါသည်။ ၁၇-၇-၂၀၁၇ရက်တွင် လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

၅။ သင်တန်းကို ကျား/မ မရွေးလျှောက်ထားနိုင်ပြီး၊ သင်တန်းတစ်ခုလျှင် သင်တန်းသား သင်တန်းသူ ၁၂ ဦး လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းကြေးမှာ အခမဲ့ဖြစ်ပြီး သင်တန်းသား သင်တန်းသူများအတွက် နေထိုင်ရန် အဆောင်စီစဉ်ပေးမည်ဖြစ်ပါသည်။

အများသိစေရန်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ကံပိုင်ရပ်ကွက်၊ ဥဂ္ဂါလမ်း၊ အိမ်အမှတ် (၆၂)နေ ဦးခင်စောမောင် ၁၁/တကန(နိုင်)၀၀၈၃၇၀နှင့် ဒေါ်ခင်မေသစ်၁၁/တကန(နိုင်)၀၀၈၃၇၁တို့၏ သမီး မမေသူလှိုင် ၁၁/တကန(နိုင်)၀၇၁၀၉၆ သည် မိဘများကို စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဤနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းမြင့် (LL.B) **ဒေါ်နီနီလွင် (LL.B, D.B.L)**
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၅၊ ၃၅လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ လူနေရပ်ကွက်၊ ရွှေနံ့သာရပ်ကွက်၊ မြေကွက်အမှတ် (၃-၁၁၉၅) ဒေါ်ဆယ်မိ(ဘ) ဦးတင် ၉/ပမန(နိုင်)၀၁၃၅၂အမည်ပေါက် ပါမစ်မြေကွက်အား ဦးလှမင်းထွန်း (ဘ) ဦးလှထွန်း ၁၂/တတန(နိုင်)၁၆၀၉၅၆မှမြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ ဝဲလောင် အထက၊သတ္တမတန်း(ခ)မှ မရွှေရည်ဝတ်မှုံ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝင်း ၉/တသန(နိုင်) ၁၁၈၄၃၃ ဖြစ်ပါကြောင်း။

ဦးမောင်ဝင်း

ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ ဇရပ်ကြီး အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဟိန်းထက်၏ ဖခင်အမည်မှန်မှာ ဦးတင်ဝေ ၉/တသန(နိုင်)၀၆၅၃၆၃ ဖြစ်ပါကြောင်း။ **ဦးတင်ဝေ**

အမည်မှန်

တောင်သာမြို့နယ်၊ ဇရပ်ကြီး အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဝေယံအောင်၏ အမည်မှန်မှာ မောင်ဝေယံ ဖြစ်ပါကြောင်း။

မောင်ဝေယံ

ဖခင်အမည်မှန်

ရေစကြိုမြို့နယ် အထက မအူအောက်ဆိပ် တက္ကသိုလ်ဝင်တန်းမှ မသင်းသင်းစိုးနှင့် သတ္တမတန်းမှ မောင်ထက်ဝေလျှံ တို့၏ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၈/ရစက(နိုင်)၀၄၇၄၆၁ ဖြစ်ပါကြောင်း။

ဦးစိုးဝင်း

အမည်မှန်

ပခုက္ကူမြို့ အထက(၄)၊ နဝမတန်း(C)မှ (ဘ) ဦးတင်ထွန်းအောင်၏ သမီး မတင်ဇာနွယ်၏ အမည်မှန်မှာ မနှင်းဝေလွင်ဖြစ်ပါကြောင်း။

မနှင်းဝေလွင်

အမည်မှန်

ပခုက္ကူမြို့ လေ့ကျင့်ရေးအလယ်တန်းကျောင်း ပဥ္စမတန်း(B) မှ (ဘ)ဦးမောင်မောင်မြင့် ၁၃/လရန(နိုင်)၀၉၆၈၅၂၏သမီး မစန္ဒီရွှေစင်၏ အမည်မှန်မှာ မစန္ဒီရွှေစင်မောင် ဖြစ်ပါကြောင်း။ **မစန္ဒီရွှေစင်မောင်**

တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနားမြို့၊ အမှတ်(၂)အထက အဋ္ဌမတန်း(C)မှ မမီမီသက်ခိုင်၏ ဖခင် ဦးဇော်မင်း(ခ)ဦးဇော်မင်းအောင် ၉/ပမန(နိုင်)၁၄၈၅၇၂မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ညောင်ဦးမြို့မကျောင်းမှ မဇင်မာထွေး တက္ကသိုလ်ဝင်တန်း(A)ခန်း၏ ဖခင်အမည်မှန်မှာ ဦးရွှေဝင်းမောင် ၉/ကပတ(နိုင်)၁၂၇၄၇၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း (E) မှ မောင်နေလင်းထက်၏ဖခင်အမည်မှန်မှာ ဦးစိန်မောင် ၅/အတန(နိုင်)၀၀၇၃၂၈ ဖြစ်ပါကြောင်း။

ဦးစိန်မောင်

ဖခင်အမည်မှန်

ဝက်လက်မြို့နယ်၊ လှတောကျေးရွာ၊ အထက၊ နဝမတန်းမှ မနန်းရတနာဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးဝင်း ၉/တတဥ(နိုင်) ၀၇၈၇၈၉ ဖြစ်ပါကြောင်း။

ဦးကျော်စိုးဝင်း

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း (F)မှ မောင်ဝေဇင်ဖြိုး၏ဖခင်အမည်မှန်မှာ ဦးဝင်းဖေ ၅/ဝသန(နိုင်) ၀၀၆၈၇၈ ဖြစ်ပါကြောင်း။

ဦးဝင်းဖေ

မိဘအမည်မှန်

မြစ်သားမြို့နယ်၊ အထကကူမဲ၊ တက္ကသိုလ်ဝင်တန်း (D)မှ မောင်ကျော်ဇင်ဝင်း၏ မိဘအမည်မှန်မှာ ဦးဝင်းဘို ၉/ဝတန(နိုင်)၁၈၃၂၁၅နှင့် ဒေါ်ဥသြရွှေ ၉/ဝတန(နိုင်) ၀၄၇၅၁၄ဖြစ်ပါကြောင်း။

ဦးဝင်းဘို-ဒေါ်ဥသြရွှေ

မွေးသက္ကရာဇ်အမှန်

အထက(ခွဲ)ဇေယျာမွန်မှ (ဘ) ဦးချစ်ဝင်းထွန်း ၁၀/ကထန(နိုင်) ၁၀၇၆၃၆၏သား မောင်ဒီညချမ်း ကျောင်းဝင်အမှတ် ၀၄၁၏ မွေးသက္ကရာဇ်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ(၇-၅-၂၀၁၁ရက်)နှစ်ထောင့်တစ်ဆယ့်တစ် မေလ ခုနစ်ရက်ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော FDAအသိအမှတ်ပြုဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံး ဆေးပစ္စည်းများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များကို မြန်မာကျပ်ငွေဖြင့် (ပထမအကြိမ်) ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)
တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ - တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့
တင်ဒါပုံစံ နောက်ဆုံးပေးသွင်းရမည့်ရက် - ၄-၈-၂၀၁၇ရက်(သောကြာနေ့) ညနေ ၄:၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါး/ဆေးပစ္စည်းများစာရင်းကို အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့
ဖုန်း-၀၆၃-၂၈၇၂၅

လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့
ကတ္တရာပီပါပုံးခွံများ လေလံတင်ရောင်းချရန်အတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၏ အထူးအဖွဲ့/ခရိုင်/မြို့နယ်များရှိ အသုံးပြုပြီးသော ကတ္တရာပီပါပုံးခွံ (၃၇၅၁၄)ပုံးအား လေလံတင်ရောင်းချလိုပါသည်။

(က) **တင်ဒါရောင်းချမည့်ရက်** - ၂၆-၇-၂၀၁၇ ရက်မှ ၂-၈-၂၀၁၇ ရက်အထိ နံနက် ၉:၀၀ နာရီမှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူးရုံး(မြို့ပြ)ရုံး၊ တောင်ကြီးမြို့
(ဂ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၄-၈-၂၀၁၇ ရက် မွန်းတည့် ၁၂:၀၀ နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၇-၈-၂၀၁၇ ရက် ၁၃:၃၀ နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၀၀၁၆၊ ၀၈၁-၂၁၂၁၁၆၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရမည်းသင်းခရိုင် တရားရုံးတော်၌
၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၃

ဦးထွန်းမြင့် ပါ-၄ **နှင့်** ဒေါ်ပြုံးကြွယ် ပါ-၁၃
တရားလိုများ **တရားပြိုင်များ**

ကိုဇော်လင်းအောင် (ဘ)ဦးဝင်းရွှေ၊ မချိုအေး (ဘ)ဦးဝင်းရွှေ၊ ကိုစိန်လင်း (ဘ)ဦးဝင်းသိန်း၊ ဦးမိုးမြင့်(ဘ)ဦးညီမြိုင်၊ ၄င်းတို့အားလုံး တောင်သူ၊ တောင်ကန်ကြီးအုပ်စု၊ တောင်ကန်ကြီးကျေးရွာ၊ ရမည်းသင်းမြို့နယ်၊ (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဦးထွန်းမြင့် ပါ-၄က ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ် ၂၃တွင် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဇူလိုင် ၂၇ရက် (၁၃၇၉ခုနှစ် ဝါခေါင်လဆန်း ၄ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးရှေ့သို့လာရောက်ရမည်။ ၄င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇူလိုင် ၆ ရက်တွင် ဤရုံးတော်မှတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စန်းဝင်း)
ခရိုင်တရားသူကြီး
ရမည်းသင်းခရိုင်တရားရုံး

အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန်

လျှောက်ထားကြောင်း အကြောင်းကြားစာ

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ-၁၁
မကွေးခရိုင်တရားရုံးတော်
၂၀၁၇ခုနှစ် တရားမအထွေထွေမှုအမှတ်-၆

ဒေါ်မြမြအေး **လျှောက်ထားသူ**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ချောက်မြို့၊ အမှတ်(၈)ရပ်ကွက်၊ ပတ္တမြားရပ်နေခဲ့သူ အရွယ်မရောက်သေးသူ မအေးပြည့်စုံမွေး(ဘ)ဦးအေးငွေ၏ ကိုယ်နှင့် ၄င်းပိုင်သော ပစ္စည်းအကြောင်း။

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၅)ရပ်ကွက်၊ စည်ပင်သာယာရပ်နေ ဒေါ်မြမြအေးက အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မအေးပြည့်စုံမွေးအား အစ်မဝမ်းကွဲတော်စပ်သည်ဟူ၍ ၄င်းသူ၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ်ခန့်ထားပေးပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန် အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၁၇ခုနှစ် ဇူလိုင် ၂၀ ရက် (၁၃၇၉ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ ရက်) တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၁၇ခုနှစ် ဇူလိုင် ၆ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စန်းစန်းရီ)
ဒုတိယခရိုင်တရားသူကြီး(၂)
မကွေးခရိုင်တရားရုံး

မုံလယ်ဝါတွင်းတရားစခန်းပွဲနှင့်
ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ နံနက်ခင်း တိပိဋက ဓမ္မသဘင်

မိုးကုတ်ဝိပဿနာပြန့်ပွားရေး မုံလယ်တောရဓမ္မရိပ်သာ၊ အမှတ်(၁)တိုက်ခွဲ (၁၀)မိုင်ကုန်း၊ ပဲနွယ်မြို့တွင် ဝါတွင်းပထမပတ်(၇)ရက် တရားစခန်းကို ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း (၁၃၇၉)ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၈)ရက်မှ (၁၄)ရက်အထိ၊ (၁၆-၇-၂၀၁၇)ရက်နေ့မှ (၂၂-၇-၂၀၁၇)ရက်နေ့အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် အိပ်ယာလိပ်၊ အခင်း၊ အဝတ်အစားအပြည့်အစုံ၊ မှတ်ပုံတင်မှုရင်းနှင့် ယောဂီတဘက်တို့ ယူဆောင်လျက် (၁၅-၇-၂၀၁၇)ရက်နေ့ နံနက်(၇)နာရီထက်မစော၊ ညနေ (၄)နာရီထက် နောက်မကျစေဘဲ တရားစခန်းသို့ ရောက်ရှိရပါမည်။

ဒုလ္လဘရဟန်း၊ သာမဏေနှင့် ဒုလ္လဘသီလရှင်များ လက်မခံပါ။

တရားစခန်း၏ ဒုတိယနေ့ဖြစ်သော (၁၇-၇-၂၀၁၇)ရက်နေ့တွင် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဆဋ္ဌ တိပိဋက ဓန ရေစကြိုဆရာတော်ဘုရားကြီးမှ နံနက်ခင်း တိပိဋက ဓမ္မသဘင်အဖြစ် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောကြားမည်ဖြစ်ပါသဖြင့် ဓမ္မမိတ်ဆွေများအား ကြွရောက်ကြည်ညို တရားတော်နာယူနိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အကြောင်းစုံသိလိုပါက- ဖုန်းနံပါတ်- ၀၉၄၂၈၆၅၀၉၄၇၊ ၀၉ ၄၂၅၀၁၅၉၁၅၊ ၀၉ ၅၀၇၉၂၄၃၊ ၀၉ ၂၅၂၄၀၃၂၃၁ သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၁။ တနင်္သာရီတိုင်းဒေသကြီး ကုသရေးဦးစီးဌာနအောက်ရှိ ပြည်သူ့ဆေးရုံ၊ မြို့နယ်ဆေးရုံ/ တိုက်နယ်ဆေးရုံများတွင် တက်ရောက်လျက်ရှိသော လူနာများအား ဆေးဝါးကုသပေးရန်လိုအပ်သည့် FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်း (Consumables) များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၇-၇-၂၀၁၇ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၈-၂၀၁၇ရက် ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း ထားဝယ်မြို့၊ တိုင်းကုသရေးဦးစီးဌာနရုံးခန်းသို့ လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါဝယ်ယူရေးကော်မတီ
တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာန
ဖုန်း-၀၅၉-၂၁၃၄၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ပြည်သူ့ဆေးရုံကြီး
ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်လျက်ရှိသော လူနာများအား ဆေးဝါးကုသပေးရန်လိုအပ်သည့် FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်း (Consumables)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၇-၇-၂၀၁၇ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၈-၂၀၁၇ရက် ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ထားဝယ်မြို့၊ ဆေးရုံအုပ်ကြီးရုံးခန်းသို့ လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါဝယ်ယူရေးကော်မတီ
ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့
ဖုန်း-၀၅၉-၂၂၁၆၉

ဒေါ်မာမာအေး (ဘ-ဦးထွန်းကြည်) ၉/မနတ(နိုင်)၀၂၉၉၈၀နှင့်

အများသိစေရန်ကြေညာခြင်း

(K-5)(ကုမ္ပဏီဒါရိုက်တာ)ဦးစောစည်သူ(ခ)ဦးစည်သူငြိမ်းမှ ဒေါ်မာမာအေး အပေါ်တွင် ငွေကျပ်သိန်း၁၃၀ လိမ်လည်မှုပုဒ်မ-၄၂၀ဖြင့်လည်းကောင်း၊ ငွေကျပ်သိန်း ၄၈၀၀ လိမ်လည်မှုပုဒ်မ-၄၂၀ဖြင့်လည်းကောင်း၊ ပြစ်မှုပုဒ်မ-၄၅၂၊ ၄၂၇၊ ၅၀၆တို့ဖြင့်လည်းကောင်း၊ မန္တလေးမြို့၊ အမှတ် (၉)ရဲစခန်းတွင် အမှုများဖွင့်၍ ဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ကြေးနန်းဝင်း၊ ကမ်းနားလမ်း၊ အကွက်(၃၁၅)နေ ဒေါ်မာမာအေး(ဘ) ဦးထွန်းကြည် ၉/မနတ(နိုင်)၀၂၉၉၈၀နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးစောစည်သူ(ခ)ဦးစည်သူငြိမ်း
၉/မမန(နိုင်)၀၁၃၁၁၅

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်မင်းဦး
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၄၈)
အကွက် (၁၅)၊ ဒေါနဘွားရပ်ကွက်
နန်းရှေ့၊ စစ်ကိုင်းတန်း
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၉-၂၀၂၃၇၈၂

စုံနံ့သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူအထူးဒေသ)၏
ကျေးနုဝီသတိအကြိမ် ငြိမ်းချမ်းမင်္ဂလာ အထိမ်းအမှတ် နှင့်
မြိုင်ကြီးငူဆရာတော်ကြီး ဘဒ္ဒန္တသုဇန ၏ (၆၉)နှစ်မြောက်
'ဝိဇာတမင်္ဂလာ' အထိမ်းအမှတ်
ကျေးနုဝီသတိအကြိမ် သံဃာတော်အပါး(၁၀၀၀)ဆွမ်းကပ်လှူပူဇော်ပွဲ

ဖိတ်ကြားလွှာ

အလှူတော်မင်္ဂလာနေ့ရက် ❖ ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၃)ရက် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁၁)ရက်၊ အင်္ဂါနေ့
အလှူတော်မင်္ဂလာအချိန် ❖ နံနက် (၉:၀၀)နာရီမှ (၁၁:၀၀)နာရီအထိ
အလှူတော်မင်္ဂလာနေရာ ❖ **ဗောဓိဝံသ ဝရဇောတိ ဗိမာန်ကျောင်းတော်**
စုံနံ့သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူ)

တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး
မြိုင်ကြီးငူ ဒါယကာ ဒါယိကာမများ

စလင်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၁၃၇၉ခုနှစ် ဝါဆိုလပြည့်ကျော် ၈ရက် ၂၀၁၇ခုနှစ် ဇူလိုင် ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကြည့်မြင်တိုင်မြို့နယ်၊ စလင်းပရိယတ္တိစာသင်တိုက်၊ ဂန္ဓကုဋီတိုက် ဓမ္မာရုံကြီး၌ ကျင်းပ၍ စလင်းနယ်သား သံဃာတော်(၂၅)ပါးကို ဝါဆိုသင်္ကန်း ကပ်လှူမည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကုသိုလ်ယူနိုင်ပါရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများကို ဦးဌေးကြွယ် ဖုန်း-၂၉၉၇၂၆၊ ဦးမျိုးချစ် ဖုန်း-၆၆၅၆၂၇၊ ဦးကျော်နိုင် ဖုန်း-၀၉-၂၆၃၈၃၂၂၃၃၊ ဒေါက်တာသိန်းညွှန့် ဖုန်း-၀၉-၂၅၀၀၈၃၅၅၄၊ ဦးဝင်းလှိုင် ဖုန်း-၀၉-၄၃၀၂၄၉၅၈၊ ဦးစန်းညိုအောင် ဖုန်း-၀၉-၂၅၀၁၅၄၀၄၈၊ ဒေါ်မေခင်ညွှန့် ဖုန်း-၀၉-၂၅၄၉၅၅၂၈၊ ဗိုလ်မှူးသန်းအေး(ငြိမ်း)ဖုန်း- ၀၉-၅၀၇၉၄၇၁၊ ဦးသိန်းထွန်း ဖုန်း-၀၉-၅၀၄၀၅၀၀တို့ထံ ဆက်သွယ်ကုသိုလ်ယူနိုင်ပါသည်။

*ရွှေတောင်ခေါက်ဆွဲ၊ လက်ဖက်ရည်တို့ဖြင့် ဧည့်ခံကျွေးမွေးပါမည်။

အမှုဆောင်အဖွဲ့၊ ရန်ကုန်မြို့

ကျီးသဲအသင်း(ရန်ကုန်)၏ဖိတ်ကြားလွှာ

ရန်ကုန်မြို့ရောက် ကျီးသဲသူ/သားမိသားစုများသို့ ဖိတ်ကြားပါသည်။ ပြည်ခရိုင်၊ ကျီးသဲမြို့၊ ဝေဠုဝန်ဆရာတော် ဦးသံဝရအား အမှူးထားပူဇော်လျက် ဝါဆိုသင်္ကန်း စုစုပေါင်းကပ်လှူပွဲ၊ သက်ကြီးဂုဏ်ကြီး ကန်တော့ပွဲ၊ ပညာချွန်ဆုပေးပွဲများ ကျင်းပရန် ၁၆-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ ကိုးထပ်ကြီးဘုရားရှေ့၊ ဇမ္ဗူထိန်လင်းကျောင်းတိုက်သို့ နံနက် ၈:၀၀နာရီမှ ၁၁:၀၀နာရီအမီ မပျက်မကွက်ညီညာဖြဖြ ပျော်ပျော်ရွှင်ရွှင်ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(ကိုအောင်မိုး၊ ရွှေတောင်ခေါက်ဆွဲဖြင့် ကျွေးမွေးဧည့်ခံပါမည်။)

အလုပ်အမှုဆောင်အဖွဲ့
ဖုန်း-၀၉-၂၅၀၂၈၀၀၅၃၊ ၀၉-၄၃၁၃၁၁၂၆

ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီး အထက(ခွဲ) န၀မတန်းမှ မညီညီမာ၏ ဖခင်အမည်မှန်မှာ ဦးမင်းကိုဦး ၅/တဆန(နိုင်)၀၉၄၀၆၅ ဖြစ်ပါသည်။ **ဦးမင်းကိုဦး**

ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီး အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မအေးသန္တာမြင့်၏ ဖခင်အမည်မှန်မှာ ဦးတင်မြင့် ၅/တဆန(နိုင်)၀၁၂၉၂၆ ဖြစ်ပါသည်။ **ဦးတင်မြင့်**

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း အ၄၅မအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားလွှာ

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၏ အ၄၅မအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ တရားတော်နာကြွရောက်ပါရန် အသင်းဝင်များနှင့် ဝန်ထမ်းများအား လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၆-၇-၂၀၁၇ ရက် ၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၈ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀:၀၀နာရီမှ မွန်းတည့် ၁၂:၀၀နာရီအထိ
ကျင်းပမည့်နေရာ - ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်းတိုက်၊ ၈ မိုင်ခွဲ၊ ပြည်လမ်း၊ ဆည်မြောင်းဝင်း၊ အမှတ်(၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်

(တစ်ဦးချင်းသီးခြားဖိတ်စာမပို့ပါ)

အမှုဆောင်အဖွဲ့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/5566 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

OPEN SOCIETY FOUNDATIONS

Scholarship Opportunity

The Open Society Foundations (OSF) is a global philanthropic foundation committed to the global struggle for open society and responding quickly to the challenges and opportunities of the future. We are now established in Myanmar as a registered national foundation named Open Society Myanmar (OSM), working on the advancement of education, health, civil society and community development, human rights and promotion of harmony equality and diversity, youth and women, as well as for prevention or relief of poverty.

The Open Society Foundations (OSF) is delighted to announce fully-funded scholarship opportunities for eligible Myanmar citizens under the 2018 Civil Society Leadership Awards (CSLA) program. This program provides scholarships for master's degree study at universities in the U.S, the U.K, EU and Hong Kong, to individuals who clearly demonstrate academic and professional excellence and a deep commitment to leading positive social change in their communities.

CSLA grantees will receive financial and administrative support for the following: Pre-academic preparation via summer schools; Program-related travel; Tuition and mandatory university fees; Monthly stipend for room, board, and other living expenses; Accident and sickness insurance during the program; Funds for educational materials and professional development; Attendance at a regional Scholarship Programs conference; and Accommodations during the application process and the duration of the grant for applicants with disabilities.

Eligibility

Interested applicants must meet the following criteria:

- Be a citizen of Myanmar
- Demonstrate maturity, flexibility and civil society leadership potential;
- Have a bachelor's degree awarded before July 15, 2017and an excellent academic record;
- Demonstrate professional experience in a relevant area;
- Demonstrate proficiency in the language of instruction (English, German or French) at a level required for admission by host universities;
- Be able to participate in an intensive pre-academic summer school in July or August 2018 and start their degree program in August or September 2018;
- Be able to receive and maintain a visa or study permit as required by the host country; and
- Demonstrate a clear commitment to return to their home country or region to continue supporting open society development.

Supported fields of study

* Communications, Journalism & Media
* Development Studies
* Education Management & Leadership
* Gender Studies
* Law (including Human Rights law)
* Public Health Policy & Health Management
* Social Work & Social Policy
* Culture, History & Society
* Economics
* Environment & Natural Resource
* Human Rights
* Politics & International Studies
* Public Policy & Administration

For details of the scholarship, including application instructions, please visit https://www.opensocietyfoundations.org/grants/civil-society-leadership-award-20160708

The deadline for application is 15 July 2017.

ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီး အထက(ခွဲ) အဋ္ဌမတန်း(B)မှ မဖူးပွင့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးမြဇော်သန်း ၁/မညန(နိုင်)၀၉၈၄၆၂ ဖြစ်ပါသည်။ **ဦးမြဇော်သန်း**

ဖခင်အမည်မှန်

ထားဝယ်မြို့နယ်၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်းမှ မဆုမြတ်ရတနာ၏ ဖခင်အမည်မှန်မှာ ဦးစုစုကန်း ၆/သရခ(နိုင်)၀၄၅၁၅၆ ဖြစ်ပါကြောင်း။ **ဦးစုစုကန်း**

မိဘအမည်မှန်နှင့်အမည်ပြောင်း

ထားဝယ်မြို့၊ အထက(၃)ထားဝယ်၊ နဝမတန်း(A)မှ မောင်ကျော်ကျော်သူရ၏ မိဘအမည်မှန်မှာ ဦးညဏ်အေး ၆/ထဝန(နိုင်)၁၂၅၃၇၇နှင့် ဒေါ်သက်သက်စု ၆/ထဝန(နိုင်)၀၉၉၈၉၇ဖြစ်ပါကြောင်းနှင့် ဦးညဏ်အေးနှင့် ဒေါ်သက်သက်စုတို့၏သား မောင်ကျော်ကျော်သူရအား မောင်ကျော်ကျော်မင်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဦးညဏ်အေး၊ ဒေါ်သက်သက်စု
မောင်ကျော်ကျော်မင်းခန့်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/7569 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် EE/3387 Honda Fit GD1 S/W(4x2)R ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးခေါဘောမ် ၁/ဝမန(နိုင်)၀၅၅၁၈၄၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၁၄၃၆၁၄**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ အိမ်အမှတ် (၁)၊ ရှမ်းစုတောင်ရပ်ကွက်နေ ဦးမဟင်ဒါဆင်း ၁/မကန (နိုင်)၀၇၄၅၈၃နှင့် ဒေါ်ခင်နွဲ့ ၁/မကန(နိုင်)၀၁၇၈၁၀တို့၏သား မောင်ဝင်းဗိုလ် ၁/မကန(နိုင်) ၁၄၀၂၂၃ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပြီး ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 8C/4634 Hin Thar Truck ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နှင်းနှင်းအေး ၈/မကန(နိုင်)၁၆၇၆၈၂မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းရုံး (မကွေး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၄၅၀၆ Ama Aung Myanmar Asia L-T, PU(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအဲကွမ်း ၁၃/သပန(နိုင်)၀၃၆၅၂၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး၊ကျောက်မဲမြို့**

အမည်မှန်

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၊ အထက (၁)မှ နဝမတန်းအောင်မြင်ခဲ့သော (ဘ) ဦးမိုဟာမက်အလီ(ခ)ဦးဇော်ဇော်အောင်၏သား မောင်သက်နောင်ဦး၏ အမည်မှန်မှာ မောင်အောင်ကျော်ကျော် ဖြစ်ပါကြောင်း။ **မောင်အောင်ကျော်ကျော်**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အိုင်းစတိုင်း ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မောင်လားထန်ကီးမာ၏ ဖခင်အမည်မှန်မှာ ဦးခေါလျံဟုန်း ၅/ကလထ(နိုင်)၀၂၂၂၀၃ ဖြစ်ပါကြောင်း။ **ဦးခေါလျံဟုန်း**

ပျောက်ဆုံးကြောင်းကြော်ငြာ

